


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# ဝေဿန္တရာကိုဗောဓိ

- ဆံပင်ညှပ်သည့်ပဲဖြစ်စေ
စားသောက်ကုန်ရောင်းသည့်ပဲဖြစ်စေ
သင့်ဆိုင်သို့ ရောက်လာသူ၏
ကျေနပ်သောအပြုံးသည်
သူထံမှရသောငွေကြေးထက်
ပိုပြီး တန်ဖိုးရှိပါသည်။

- မိန်းကလေးတစ်ယောက်က
သင့်အချစ်ကို ငြင်းပယ်လျှင်
သူမှာနိုင်လုံတော့ အကြောင်းတစ်ခု
ရှိပေလိမ့်မည်။ ထိုအချက်ကို မလေ့လာဘဲ
သူ့ကို အပြစ်တင်မစောပါနှင့်...

- ယခုအခါ ခေတ်မီတိုးတက်သည်ဆိုပြီး
အချစ်ကိုတန်ဖိုးမထားတော့ပေ။
ထိုသို့တန်ဖိုးမထားခြင်းကပင်
တစ်ချိန်ကျလျှင် မိမိအား
ပြန်လည်ဒုက္ခပေးမည့်အရာပင်ဖြစ်၏။

# ဝေဿန္တရာကိုဗောဓိ

- ပင်လယ်ပြင် ငြိမ်သက်နေတာ
ကောင်းပါသည်။
ပန်းရနံ့များ မွှေးကြိုင်နေခြင်းက
ပိုကောင်းပါသည်။
အချစ်ဆိုသောအရာဖြင့် လုပနေခြင်းက
အရာအားလုံးထက် ပိုကောင်းလှပါသည်။

- အခြားလူများကို အကျိုးပြုသော
အသက်ရှင်နေထိုင်မှုသည်
အချိန်တိုကန်သော်လည်း အကျိုးရှိသော
ဘဝနေထိုင်မှုတစ်ခုဖြစ်သည်။

- အခွင့်အလမ်းဆိုသည်မှာ
ပိတ်ထားသော တံခါးတစ်ချပ်နှင့်တူပါသည်။
အပြင်ဘက်သို့ ပွင့်လာစေနိုင်သလို
အတွင်းဘက်သို့လည်း
ပွင့်သွားစေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာ့လက်ဆောင်

➤ လိုချင်သောအရာတစ်ခုကို
ရအောင်ကြိုးစားနေသူအတွက်
မလိုချင်သောအရာများရလာမည်ကို
စိုးရိမ်ကြောင့်ကြနေရလိမ့်မည် မဟုတ်ပေ။

➤ ဆက်ဆံရေးကောင်းမွန်သူအတွက်
မိတ်ဆွေများသလို
မိတ်ဆွေပေါင်းများသူအတွက်လည်း
အခွင့်အရေးကောင်းများမှာတို့
ရလာနိုင်ပေသည်။

➤ ကောင်းကျိုးမြင်နိုင်သောစိတ်ကို
အကျိုးတကာလိုက်ရှာဖွေသော်လည်း
တွေ့နိုင်ရန် ခဲယဉ်းတတ်သည်။
မကောင်းမှုပြုသောစိတ်များကတော့
ရှာစရာမလိုဘဲ အလစ်ဝင်ရောက်လာရန်
စောင့်ဆိုင်းနေတတ်ပေ၏။

# စေတနာ့လက်ဆောင်

➤ မိမိမှာ အပြစ်မရှိကြောင်း
များများပြောနေပြီဆိုလျှင်တော့
ထိုသူမှာ ဖုံးကွယ်စရာ
အပြစ်တစ်စုံတစ်ခု
ရှိနေတတ်ပါသည်။

➤ မည်သည့်အလုပ်မဆို
မိမိရသောလစာဖြင့်
လုပ်ငန်းကို တန်ဖိုးချင်းမညှိသင့်ပါပေ။
တစ်နေ့ကျလျှင်
လုပ်ငန်းအတွေ့အကြုံများက
ထိုလစာထက်တန်ဖိုးပိုမြင့်လာပါလိမ့်မည်။

➤ ရည်မှန်းချက်တစ်ခုသည်
ပြိုင်ဘက်များအား ဦးစားမပေးသင့်သလို
အချစ်ကို ရအောင်ယူရာမှာလည်း
ပြိုင်ဘက်များကို ဦးစားမပေးသင့်ပါပေ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

စာရေးသူတစ်ယောက်အနေဖြင့် သာမန်ဝတ္ထုမျိုးရေးသည့်အခါ အပန်းမကြီးသော်လည်း သမိုင်းအထောက်အထားများပါသော ဝတ္ထုမျိုးရေးရသည့်အခါ များစွာတာဝန်ကြီးပါသည်။ သမိုင်းအချက်အလက်များမမှားယွင်းစေရန် သက်ဆိုင်ရာ စာအုပ်စာတမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးရသည်။ ထို့အတွက် စာဖတ်သူအတွက် တစ်စုံတစ်ခုရရသည်ဆိုလျှင် အပင်ပန်းခံရကျိုးနပ်ပေပြီ။

ယခု ရေးသားသော "ပဒ္ဒမြားသပိတ်တော်" ဝတ္ထုမှာ ကျွန်တော်မွေးလရောက်သည့် အထိမ်းအမှတ်အဖြစ် ရေးသားသော ဘာသာရေးနှင့်ဆိုင်သည့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုမျိုးဖြစ်ပါသည်။

ထိုကဲ့သို့ ရေးဖြစ်သည့်အတွက် ကျေနပ်ခဲ့ရပေသည်။

၎င်းဝတ္ထုတစ်အုပ်အတွက် အကိုးအကားပြုရသော စာအုပ်စာတမ်း များမှာ..........

(၁) မဟာခရီးသည် (ပါရဂူ)
(၂) ကိုးတိုင်းကိုးဌာန (ဦးသော်ဇင်)
(၃) ဖာဟီရန်ခရီးစဉ် (အရှင်ဝိလာသ)
(၄) သာသနာ့ခရီးသည် (ဦးစိန်တင်)
(၅) ဗုဒ္ဓသပိတ်တော် (မောင်စိုးအောင်(သာဂရ))
(၆) လောကနန္ဒာဘုရားသမိုင်း(မင်းဘူးအောင်ကြိုင်)

စသော စာအုပ်စာတမ်းများဖြစ်ပါသည်။

ကျွန်တော့်စာဖတ်ပရိတ်သတ်များ ဗဟုသုတ တစ်စုံတစ်ရာ ရရှိနိုင်ကြပါစေ။

စာဖတ်သူများ၏ မေတ္တာရိပ်အောက်မှ.....

(ကြီးစတ္တ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) မဟာခရီးသည်များ

အခန်း(၂) ဗုဒ္ဓ၏အရိပ်တော်ကိုဖူးတွေ့ခွင့်ရသူများ

အခန်း(၃) ကိုင်းညွတ်ကျလာသော ဗုဒ္ဓရုပ်ပွားတော်

အခန်း(၄) မြန်မာနိုင်ငံမှ မဟာခရီးသည်

အခန်း(၅) ပတ္တမြားသပိတ်တစ်လုံးစာရပြီး ကယ်ပါရွာရောက်ရသူ

အခန်း(၆) ပတ္တမြားဝှက်ထားသော ရုက္ခစိုး

အခန်း(၇) ဦးမင်းဟန်နှင့် ပတ္တမြားသပိတ်သဲလွန်စ

အခန်း(၈) လောကနန္ဒာမှ ပန်းသည်မလေးမြသင်းကြူ

အခန်း(၉) ကချေသည်မဘာရတီသို့မဟုတ် အမှောင်ထဲမှ ဧည့်သည်

အခန်း(၁၀) ပလ္လင်မော်ဝမှ အော်သံ

အခန်း(၁၁) မင်္ဂလာတရားတော်မှာ အဖြေရှာ

အခန်း(၁၂) ကွယ်ပျောက်သွားသော ရွှေညောင်ပင်

အခန်း(၁၃) ဖိုးခင်နှင့်မမြင်ရသော လက်မည်းကြီးများ

အခန်း(၁၄) ရုက္ခဆိုးဘဝရောက်နေသောသူ

အခန်း(၁၅) ပလ္လင်မော်သိုက်အတွင်းမှ ပတ္တမြားသပိတ်တော်

အခန်း(၁၆) ပျောက်ကွယ်သွားသော ရတနာများ

အခန်း(၁၇) ပရလောကသားတို့ လှည့်စားမှုများ

အခန်း(၁၈) ပတ္တမြားသပိတ်စေတီတော်




# အခန်း (၁)

# မဟာခရီးသည်များ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခဲ့သည်မှာ နှစ်ပေါင်း(၂၅၀၀) ကျော်ခဲ့ပြီဖြစ်၏။ မြတ်စွာဘုရား မရှိတော့သည့် နောက်ပိုင်းမှာတော့ သာသနာတော် ထွန်းကားခဲ့သော အချို့နေရာများမှာ မသမာသူများက နှောင့်ယှက်ဖျက်ဆီးကြသဖြင့် မှေးမှိန်ညှိုးနွမ်းခဲ့ရလေသည်။ အချို့နေရာများမှာ လုံးဝကွယ်ပျောက်ခဲ့ကြရသည်။

မြတ်စွာဘုရားရှိစဉ်က လူသတ္တဝါအပေါင်းတို့အား...



www.burmeseclassic.com

www.burmeseclassic.com

ဒေသနာ ဟောကြားပြသခဲ့သည်မှာ (၄၅)နှစ်၊ လေးဆယ့်ငါးဝါတိုင် အောင်ပင် ဖြစ်သည်။

ထိုအချိန်က မြတ်စွာဘုရားပွင့်တော်မူသော မဇ္ဈိမဒေသကို ဗဟိုရ်ပြုပြီး ဗုဒ္ဓသာသနာတော် ပြန့်နှံ့ထွန်းကားခဲ့လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ခဲ့ပြီးနောက်ပိုင်းမှာတော့ မိစ္ဆာအယူဝါဒရှိသူတို့ ဖျက်ဆီးနှောင့်ယှက်ကြသဖြင့် အချို့နေရာများမှာ ပျက်စီးခဲ့ရသည်။

နောက်ပိုင်းမှာတော့ ဗုဒ္ဓ၏ တပည့်ရဟန်းသံဃာများထဲမှ မိမိအကျိုးကို မကြည့်ဘဲ ဓမ္မအကျိုးကိုသာကြည့်တတ်သော သူတော်စင်ရဟန်းတော်သို့သည် မြတ်စွာဘုရားထားရစ်ခဲ့သော သာသနာတော်ကို ပြန့်ပွားအောင် ဆောင်ရွက်ကြလေသည်။

မြင့်မြတ်သော ရဟန်းတော်တို့က အများအကျိုးအတွက် ဆောင်ရွက်ရန်အတွက် အရပ်တစ်ပါးသို့ ခရီးသွားလာရခြင်းကို မြင့်မြတ်သော အလုပ်ဖြစ်သည်ဟု ယူဆကြလေသည်။

သာသနာပြုလုပ်ငန်းဟုဆိုရာမှာ ကောင်းမှုပြုလုပ်သည် ဖြစ်သော်လည်း နေရာတကာတိုင်းတော့ အဆင်ပြေချောမွေ့နိုင်ခြင်း မရှိပေ။

ဖြတ်သန်းရာလမ်းတစ်လျှောက်တွင် အတားအဆီးအခက်အခဲအမျိုးမျိုးတို့နှင့် ကြုံတွေ့ရသည်။ ဆင်းရဲပင်ပန်းမှုများနှင့်လည်း ကြုံတွေ့ရသည်။ ဘေးအန္တရာယ်တို့နှင့်လည်း ရင်ဆိုင်ရသည်။ အချို့ အသက်ပင်စတေးကြရသော ပုဂ္ဂိုလ်တို့ရှိကြသည်။

မည်သို့ပင်ရှိစေ၊ မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ အဓိကရည်





ရွယ်ချက်မှာ ဗုဒ္ဓသာသနာတော်နှင့် တရားဓမ္မထွန်းကားပြန့်ပွားရေးသာလျှင် ဖြစ်ကြပေသည်။

မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီး ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦးဟောရန် မိဂဒါဝန်သို့ ကြွတော်မူသည်။ မိဂဒါဝန်၌ ပထမဝါကပ်တော်မူစဉ် သံဃာအဖြစ် ရောက်ရှိလာသူတို့ ရှိကြလေသည်။

ထိုအထဲမှ တပည့်သံဃာခြောက်ကျိပ် (ခြောက်ဆယ်) တို့ကိုခေါ်ပြီး အရေးကြီးသော ဆုံးမစကားကို မိန့်တော်မူလေသည်။ ယင်းဆုံးမစကားမှာ. . . .

"စရထ ဘိက္ခဝေ စာရိကံ"

"ရဟန်းတို့ ခရီးလှည့်လည်ကြကုန်လော့"

ဟူသော ဆုံးမစကားပင်ဖြစ်သည်။

ရဟန်းတို့သည် ဗုဒ္ဓဆုံးမစကားအတိုင်း လူသတ္တဝါတို့၏ အကျိုးအတွက် အရပ်လေးမျက်နှာသို့ ခရီးထွက်ကြသည်။

ရောက်လေရာအရပ်တွင် လူအများ၏ ကောင်းကျိုးရရှိစေရန် ဆောင်ရွက်ပေးကြသည်။

မြတ်စွာဘုရားကိုယ်တော်တိုင်လည်း ၎င်းဆုံးမခဲ့သော စကားအတိုင်း ပြုမူဆောင်ရွက်ခဲ့သည်။

လေးဆယ့်ငါးနှစ်အတွင်း ဝါတွင်းသုံးလမှအပ အခြားကာလများတွင် အရပ်ဒေသအသီးသီးသို့ လှည့်လည်ပြီး ရောက်ရာအရပ်တွင် လူသတ္တဝါအပေါင်းတို့အား တရားဓမ္မဟောကြားပြသခဲ့သည်မှာ ပရိနိဗ္ဗာန်စံဝင်သည့် အချိန်တိုင်အောင်ပင် ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက်မှာလည်း အရပ်တစ်ပါးသို့ သာသနာပြုရန်သွားကြသော သာသနာပြုရဟန်းတော်တို့ ပေါ်ပေါက်ခဲ့သည်။

အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် တတိယသံဂါယနာတင်ပြီးသောအခါ ပါဋလိပုတ်ပြည်မှ တစ်ပါးသော အခြားအရပ်ဒေသများ၌လည်း ဗုဒ္ဓသာသနာ ပြန့်ပွားစေရန်အတွက် သာသနာပြုအဖွဲ့များကို ဖွဲ့စည်းစေလွှတ်၏။

ကိုးတိုင်းကိုးဌာန ရွေးချယ်သတ်မှတ်ပြီး အဖွဲ့ကိုးဖွဲ့ကို စေလွှတ်ခြင်းဖြစ်၏။

ယင်းသည်ပင် ကိုးတိုင်းကိုးဌာန သာသနာပြုအဖွဲ့ဟူ၍ ထင်ရှား၏။

➤ ၁။ အရှင်မဇ္ဈန္တိက ခေါင်းဆောင်သောအဖွဲ့ကို ကသ္မီရဂန္ဓာရတိုင်းသို့ စေလွှတ်၏။ ကသ္မီရနှင့်ဂန္ဓာရမှာ ဆက်စပ်နေ၍ ပူးတွဲပေးလိုက်ခြင်းဖြစ်၏။

ကသ္မီရတိုင်းမှာ ဟိမဝန္တာတောင်၏ အနောက်မြောက်စွန်း၊ ပန်ဂျပ်နယ်၏ အရှေ့မြောက်စွန်းနှင့် စပ်လျက်တည်ရှိ၏။ တစ်ပြည်လုံးမှာ တောင်အတိပြီး၏။

မြောက်ဘက်၌ တရုတ်ပြည်၊ တုရကီဆတာန် ရှိ၏။ တောင်ဘက်၌ ပန်ဂျပ်ပြည် ရှိ၏။ အရှေ့ဘက်၌တိဗက်ပြည် ရှိ၏။ ဟိမဝန္တာတောင်နယ်ဖြစ်ခြင်းကြောင့် ဆီးနှင်းခဲ၏။





ရှေးမြို့တော်၏အမည်မှာ သီရိနဂရဖြစ်၍ ယခုအခါ ဆရင်နဂါဟု ခေါ်ကြ၏။

ပန်ဂျပ်နယ်၏ မြောက်ဖက်ပက်ရှဝါနှင့်ရာဝါပန္ဒီနယ်တို့သည် ဂန္ဓာရတိုင်းဖြစ်၏။

➤ ၂။ အရှင်မဟာဒေဝ ခေါင်းဆောင်သောအဖွဲ့ကို မဟိံသကတိုင်းသို့ စေလွှတ်၏။ မဟိံသကတိုင်းဟူသည် အိန္ဒိယတောင်ပိုင်း မိုက်ဆိုးနယ်ပင်ဖြစ်၏။

မဟိံကို မဟိဆို = မိုက်ဆို ဟုခေါ်ကြခြင်းပင်ဖြစ်၏။ မဟိံသကတိုင်း၏ ရှေးမြို့တော်မှာ သာကလဖြစ်၏။ ယခုမြို့မှာ ချိတယ်ဒရုဂဖြစ်၏။

➤ ၃။ အရှင်ရက္ခိတ ခေါင်းဆောင်သောအဖွဲ့ကို ဝနဝါသီတိုင်းသို့စေလွှတ်၏။ ယင်းတိုင်းသည် ဘုံဘေနယ်တောင်ပိုင်းအစွန်း ကာဏာရာဒိစတြိတ်စီရင်စု နယ်ပယ်များ၌တည်ရှိ၏။ ရှေးမြို့တော်ဟောင်းမှာ ကာဏာရာဖြစ်၏။ ယခုမြို့တော်အမည်မှာ အန္နဂုန္ဒိ ဖြစ်၏။

➤ ၄။ အရှင်ယောနက ဓမ္မရက္ခိတ ခေါင်းဆောင်သောအဖွဲ့ကို အပရန္တတိုင်းသို့ စေလွှတ်၏။ ယင်းတိုင်းကို သုနာပရန္တတိုင်းဟုလည်းခေါ်ကြ၏။ ရှေးအခါက မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းမှာပင် အပရန္တတိုင်းနှင့် သုနာပရန္တတိုင်းကို ခွဲခြားသတ်မှတ်ခဲ့ကြသည်။

စင်စစ်ယင်းတိုင်းသည် အိန္ဒိယပြည် နမ္မဒါမြစ်နှင့် မ[illegible] ယာဠ်တောင်အတွင်း ဘုံဘိုင်မြို့မြောက်ဘက် ထာနာစီရင်စုနှင့်



www.burmeseclassic.com

www.burmeseclassic.com



စုရုတ်စီရင်စုနယ်များ၌ တည်ရှိ၏။ ရှေးကမြို့တော်ဟောင်းအမည်မှာ သုပ္ပါရကဖြစ်၍ ယခုအခါ ဆိုပါရ်ဟုခေါ်ကြ၏။

➤ ၅။ အရှင်မဟာဓမ္မရက္ခိတ ခေါင်းဆောင်သောအဖွဲ့ကို မဟာရဋ္ဌတိုင်းသို့ စေလွှတ်၏။ ယင်းတိုင်းသည်လည်း ဘုံဘိုင်မြို့ အလယ်ပိုင်းကလျာဏမြို့ ကာလယံထာနာမြောက်ဘက် စီရင်စုများ၌တည်ရှိ၏။ ရှေးကမြို့တော်ဟောင်းအမည်မှာ သုပ္ပါရကဖြစ်၍ ယခုအခါ ဆိုပါရ်ဟုခေါ်ကြ၏။

➤ ၆။ အရှင်မဟာရက္ခိတ ခေါင်းဆောင်သောအဖွဲ့ကို ယောနကတိုင်းသို့ စေလွှတ်၏။ ယင်းတိုင်းသည် ပန်ဂျပ်နှင့်အိန္ဒုမြစ်၏ အနောက်၌ တည်ရှိ၏။ ယခုအခါ ပါကစ္စတန်နယ်တွင် ပါဝင်၏။ ရှေးကမြို့တော်မှာ သာကလဖြစ်၏။

ယောနက ဟူသည်မှာ ယဝန သို့မဟုတ် တူရကီဖြစ်၏ ရွှေပြည်ဝန်ကြီးကလည်း မဟာသူဇာ တကကျမ်း၌ ယဝနကို တူရကီဟု ပြန်ဆိုသည်။

➤ ၇။ အရှင်မဇ္ဈိမ ခေါင်းဆောင်သောအဖွဲ့ကို ဟိမဝန္တာအရပ်သို့ စေလွှတ်၏။ ယင်းအရပ်သည် ဟိမဝန္တာ၏မြောက်ဘက် အရှေ့ဘက်ရှိ ခိုတန်၊ ယရကန်၊ တိဗက်၊ ဘူတန် စသော တိုင်းပြည်များနှင့် တရုတ်ပြည်များဖြစ်မည်ဟု မှန်းဆကြ၏။

➤ ၈။ အရှင်သောဏနှင့် အရှင်ဥတ္တရ ခေါင်းဆောင်သောအဖွဲ့ကို သုဝဏ္ဏဘူမိသို့စေလွှတ်၏။

သုဝဏ္ဏဘူမိဟူသည်မှာ ပဲခူးနှင့်မော်လမြိုင်အကြားရှိ မြန်မာနိုင်ငံ အောက်ပိုင်းနယ်ပယ်ဖြစ်သည်ဟု အများကယူဆကြ





သည်။

နှောင်းပိုင်းလူတို့ကား အထောက်အထားအမျိုးမျိုးဖြင့် သုဝဏ္ဏဘူမိ အမျိုးမျိုးကို ညွှန်ပြကြ၏။

အချို့က အိန္ဒိယနိုင်ငံ ဘင်္ဂလားနယ်တွင်းမှာရှိသော ကဏ္ဏသုဝဏ္ဏအရပ်ကို ညွှန်ပြ၏။

အချို့ကလည်း အိန္ဒိယပြည် အလယ်ပိုင်းက ဆုန်းမြစ်၏ ပတ်ဝန်းကျင်အရပ်ဒေသကို တင်ပြ၍ အချို့ကလည်း စုမာတြာကျွန်းကို ထုတ်ဖော်ကြ၏။

➤ ၉။ အရှင်မဟိန္ဒ ခေါင်းဆောင်သော အဖွဲ့ကို သီဟိုဠ်ကျွန်းသို့ စေလွှတ်၏။ ယင်းကို သီဟဠ၊ တမ္ဗပဏ္ဏိ၊ လင်္ကာဒီပဟု ခေါ်ကြ၏။

ယခုအခါ သီရိလင်္ကာဟု ခေါ်ကြ၏။ မြို့တော်ဟောင်းအမည်တို့မှာ တမ္ဗပဏ္ဏိ၊ ဥပတိဿ၊ အနုရာဓ၊ သီဟဂိရိ၊ ပုဠတ္ထိတို့ဖြစ်၏။ ယခုအခါ ကောလံဗို (ကောလမ္ဗ)ဖြစ်၏။

ယင်းကျွန်းသည် အိန္ဒိယပြည်တောင်ဘက် စတုရန်းမိုင်ပေါင်း နှစ်သောင်းငါးထောင်ကျယ်၍ ဇမ္ဗူဒိပ်ကျွန်းကြီး၏ အရန်ဖြစ်၏။

(အထက်ပါ ဖော်ပြထားသော ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်သော အကြောင်းများကို အခြားကျွန်တော်ရေးသားခဲ့ပြီးသော စာအုပ်တစ်အုပ်၌လည်း ဖော်ပြပေးထားခဲ့ပြီးဖြစ်သော်လည်း ယခုဝတ္ထုနှင့်ဆက်စပ်မှုရှိနေသောကြောင့် ထပ်မံဖော်ပြပေးခြင်းသာဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပထမဝါကပ်ပြီး နောက် ဒုတိယဝါဆိုအရောက်မှာပင် ရဟန်းခြောက်ကျိပ်တို့အား နေရာအနှံ့သို့ သာသနာပြုစေလွှတ်ခဲ့ သည်။

နောက်ပိုင်းမှာလည်း တပည့်ရဟန်းတော်များအား ဗုဒ္ဓသာသနာမရောက်သေးသော နေရာများကို သာသနာပြုရန် စေလွှတ်ခဲ့သည်။

ထိုကဲ့သို့ ပြုလုပ်ရန်လည်း မှာကြားထားတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးသော နောက်ပိုင်းမှာကိုးတိုင်း ကိုးဌာနသို့ သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်၏။

နောက်ပိုင်းမှာလည်း အနယ်အရပ်ရပ်သို့ လှည့်လည်ပြီး သာသနာပြုသော ပုဂ္ဂိုလ်အချို့ ရှိခဲ့ကြလေသည်။ အများအားဖြင့်တော့ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုး ရဟန်းတော်တို့ များခဲ့ပေသည်။

တရုတ်ရဟန်းတော်များထဲတွင် နယ်လှည့်သာသနာပြုခဲ့သော ပုဂ္ဂိုလ်အဖြစ် ထင်ရှားသောပုဂ္ဂိုလ်မှာ တရုတ်ရဟန်းတော် ဆွမ်းဆင်းနှင့် ဖာဟီရန်တို့ဖြစ်သည်။

၎င်းတို့ နှစ်ဦးလှည့်လည်ခဲ့ကြသော ခရီးစဉ်မှာ ရှည်လျားလှသည်။ ခက်ထန်ကြမ်းတမ်းသည်။

အန္တရာယ်များသော ခရီးရှည်ကြီးများပင်ဖြစ်သည်။ ဖာဟီရန်က(၅) ရာစုနှစ်လောက်တွင် စတင်ခရီးထွက်ခဲ့ပြီး ဆွမ်းဆင်းကတော့ အေဒီ(၆၂၂)နောက်ပိုင်းမှ ခရီးထွက်ခဲ့လေသည်။





၎င်းတို့နောက်ပိုင်းမှာလည်း တရုတ်ရဟန်းတော်များထဲမှ ခရီးလှည့်လည်သာသနာပြုခဲ့ကြသော ရဟန်းတော်အချို့ရှိခဲ့ကြသည်။

(၇)ရာစုတွင် ခရီးလှည့်လည်ခဲ့သော တရုတ်ရဟန်းတော် ရွှင်ကျန်၊ (၇)ရာစုမှာပင် ခရီးလှည့်လည်ခဲ့သော တရုတ်ရဟန်းတော် ယိကျင်တို့မှာ ထင်ရှားခဲ့ကြသည်။

၎င်းတို့အပြင် ခရီးလှည့်လည်ခဲ့ကြသော အခြားရဟန်းတော်အမြောက်အများတို့လည်း ရှိကြပေသေးသည်။

ထို့အတူ အိန္ဒိယမှာလည်း မဟာခရီးသည်များအဖြစ် ထင်ရှားခဲ့သော ပုဂ္ဂိုလ်အများအပြားတို့ ရှိခဲ့ကြသည်။ တရုတ်ရဟန်းတော်ဖာဟီရန် မဟာခရီးရှည်ထွက်ခဲ့သော (၅)ရာစုနှစ်မှာပင် အိန္ဒိယမှလည်း မဟာခရီးသည်များ အများအပြား ပေါ်ထွက်ခဲ့ကြသည်။

(၅)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ကုမာရဇီဝ။

(၅)ရာစုနှစ်မှာပင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ဂုဏဝမ္မ။

(၅)ရာစုနှစ်မှာပင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ခမ္မခေမ။

(၅)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ပရမတ္ထ။

(၆)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နရိန္ဒရယသ။

(၇)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ပဘာကရမိတ္တ။

(၆)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ဗောဓိရုစိ။

(၆)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ဓမ္မဂုတ္တ။

(၈)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော သန္တရက္ခိတ။

(၁၁)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ဒီပင်္ကရသီရိဉာဏ။

(၂၀)ရာစုနှစ်တွင် အိန္ဒိယမှ မဟာခရီးရှည်ထွက်ခဲ့သော ရာဟုလာသံကိစ္စည်း။

(၁၂)ရာစုနှစ်တွင် မြန်မာပြည်မှ မဟာခရီးရှည်ထွက်ခဲ့သော ဆပ္ပဋတို့မှာ ထင်ရှားသော မဟာခရီးရှည်ထွက်ခဲ့ကြသော မဟာခရီးသည်များပင် ဖြစ်ကြလေသည်။

တရုတ်ရဟန်းတော် အိန္ဒိယမှ ရဟန်းပုဂ္ဂိုလ်၊ သူတော်စင်ပုဂ္ဂိုလ်တို့ အများအပြားထဲတွင် (၁၂)ရာစုတွင် မဟာခရီးရှည်ထွက်ခဲ့သော မြန်မာရဟန်းတော်တစ်ပါး ပါဝင်ခဲ့ရာ များစွာချီးကျူးဖွယ်ရာဖြစ်သည်။

တရုတ်ရဟန်းတော် ဖာဟီရန်မှာ ကိုးတိုင်းကိုးဌာနသော သနာပြုခဲ့ကြပြီးနောက်ပိုင်း အစောဆုံး မဟာခရီးရှည်ထွက်ခဲ့





သည်က တစ်ကြောင်း၊ ၄င်းရေးသားခဲ့သော ခရီးသွားမှတ်တမ်းများကြောင့် နောက်ပိုင်းလူများ အသိများလေသည်။

(၂၀)ရာစုမှာ အိန္ဒိယမှ မဟာခရီးရှည်လှည့်လည်ခဲ့သော ရာဟုလာသံကိစ္စည်းကတော့ ယခုခေတ်ကာလမှာပင် ပေါ်ပေါက်ခဲ့သောကြောင့် လူသိများခဲ့ခြင်းဖြစ်ပေသည်။


ထိုမဟာခရီးသည်များထဲတွင် မြန်မာနိုင်ငံသာသနာပြုပုဂ္ဂိုလ် ဆပ္ပဋမှာ မြန်မာနိုင်ငံသားများပင် သတိမထားမိသေးသော ပုဂ္ဂိုလ်ဖြစ်သည်။ ရှေ့အခန်းများကို ၄င်းနှင့်သက်ဆိုင်သောအကြောင်းများကို ဦးစားပေးရေးသားမည်ဖြစ်ပါသည်။

ထို့ပြင် . . . မဟာခရီးရှည်ထွက်ခဲ့ကြသော ပုဂ္ဂိုလ်တို့၏ ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းကြယ်သော အကြောင်းအရာအချို့ကိုလည်း စိတ်ဝင်စားဖွယ်ရာ ရေးသားတင်ပြပေးပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# ဗုဒ္ဓအရိပ်တော်ကို ဖူးတွေ့ခွင့်ရသူများ

ပထမဦးစွာ တရုတ်ရဟန်းတော် ဖာဟီရန် ကြုံတွေ့ခဲ့ရသော အခက်အခဲများနှင့် အန္တရာယ်များအကြောင်းကို ရေးသားတင်ပြပါမည်။ တရုတ်ရဟန်းတော် ဖာဟီရန် တရုတ်ပြည်ချန်ဂအန်မှ စတင်ခရီးထွက်ခဲ့သောအချိန်မှာ သာသနာတော်သက္ကရာဇ် (၉၃၄)ခု အေဒီ (၃၉၉)ခုနှစ်တွင် ဖြစ်သည်။ ထိုအချိန်က ရဟန်းတော်ဖာဟီရန် အသက်မှာ (၆၅)နှစ်အရွယ် ရှိချေပြီ။ ယခု အချိန်ဆိုလျှင်တော့ ဇရာပိုင်းအချိန်သို့ ရောက်နေသော အရွယ်



www.burmeseclassic.com

www.burmeseclassic.com



နှင်ပင်ရောက်နေချေပြီ။ ထိုအရွယ်မျိုးတွင် ဝေးလံသော ခရီးမျိုးကို ထွက်ဝံ့သော ဇွဲသတ္တိမျိုးကတော့ ချီးကျူးရမည်ဖြစ်သည်။ ရဟန်းတော်ဖာဟီရန်နှင့် လိုက်ပါသော အဖော်လေးယောက်ရှိသည်။ ဟွီချင်၊ တိုချင်၊ ဟွီယင်၊ ဟွီဝေ တို့လေးယောက်ဖြစ်သည်။ ၄င်းတို့ပထမအုပ်စုဖြစ်သည်။

နောက်တစ်စုကတော့ ချီယင်၊ ဟွီရှင်၊ ဆင်ရှို့၊ ပိုယွန်၊ ဆင်ချင်တို့ ငါးယောက်တို့ဖြစ်သည်။ ဖာဟီရန်သည် ၄င်းတို့နှင့်အတူ အဖော်ပြုပြီး ခရီးစတင်ထွက်ကြလေသည်။ ချန်ဂရန်မှ ခရီးစတင်ထွက်ကြရာမှ တောင်စဉ်တောင်တန်းများကို ဖြတ်ကျော်ရပြီး အန္တရာယ်များစွာတို့ကို ကျော်ဖြတ်ရလေသည်။ ထို့နောက် ဂိုဘီသဲကန္တာရကို ကျော်ဖြတ်ရခါနီးမှာတော့ ခရီးဖော်အချို့က လမ်းခွဲထွက်သွားကြလေသည်။

ဂိုဘီသဲကန္တာရအကြောင်းကို ရဟန်းတော် ဖာဟီရန်က မှတ်တမ်းတင်ခဲ့လေသည်။

သဲကန္တာရ နာနာဘာဝများစွာတို့ ရှိကြသည်။ သဲကန္တာရကိုကျော်ဖြတ်ရင်းနှင့် သေဆုံးသွားကြသူတို့၏ ဝိညာဉ်များ၊ မကောင်းသောမိစ္ဆာများစွာတို့ ရှိကြသည်။ ပူပြင်းသော လေပူတို့ရှိကြရာ ၄င်းတို့ကသဲကန္တာရကို ဖြတ်ကျော်သူတို့၏ အသက်ကိုချမ်းသာခွင့် မပေးကြပေ။

ဤဒေသတွင် ရေမရှိပေ။ သစ်ပင်မရှိပေ။ ကောင်းကင်၌ ကျေးငှက်မရှိပေ။ မြေပြင်၌ သားရဲတိရစ္ဆာန်မရှိကြပေ။ မျက်စိတဆုံး သဲကန္တာရပြင်ကြီးသာရှိပြီး လူသွားလမ်းလည်းမရှိပေ။





သဲကန္တာရအလယ်တွင် သဲများအောက်မှာ တစ်စွန်းတစ်စပေါ်နေသည့် လူအရိုးစုများသာရှိသည်။

ရဟန်းတော်ဖာဟီရန်သည် ဂိုဘီသဲကန္တာရကို ဖြတ်ကျော်ရာ ရက်အားဖြင့် (၁၇)ရက်၊ ခရီးအကွာအဝေး (၁၅၀၀)လိုတိုင်အောင် ကျော်ဖြတ်ခဲ့ကြရသည်။

ထို့နောက် မြို့ရွာအတော်များများကို ကျော်ဖြတ်ခဲ့ကြပြီး ကာရှ်ဂါရပြည်သို့ရောက်သွားခဲ့သည်။ ထိုမြို့သို့ ရောက်သောအခါ ခရီးသွားဖော်အချို့က ကျန်ခဲ့ကြပြန်လေသည်။

ကာရ်ဂါရ ပြည်နယ်အလယ်၌ ဘိုတာလာတောင်တန်းကြီးက ကာဆီးလျက်ရှိနေသည်။

ထိုတောင်တန်းပေါ်မှာ လူသူအရောက်အပေါက်နည်းရုံမကာ သူတို့တစ်သက်မှာ တစ်ခါမှ မမြင်ဖူးသေးသော သစ်ပင်များပင်ရှိနေသည်။ ထို့ပြင် ထိုတောင်တန်းပေါ်မှာ နွေရာသီ၊ ဆောင်းရာသီ နှစ်ခုစလုံးပင် နှင်းများဖုံးလွှမ်းလျက်ရှိသည်။ အဆိပ်ပြင်းသော မြွေနဂါးများလည်း ပေါလှသည်။ ထိုမြွေနဂါးများဒေါသထွက်ပြီး အဆိပ်ကို မှုတ်ထုတ်သောအခါ တစ်သောင်းတွင်တစ်ယောက် အသက်ရှင်ရန် ခဲယဉ်းသည်။ ထိုဒေသမှာနေထိုင်ကြသူများကို နှင်းတောင်လူများဟု ခေါ်ဝေါ်ကြသည်။

ရဟန်းတော်ဖာဟီရန်သည် ထိုတောင်တန်းပေါ်မှာ (၁၅)ရက်ကြာအောင် ခရီးသွားခဲ့ရသည်။ ထိုခရီးလမ်းသည် များစွာခက်ထန်ကြမ်းတမ်းလှသည်။ အန္တရာယ်အမျိုးမျိုးနှင့်ရင်ဆိုင်ရသည်။ ထိုခရီးစဉ်အကြောင်းကို မှတ်တမ်းတင်ထားပုံမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



ဘိုတာလာတောင်တန်းကြီးသည် အန္တရာယ်များတို့ဖြင့် ပြည့်နေသည်။ အန္တရာယ်များလှသည့် ချောက်ကမ်းပါး (ကမ္ဘား) ကြီးများရှိသည်။

ထိုကျောက်တောင်ကြီးများ နံဘေးတွင် ပေတစ်သောင်း အမြင့်ရှိပြီး ကျောက်နံရံကြီး တစ်ခုကဲ့သို့ မတ်စောက်နေသည်။

အောက်ဘက်သို့ ငုံ့ကြည့်လိုက်လျှင် မျက်စိများ ပြာဝေ မူးနောက်သွားသည်။

ရှေ့လှမ်းမည်ဆိုလျှင်လည်း ခြေချစရာနေရာ မတွေ့ ပေ။ အောက်ဘက်တွင် အိန္ဒု (Indus) မြစ်စီးဆင်းနေသည်။ ရှေးကသွားလာခဲ့သော လူများသည် ကျောက်တောင်ကြီး၏ နံဘေး၌ လှေကားထစ်များသဖွယ် ထွင်းထုပြီး ကျောက်လှေကား ကြီးသဖွယ် ဖန်ဆင်းပြုလုပ်ထားသည်။ ကျောက်လှေကားထစ် ပေါင်း (၇၀၀) ရှိသည်။

တောင်တန်းပေါ်မှ ကျော်လှေကားထစ်ဖြင့် အောက်သို့ ဆင်းကြရသည်။

အောက်သို့ရောက်သောအခါ မြစ်ကို ကြိုးတံတားဖြင့် ဖြတ်ကူးရသေးသည်။ မြစ်၏ အကျယ်အဝန်းမှာ ခြေလှမ်းရှစ် ဆယ်ခန့် ကျယ်ဝန်းလေသည်။ အိန္ဒုမြစ်ကို ဖြတ်ကျော်ပြီးလျှင် အိန္ဒိယမြောက်ပိုင်းသေတွင်ရှိသည့် ဥဒျာနတိုင်းပြည်သို့ရောက် သည်။

ထိုမြို့ရောက်သောအခါ ခရီးသွားဖော်တို့မှာ အကြောင်း အမျိုးမျိုးဖြင့် လမ်းခွဲသွားကြရာ ဖာဟီရန်တစ်ဦးတည်းက ကျန်





ရစ်ခဲ့တော့သည်။

တရုတ်ပြည်သို့ ပြန်လှည့်သူက ပြန်လှည့်၊ နဂရဟာရသို့ သွားနှင့်သူက သွားကြသည်။

သေဆုံးသူကသေဆုံးပြီး နာမကျန်းဖြစ်နေသူက ဖြစ်နေ သည်။ အချို့က မကျန်းမမာဖြစ်နေသူကို ပြုစုရင်း ကျန်နေခဲ့ကြ သဖြင့် ရှေ့ခရီးမှာတော့ ဖာဟီရန်တစ်ဦးတည်းသာ ခရီးဆက်ခဲ့ရ လေသည်။

နာဂရဟာရမြို့သည် မြတ်စွာဘုရားအလောင်းတော် ဒီ ပင်္ကရာမြတ်စွာဘုရားကို ကြာငါးခိုင်လှူခဲ့သော နေရာလည်း ဖြစ် သည်။ ထိုမြို၌ ဗုဒ္ဓ၏ သွားတော်၊ တောင်ဝှေးတော်၊ သင်္ကန်းတော် တို့ကို ဌာပနာပြီး တည်ထားသော စေတီများလည်းရှိသည်။

မြို့၏ အနောက်တောင်ဘက် ဂူတစ်ဂူထဲမှာ ဗုဒ္ဓ၏ အ ရိပ်တော်ရှိသည်။ ဗုဒ္ဓအရိပ်တော်နှင့်ပတ်သက်၍ ဖာဟီရန်က ဤသို့ မှတ်တမ်းရေးသားခဲ့သည်။

တိုင်းပြည်အသီးသီးမှ ဘုရင်ပေါင်းများစွာတို့သည် ပန်း ချီအနုပညာရှင် အကျော်အမော်များကို စေလွှတ်ပြီး ဗုဒ္ဓ၏ အရိပ် တော်ကို ပုံတူကူးဆွဲခိုင်းကြသည်။ သို့သော် မည်သူမှ တူအောင် ကူးမဆွဲနိုင်ကြပေ။

(ထိုဗုဒ္ဓအရိပ်တော်ကို တရုတ်ရဟန်းတော်ဆွမ်ဆင်း လည်း ဖူးတွေ့ခဲ့ရသည်။ ၄င်းမြင်တွေ့ခဲ့ရပုံအကျယ်ကို ဆွမ်ဆင်း နှင့်ပတ်သက်သည့် အခန်းရေးသောအခါ ထည့်သွင်းရေးသားပါ မည်။)



www.burmeseclassic.com

www.burmeseclassic.com

တရုတ်ရဟန်းတော် ဖာဟီရန်မှာ(၁၅)နှစ်ခန့်ကြာအောင် နေရာအတော်များများသို့ လှည့်လည်ပြီး သာသနာရေးကိစ္စများ ပြုလုပ်ပြီး သီဟိုဠ်ကျွန်းမှ တရုတ်ပြည်သို့ ပြန်သောခရီးမှာလည်း ပင်လယ်ရေကြောင်းခရီးတွင် မုန်တိုင်းမိခြင်းအစရှိသော ဘေးအန္တရာယ်များနှင့် တွေ့ရသော်လည်း ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်ကြောင့် အသက်ဘေးမှလွတ်မြောက်ကာ တရုတ်ပြည်သို့ပြန်ရောက်ကာ အသက်(၈၆)နှစ်အရွယ်ရောက်မှ ပျံလွန်တော်မူခဲ့လေသည်။

နောက်ထပ်ရေးသားမည့် ပုဂ္ဂိုလ်မှာ တရုတ်ရဟန်းတော် ဆွမ်ဆင်း၏ သာသနာပြုဆောင်ရွက်မှုများ အကြောင်းပင်ဖြစ်သည်။

အမှန်တော့ သာသနာပြုလုပ်ငန်းများ အကြောင်းထက် ထိုကိစ္စများ ဆောင်ရွက်ရန် နေရာအတော်များများသို့ ခရီးလှည့်လည်ရင်း တွေ့ကြုံရသော အခက်အခဲများ အန္တရာယ်များအကြောင်းကို ဦးစားပေး ထုတ်နုတ်ဖော်ပြပေးမည်ဖြစ်ပါသည်။

တရုတ်ရဟန်းတော်ဆွမ်ဆင်း ခရီးထွက်သောအချိန်မှာ အေဒီ (၆၂၂) ဝန်းကျင်အချိန်ဖြစ်သည်။

သူသည် တရုတ်ပြည်မှ အိန္ဒိယသို့ခရီးထွက်ခဲ့ခြင်းဖြစ်ရာ လီပေါင်း (၈၀၀)ကျော်ကျယ်ဝန်းသော (မိုဟိုယန်)သဲကန္တာရကြီးကို ကျော်ဖြတ်သွားရလေသည်။ သဲကန္တာရထဲမှာ ရေမရတော့ဘဲ အားပြတ်ကာ လဲကျသွားသောအချိန်တွင် နတ်တို့လာရောက်အကူအညီပေးသဖြင့် ရေရရှိကာ ခရီးဆက်နိုင်ခဲ့လေသည်။





သဲကန္တာရအတွင်းမှာလည်း မိစ္ဆာဝိညာဉ်များက လာရောက်နှောင့်ယှက်ကြပြန်ရာ သုတ္တာန်ဒေသနာများကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ကျော်ဖြတ်သွားရလေသည်။ ရဟန်းတော်ဆွမ်ဆင်း၏ ခရီးစဉ်တစ်လျှောက်တွင် ဗုဒ္ဓအရိပ်တော်ကို ဖူးရန် ဒီပင်္ကရာမြို့သို့ ရောက်သွားစဉ်က တွေ့ကြုံရသော အန္တရာယ်မှာလည်း ကြီးမားလှသည်။

ဘုရားအရိပ်တော်ရှိသော လိုဏ်ဂူသို့သွားသောအခါ ရွာတစ်ရွာမှ လမ်းပြတစ်ယောက်ကို ခေါ်သွားလေသည်။ အတော်များများကတော့ ထိုခရီးလမ်းမှာ ဓားပြများရှိနေသောကြောင့် မသွားဝံ့ကြပေ။

နောက်ဆုံး အဘိုးကြီးတစ်ယောက်က လမ်းပြပေးသောကြောင့် ထိုခရီးကို သွားဖြစ်ခဲ့ခြင်းဖြစ်သည်။

လမ်းခရီးတစ်နေရာရောက်သောအခါ လက်နက်များကိုင်ထားသော ဓားပြများဖြင့်တွေ့ရလေသည်။

ဆရာတော်က သူ၏ရဟန်းအဝတ်များကို ဓားပြများမြင်သာအောင်ပြပြီး ဘုန်းကြီးတစ်ပါးဖြစ်ကြောင်း ပြောပြလိုက်လေသည်။

"ဒီနေရာမှာ ဓားပြတွေရှိနေတာကို မသိဘူးလား"

ဟု ဓားပြတစ်ယောက်ကမေးသည်။

"ဓားပြတွေလည်း လူတွေပဲ၊ ငါတို့သွားမယ့်လမ်းမှာ သားရဲတိရိစ္ဆာန်တွေရှိနေရင်တောင်မှ သွားမှာပဲ၊ သင်တို့က လူတွေလည်းဖြစ်တယ်၊ ငါတို့နဲ့ ရန်သူတွေလည်း မဟုတ်ကြဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လာခဲ့တာပဲ"

"ဒီလိုဆိုရင် ဗုဒ္ဓအရိပ်တော်ကို ဖူးဖို့လိုက်ခဲ့ပါရစေ"

ဟု တောင်းပန်ကြသဖြင့် ထိုနေရာသို့ ဓားပြများပါ ခေါ် သွားကြလေသည်။

ဗုဒ္ဓအရိပ်တော်ရှိသောဂူမှာ တောင်ကြား၏ အရှေ့ဘက် ကျောက်တောင်တစ်ခုပေါ်မှာ ရှိနေသည်။ ဂူပေါက်ဝမှာ အနောက်ဘက်၌ရှိနေပြီး ဂူအတွင်းမှာတော့ မှောင်မည်းလျက်ရှိနေသည်။ ထိုအခါ လမ်းပြအဘိုးကြီးကပြောသည်။

"အတွင်းကိုဝင်သွားပြီး ခြေလှမ်းငါးဆယ်လောက် သွားမိရင် အရှေ့ဘက်မှာရှိတဲ့ ဂူနံရံကို ကိုင်မိလိမ့်မယ်၊ ထိုဂူနံရံပေါ်မှာ ဗုဒ္ဓရဲ့အရိပ်တော်ရှိပါတယ်"

ထိုသို့ပြောသဖြင့် ရဟန်းတော်ဆွမ်ဆင်းက ဂူအတွင်းသို့ အရင်ဝင်သွားလေသည်။ ခြေလှမ်းငါးဆယ်ခန့် သွားမိသောအခါ လမ်းပြအဘိုးကြီး ပြောလိုက်တဲ့အတိုင်း နံရံတစ်ခုကို လက်ဖြင့် ကိုင်မိလေသည်။ သူရောက် သွားချိန်မှာတော့ ဂူနံရံပေါ်၌ ဘာမှမမြင်ရပေ။ သို့သော် ထိုနေရာမှာပင် မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြုပြီး ရှိခိုးလေသည်။

အကြိမ်တစ်ရာကျော်မျှ ရှိခိုးပူဇော်သော်လည်း ဂူနံရံပေါ်မှ ဘာမှမပေါ်သေးပေ။ အကြိမ်ကြိမ်ကြိုးစားနေသော်လည်း ဂူနံရံပေါ်မှာ ဘာမှမတွေ့ရသောကြောင့် စိတ်ထဲမှာ တစ်မျိုးတစ်မည် တွေးလာမိလေသည်။

"ငါရဲ့စိတ်အာရုံမှာ သန့်ရှင်းမှုမရှိသေးသောကြောင့်





မြတ်စွာဘုရားရဲ့ အရိပ်တော်ကိုဖူးခွင့်မရတာ ဖြစ်ရမယ်"

ထိုသို့တွေးမိသောအခါ စိတ်ထဲ၌ ဝမ်းနည်းလာမိလေသည်။ ထို့နောက်မှာတော့ ဗုဒ္ဓ၏ဂုဏ်တော်များကို ရွတ်ဆိုပူဇော်လျက် အကြိမ်ကြိမ်အခါခါ ပူဇော်ပြန်လေသည်။ ထိုသို့ ပူဇော်သောအခါ အရှေ့ဘက် ဂူနံရံပေါ်၌ သပိတ်တစ်လုံးစာမျှ အလင်းရောင်တစ်ခု ဖျက်ခနဲ ပေါ်လာသည်။ ဆရာတော်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သို့သော်လည်း ထိုအလင်းရောင်က ချက်ချင်းပြန်ပျောက်သွားလေသည်။

ထိုအလင်းရောင်ကို တွေ့လိုက်ရပြီးနောက် ပိုမိုအားတက်လာပြီး ထပ်မံ၍ရွတ်ဆိုပူဇော်ပြန်ရာ ထို့ထက်ပိုကြီးသော အလင်းရောင်တစ်ခု ထပ်မံပေါ်လာပြန်သည်။ အလင်းရောင်မှာ လင်ဗန်းဝိုင်းပမာဏ ကြီးလာလေသည်။ ထိုအလင်းရောင်သည်လည်း ခဏမျှသာတွေ့ရပြီး ပြန်ပျောက်သွားပြန်လေသည်။

ထိုကဲ့သို့ အလင်းရောင်များ မြင်ရသောအခါ ဆရာတော်၏ ယုံကြည်ချက်ကို ပိုမိုခိုင်မာလာတော့သည်။

"ငါသည် ဗုဒ္ဓအရိပ်တော်ကို မဖူးတွေ့ရသမျှ ဤနေရာမှ မထတော့ပါဟု အဓိဋ္ဌာန်ပြုပါသည်"

ဟု အဓိဋ္ဌာန်ပြုပြီး . ထိုင်ကာ ဗုဒ္ဓဂုဏ်တော်များကို အာရုံပြုလျက် ဆက်လက်ပူဇော်ပြန်လေသည်။

အတန်ကြာသောအခါ သူရောက်နေသောဂူကြီး တစ်ဂူလုံး လင်းထိန်လာတော့သည်။

အရှေ့ဘက်မှာရှိသော ဂူနံရံပေါ်မှာ ဗုဒ္ဓဝင်၏အရိပ်



www.burmeseclassic.com

www.burmeseclassic.com



တော် ပေါ်လာလေတော့သည်။

အရိပ်တောမှာ ရောင်ခြည်တော်များ ကွန့်မြူးလျက်ရှိနေသည်။ အမှောင်ရိပ်များကြားမှ ပေါ်လာသော အရိပ်တော်မှာ ဆီးနှင်းများ ဖယ်ရှားသွားသောအခါ ဝင်းဝင်းပြောင်ပြောင်နှင့် ရွှေတောင်ကြီး ပေါ်လာသည်နှင့်တူလေသည်။

ဆရာတော်သည် ဗုဒ္ဓအရိပ်တော်ကို ဖူးတွေ့ရသော်လည်း သက်ရှိထင်ရှားမြတ်စွာဘုရားကို ဖူးတွေ့ရသကဲ့သို့ စိတ်ထဲ၌ ကြည်နူးဝမ်းမြောက်မှု ဖြစ်ပါလေသည်။

ဗုဒ္ဓ၏ကိုယ်ခန္ဓာနှင့်သင်္ကန်းတော်မှာ အနီဝါရောင်ရှိသည်။ ဒူးတော်၏အထက်ပိုင်းမှာ ထင်ရှားစွာပေါ်နေလေသည်။ သို့သော် ကြာပွင့်ပလ္လင်အောက်ပိုင်းမှာတော့ အနည်းငယ်မှုန်ဝါးလျက်ရှိသည်။

အလောင်းတော်မြတ်၊ ဗောဓိသတ်နှင့်ရဟန္တာများသည် မြတ်စွာဘုရား၏ လက်ယာဘက်၊ လက်ဝဲဘက်နှင့်ကျောဘက်၌ ရပ်နေကြသည်။

ထိုပုံသဏ္ဍာန်များမှာလည်း အရိပ်တော်များပင်ဖြစ်လေသည်။ ဆရာတော်သည် အရိပ်တော်ကို ဖူးတွေ့ရသောအခါ အပြင်ဘက်မှာ စောင့်နေကြသူများအား အမွှေးတိုင်များ မီးညှိပူဇော်ရန် မီးယူလာရန် လှမ်းပြောလိုက်သည်။ ၎င်းတို့က မီးထွန်းထားသော မီးတိုင်ကို ယူပြီး ဂူအတွင်း ဝင်လာသောအခါ ဂူနံရံပေါ်မှာ ပေါ်နေသော အရိပ်တော်မှာ ကွယ်ပျောက်သွားလေသည်။





"မီးတိုင်ကို ငြိမ်းသတ်လိုက်ပါ"

ထိုသို့ပြောသဖြင့် မီးတိုင်ကို ငြိမ်းသတ်လိုက်ပြီး အလင်းရောင် ပျောက်သွားသောအခါမှ ဂူနံရံပေါ်မှာ အရိပ်တော်က ပြန်ပေါ်လာသည်။

ထိုအခါ အပြင်မှ ဝင်လာကြသူများမှာ ဝမ်းသာကြည်နူးစွာဖြင့် ဗုဒ္ဓအရိပ်တော်ကို ဖူးကြလေသည်။ သို့သော် ဓားပြအဖွဲ့သားများထဲမှ တစ်ယောက်မှာ ဗုဒ္ဓအရိပ်တော်ကို မမြင်ရပေ။

အခြားသူများက ဖူးမြင်ရသော်လည်း ဓားပြတစ်ယောက်မှာ ဗုဒ္ဓအရိပ်တော်ကို လုံးဝမမြင်ရပေ။

(မြန်မာနိုင်ငံမှာလည်း ထိုအဖြစ်အပျက်မျိုးရှိခဲ့ဖူးသည်။ အင်းရဲကြီး အင်းသူကြီးတစ်ဦးမှာ ရွှေတိဂုံဘုရားဖူးရန်လာခဲ့ပြီး ရန်ကုန်ရောက်မှ ရွှေတိဂုံစေတီတော်ကို လုံးဝမမြင်ရသဖြင့် ဘုရားကို ရွှေချရန် ယူလာသော ရွှေဆိုင်းများကို အင်းတဲသို့ ပြန်ယူသွားပြီး အင်းတိုင်များကိုသာ ရွှေချထားခဲ့လေသည်။

အကုသိုလ်များလာသောအခါ ဘုရားကွယ်သည်ဆိုခြင်းမှာ ဆင်ခြင်စရာပင်ဖြစ်၏။)

ဂူထဲရောက်နေကြသူများမှာ ဂူနံရံပေါ်မှာ ဖူးတွေ့ရသော ဗုဒ္ဓအရိပ်တော်ကို အမွှေးနံ့သာတိုင်များဖြင့် ထွန်းညှိ၍ ပူဇော်ကြလေသည်။

အတန်ကြာသောအခါ ဂူပေါ်၌ ပေါ်နေသော ဗုဒ္ဓ၏ အရိပ်တော်မှာ တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်မတွေ့ရတော့ပေ။ ထိုအခါမှ သူတို့အားလုံး ဂူအတွင်းမှ ပြန်ထွက်လာကြလေသည်။ လမ်းပြလိုက်လာသော အဘိုးကြီးက ဂူအပြင်ရောက်တော့ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပြောသည်။

"တပည့်တော်တို့ ဒီအရပ်ဒေသမှာ နေခဲ့တာကြာပါပြီ ဒီဂူထဲမှာ ဗုဒ္ဓအရိပ်ရှိတယ်လို့ ရှေးလူတွေပြောပြခဲ့လို့သာ သိရပါတယ်၊ တစ်ကြိမ်တစ်ခါမှ ဖူးတွေ့ခွင့်မရခဲ့ပါဘူး၊ မြင်လည်း မမြင်ဖူးပါဘူး၊

ယခုဆရာတော်၏ ကြိုးစားအားထုတ်မှုကြောင့်သာ ဗုဒ္ဓအရိပ်တော်ကို ဖူးတွေ့ရခြင်းဖြစ်ပါတယ်၊ အကယ်၍သာ ဆရာတော်သာ ရောက်မလာခဲ့လျှင် ဤကဲ့သို့သော ထူးခြားလှသည့် ဗုဒ္ဓအရိပ်တော်ကို ဖူးတွေ့ခွင့်ရမည်မဟုတ်ပါ။ ဂူကြီး၏ အပြင်ဘက်မှာလည်း မြတ်စွာဘုရားနှင့်သက်ဆိုင်သော နေရာဟောင်းများစွာ ရှိပါသည်ဘုရား"

ထို့နောက်မှာတော့ ဓားပြများကလည်း ဆရာတော်ထံမှာ သီလခံယူဆောက်တည်ပြီး ၎င်းတို့၏ လက်နက်များကို စွန့်ပစ်ကာ ထိုနေရာမှ ထွက်သွားကြလေတော့သည်။





# အခန်း (၃)

# ကိုင်းညွှတ်ကျလာသော ဗုဒ္ဓရုပ်ပွားတော်

ဆရာတော်ဆွမ်ဆင်းခရီးစဉ်တွင် ဂင်္ဂါမြစ်တောင်ဘက်မှာရှိသော ချင်ပါနိုင်ငံအကြောင်းနှင့် ပတ်သက်သော အကြောင်းအရာအချို့ကို ထည့်သွင်းရေးသားမှ ပိုမိုပြည့်စုံပေမည်။ ဆရာတော်သည် မဟာခရီးရှည်ကြီးကို ထွက်ခဲ့ရာတွင် လမ်းခရီးတစ်လျှောက်တွင် အန္တရာယ်များ၊ အခက်အခဲအတားအဆီး အမျိုးမျိုးတို့ တွေ့ကြုံကာ ကျော်ဖြတ်ခဲ့ရလေသည်။ ထိုသို့ ကျော်ဖြတ်ရာမှာလည်း သူ့မှာ အခြားလက်နက်မပါဘဲ ဗုဒ္ဓ၏ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



တော်၊ တရားတော်များဖြင့်သာ ကျော်လွှားအောင်မြင်ခဲ့ရလေသည်။

ထို့ပြင် ထူးဆန်းသော အကြောင်းအရာပေါင်းမြောက်များစွာတို့နှင့်လည်း တွေ့ခဲ့ရပေသည်။

ယခုရေးသားသော ဆရာတော်ဆွမ်ဆင်း အကြောင်းအရာများထဲမှ စာဖတ်ပရိတ်သတ်အတွက် စိတ်ဝင်စားဖွယ် ဗဟုသုတရစေမည့် အကြောင်းအရာတို့ ရွေးထုတ်ကာ ရေးသားတင်ပြပေးခြင်းလည်း ဖြစ်ပါသည်။

ဆရာတော်သည် ဂင်္ဂါမြစ်၏ တောင်ဘက်လမ်းအတိုင်း အရှေ့ဘက်သို့ လီပေါင်းသုံးရာကျော်သွားမိသောအခါ ချန်ဂါနိုင်ငံသို့ ရောက်လေသည်။

ရှေးနှစ်ပေါင်းများစွာက ကောင်းကင်မှ နတ်သမီးတစ်ပါးနှင့်ဂင်္ဂါမြစ်စောင့်နတ်တို့ ပေါင်းသင်းကြရာ သားလေးယောက်ထွန်းကားလေသည်။ ထိုသားလေးယောက် အရွယ်ရောက်သောအခါ ဇမ္ဗူဒီပါကျွန်းအား လေးပုံ ပုံခွဲပြီး ဝေပေးခဲ့ရာ သားတစ်ယောက် အပိုင်စားရခဲ့သော နေရာလည်းဖြစ်သည်။

ချင်ပါနိုင်ငံသည် တောတောင်ထူထပ်လှပြီး တောဆင်ရိုင်းများ ပေါလှသောကြောင့် ဆင်ရိုင်းအမြောက်အမြားကို ဖမ်းဆီးပြီး စစ်ထွက်ရာမှာ အသုံးပြုကြသည်။

၎င်းတောနက်ကြီးများထဲတွင် လူတို့ကို သတ်ဖြတ်ညှင်းဆဲတတ်သော သားရဲတိရစ္ဆာန်တို့ ပေါလှသဖြင့် သာမန်လူတို့ မသွားဝံ့သော နေရာလည်းဖြစ်၏။





ထိုတောလမ်းမှ ဖြတ်သွားသောအခါ ဂူပေါက်အတွင်းသို့ဝင်သွားသောအခါ ကြီးမားသော ကျောက်ရုပ်ကြီးတစ်ရုပ်ကို တွေ့မြင်ရသည်။ ထိုကျောက်ရုပ်ကြီး၏ ရာဇဝင်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ထိုနေရာတစ်ဝိုက်သို့ နွားကျောင်းသားတစ်ယောက်က ၎င်းထိန်းကျောင်းရသော နွားများကို လာကျောင်းလေသည်။

ထိုနွားအုပ်ထဲမှ နွားတစ်ကောင်သည် အခြားနွားအုပ်နှင့်မရောဘဲ ဂူနားရောက်သည်နှင့်အတွင်းသို့ ဝင်သွားတတ်လေသည်။ ထိုအကြောင်းကို နွားကျောင်းသားက မသိပေ။ ထိုနွားမှာ တစ်နေ့တခြား ထူးခြားလာလေတော့သည်။ ၎င်းကိုယ်မှ အရောင်များထွက်လာပြီး အော်သံမှာလည်း ထူးထူးခြားခြား ကျယ်လောင်လှသောကြောင့် အခြားနွားများက အနားမကပ်ဝံ့ဘဲ အော်သံကြားတိုင်း လန့်ပြေးကြသည်။

ထိုအကြောင်းကို နွားကျောင်းသားက သတိပြုမိသောအခါ နောက်တစ်နေ့ နွားကျောင်းထွက်သွားပြီး ဂူပေါက်ဝသို့ရောက်သောအခါ ထိုနွားအခြေအနေကို သတိထားလျက်စောင့်ကြည့်နေရာ ဂူအတွင်းသို့ဝင်သွားသည်ကို တွေ့ရသည်။ သို့ကြောင့် နောက်မှလိုက်သွားကာ ကြည့်သည်။

တစ်နေရာ ရောက်သောအခါ ဂူအတွင်း၌ အလင်းရောင်များဖြာထွက်နေသည့် နေရာတစ်ခုကို တွေ့ရသည်။ ထိုနေရာတွင် ထူးဆန်းသော ပန်းပင်များ၊ သစ်သီးပင်များအပြင် စိမ်း



www.burmeseclassic.com

www.burmeseclassic.com

လန်းသော မြက်ခင်းပြင်များလည်းရှိနေသည်။

ထိုနေရာရောက်တော့ နွားက ထိုမြက်များကို စားနေလေသည်။

"ဒါကြောင့် သူ့ကိုယ်က အလင်းရောင်တွေထွက်ပြီး အသံကလည်း ထူးထူးခြားခြားကျယ်လောင်နေတာကိုး၊ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ ပေါက်နေတဲ့ မြက်တွေသစ်ပင်တွေကတော့ ထူးခြားနေတာအမှန်ပဲ"

ဟု တွေးမိပြီး ရွှေရောင်အဆင်းရှိသော သစ်သီးတစ်လုံးကို ခူးယူကာ အပြင်သို့ထွက်လာသည်။

နွားလည်း သူနှင့်အတူ ပြန်လိုက်လာသည်။ ဂူပေါက်ဝမှ မထွက်မီတွင် ဂူစောင့်နတ်ရောက်လာပြီး သူ့လက်ထဲမှ သစ်သီးကို ပြန်ယူသွားလေသည်။ သူ့ကိုတော့ မည်သို့မှ အန္တရာယ်ပေး မသွားတော့ပေ။

နွားကျောင်းသားသည် ရွာသို့ပြန်ရောက်သောအခါ ဆေးဆရာကြီးတစ်ဦးထံသွားပြီး ဂူထဲမှ အခြေအနေများကို ပြောပြလိုက်သည်။

"အဲဒီမြင်ကွင်းကို မင်းတကယ်ပဲ တွေ့မြင်ခဲ့ရသလား"

"တွေ့မြင်ခဲ့ရပါတယ်၊ အဲဒါ ဘယ်လိုနေရာမျိုးပါလဲ"

"သူတော်စင်တွေသာ တွေ့ခွင့်ရနိုင်တဲ့ ရှမ်ဗဲလားလို နေရာမျိုးဖြစ်တယ်၊ ထိုက်တဲ့သူမှသာ တွေ့ခွင့်ရနိုင်တယ်၊ မင်းကံကောင်းလို့ တွေ့မြင်ခဲ့ရတာဖြစ်တယ်"

ထိုစကားကြောင့် နွားကျောင်းသားမှာ များစွာအံ့သြ





သွားလေသည်။

"မင်းနောက်တစ်ခေါက်သွားလို့ အဲဒီလို မြင်ကွင်းမျိုးတွေ့ရရင် သစ်သီးတစ်လုံးကိုခူးခဲ့ပါ၊ ဒါပေမယ့် အဲဒီသစ်သီးကိုတော့ ဂူထဲမှာ မစားမိပါစေနဲ့"

ဟု မှာကြားလေသည်။ နောက်တစ်နေ့မှာတော့ ဂူအတွင်းသို့ ဝင်သွားပြန်လေသည်။ မနေ့က တွေ့မြင်ခဲ့ရသော မြင်ကွင်းအတိုင်း မြင်တွေ့ရသည်။ သို့ကြောင့် ရွှေရောင်ဝင်းနေသည့် သစ်သီးတစ်လုံးကို ခူးပြီး ပြန်ထွက်လာသည်။ ထိုအချိန်မှာ ဂူစောင့်နတ်ရောက်လာပြီး သစ်သီးကို လုယူပြန်လေသည်။

ဒီတစ်ကြိမ်တော့ နွားကျောင်းသားက မပေးတော့ဘဲ ပါးစပ်ထဲသို့ ထည့်လိုက်သည်။ နတ်ကအတင်းလုယူရန် ကြိုးစားသောအခါ ဝမ်းထဲရောက်အောင် မျိုချလိုက်တော့သည်။ သစ်သီး ဝမ်းတွင်းရောက်သွားသောအခါ ဂူစောင့်နတ်လည်း ကွယ်ပျောက်သွားတော့သည်။ ထိုအခါ အပြင်သို့ထွက်ရန် ဟန်ပြင်သောအခါ ဦးခေါင်းကသာ အပြင်ရောက်သွားပြီး ကိုယ်လုံးကတော့ ဂူအတွင်းမှ ထွက်မရတော့ပေ။

အဘယ်ကြောင့်ဆိုသော် သူ့ခန္ဓာကိုယ်ကြီးမှာ ဂူပေါက်ဝမှ ထွက်မရတော့အောင် တဖြည်းဖြည်းကြီးထွားလာသောကြောင့် ဖြစ်သည်။အချိန်တန်သောအခါ အိမ်မပြန်နိုင်သဖြင့် ရွာမှအိမ်သားများက လိုက်လံရှာဖွေသောအခါ ခန္ဓာကိုယ်ကြီး အဆမတန် ကြီးထွားနေသောကြောင့် ဂူပေါက်ဝမှ ထွက်မရတော့သော သူ့အဖြစ်အပျက်ကို တွေ့ကြရသည်။ သူက ပြောကြား



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်သေးသောကြောင့် အကြောင်းစုံပြောပြလိုက်သည်။

မိသားစုများက ရွာသို့ပြန်ပြီး ခွန်အားရှိသော ရွာသူရွာသားများကို ခေါ်လာကာ သူ့ကို ဂူအတွင်းမှ ဆွဲထုတ်ရန်ကြိုးစားကြသည်။ သို့သော် မရတော့ပေ။ ထိုသတင်းကို ဘုရင်ကြားသိသောအခါ နောက်လိုက်နောက်ပါများဖြင့် လာရောက်ကြည့်ရှုလေသည်။ အဆမတန်ကြီးထွားနေသော သူ့ခန္ဓာကိုယ်ကြီးကို မြင်သောအခါ ထိတ်လန့်သွားသည်။ သူ့ထီးနန်းကို အန္တရာယ်ပြုမည်စိုးသောကြောင့် သူ့ကို ဂူထဲမှ အပြင်ရောက်အောင် ထုတ်ရန် အမိန့်ပေးလိုက်သည်။ နောက်လိုက်နောက်ပါများက ကြိုးစားဆောင်ရွက်ကြသော်လည်း မအောင်မြင်တော့ပေ။

အချိန်ကြာသွားသောအခါ သူသည်တဖြည်းဖြည်းနှင့် ကျောက်ရုပ်ဘဝပြောင်းလဲသွားလေတော့သည်။

လူပုံသဏ္ဍာန်မပျက် ကျောက်ရုပ်ကြီးက ဂူပေါက်ဝမှ ပိတ်ဆို့နေသောကြောင့် အခြားသူများလည်း ဂူအတွင်းသို့ဝင်မရတော့ပေ။

နောက်ပိုင်းမှာတော့ ရွာသားများက နတ်သစ်သီးကို စားမိသဖြင့် ကျောက်ဖြစ်သွားသောကိုယ်မှ အပိုင်းအစရရှိလျှင် ဆေးဝါးအဖြစ် အသုံးပြု၍ ရမည်ထင်သဖြင့် ကျောက်ရုပ်ကြီးကို ဆူးဆောက်များဖြင့် ပိုင်းဖြတ်ယူစေသည်။ သို့တိုင်အောင် မည်မျှပင်ကြိုးစားဆောင်ရွက်ကြသော် ရက်ပေါင်းကြာသော်လည်း ကျောက်ရုပ်ကြီးကိုယ်မှ ကျောက်သားတစ်လက်မမျှပင် မရကြပေ။





သို့ကြောင့် နောက်ဆုံးမှာတော့ လက်လျှော့ထားလိုက်ရတော့သည်။ သိဒ္ဓိရှိသော နတ်သစ်ပင်၊ နတ်သစ်သီးများရှိသော ဂူအတွင်းသို့ နောက်ထပ်မည်သူမျှ မဝင်နိုင်ကြတော့ပါပေ။ ထိုဂူပေါက်ဝသို့ ဆရာတော်ဆွမ်းဆင်း ရောက်သွားပြီး တွေ့ခဲ့ရသည့် ဆန်းကြယ်သော အကြောင်းအရာတစ်ခုပင် ဖြစ်ပေသည်။

နောက်တစ်ခုကတော့ ဆင်မဟာလနိုင်ငံသို့ ရောက်သွားသောအချိန်၌ တွေ့ကြုံရသော အကြောင်းအရာပင်ဖြစ်ပေသည်။

ထိုအကြောင်းအရာမှာလည်း ဘာသာရေးနှင့်ပတ်သက်ပြီး သတိပြုဆင်ခြင်ဖွယ်ကောင်းသော အဖြစ်အပျက်ပင်ဖြစ်ပေတော့သည်။ ဆင်မဟာလနိုင်ငံမှာ အဖခြင်္သေ့ကိုသတ်ဖြတ်ခဲ့သော မင်းသားတည်ထောင်သော နိုင်ငံဟုလည်း ပြောသည်။

အခြား တစ်စုံတစ်ခုကတော့ ထိုကျွန်းမှာ ရှေးအခါက ရေဘီလူးနေသော နေရာဖြစ်သည်။ ထိုရေဘီလူး(စမင်)များက ကျွန်းအနီးမှ ဖြတ်သွားသော ကုန်သည်လှေများကို ဖမ်းဆီးသတ်ဖြတ် ကြလေသည်။ တစ်နေ့တော့ ကုန်သည်လှေတစ်စင်းမှ ကုန်သည်သားတစ်ယောက်က ထိုရေဘီလူးတို့ကို သုတ်သင်သတ်ဖြတ်ကာ ထိုကျွန်း၌ မင်းပြုလေသည်။

သူသည် ထိုကျွန်းအနီးမှ ဖြတ်သွားသော ကုန်သည်လှေများကို တိုက်ခိုက်သိမ်းပိုက်ပြီး မိန်းမများကိုဖမ်းဆီးခေါ်ဆောင်သွားသည်။ နောက်ပိုင်း ထိုကျွန်းပေါ်၌ လူဦးရေတိုးပွားလာသည်။ ရွှေငွေရတနာနှင့် ပုလဲများမြောက်များစွာ ရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ရတနာကျွန်းဟု အမည်ပေးကြလေသည်။

ရှေးအခါက ထိုကျွန်းပေါ်မှာ ဗုဒ္ဓဘာသာမရှိပေ။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်းတစ်ရာခန့်ကြာသော်အခါ အသောကမင်း၏ ညီအငယ်ဆုံး မဟိန္ဒရာသည် သံဃောဇဉ်များကိုစွန့်လွှတ်ပြီး ရဟန်းတရားကို ကျင့်ကြံအားထုတ်လေရာ ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ထိုရဟန္တာအရှင်သူမြတ်သည် ဗုဒ္ဓသာသနာတော်ပြန့်ပွားစေရန် ထိုမြို့သို့ချာန်ဖြင့် ကြွလာပြီး တရားဟောပြဆိုဆုံးမလေရာ အတော်များများမှာ ဗုဒ္ဓဘာသာဝင်အဖြစ် ရောက်ရှိကြသည်။

နောက်ပိုင်းမှာတော့ တဖြည်းဖြည်း တိုးတက်ထွန်းကားလာပြီး ကျောင်းများ ဆောက်လုပ်လှူဒါန်းကြသည်။ ကျောင်းတိုက်ပေါင်းတစ်ရာကျော်အထိရှိပြီး ကျောင်းများတွင် သံဃာတော်များ တစ်သောင်းကျော်အထိ ရှိလေသည်။ ဘုရင်၏နန်းတော်နံဘေးတွင် ဗုဒ္ဓ၏ သွားတော်ဌာပနာတိုက်ရှိသည်။

ပေပေါင်း လေးငါးရာခန့် အမြင့်ရှိသည်။ ရတနာမျိုးစုံတို့ဖြင့် မွမ်းမံစီခြယ်ထားလေသည်။ စွယ်တော်တိုက်၏ ထိပ်ပေါ်၌ တိုင်တစ်လုံးထောင်ထားပြီး ထိုတောင်ထိပ်ပေါ်တွင် ပြည်တန်သော ပတ္တမြားငမောက်တစ်လုံးကို တင်ထားလေသည်။ ၎င်းပတ္တမြားမှာ အရည်အသွေးကောင်းလှသောကြောင့် ရာသီဥတုကောင်းမွန်သောအချိန်မျိုးတွင် ပတ္တမြားမှ အရောင်တလက်လက်တောက်ပနေသည်ကို လီပေါင်းတစ်သောင်းအကွာအဝေး





မှပင် လှမ်းမြင်နိုင်လေသည်။

၎င်းနံဘေးတွင် အခြားဘုရားကျောင်းတော်တစ်ခုလည်း ရှိသေးသည်။ ၎င်းကျောင်းတော်ကိုလည်း ကျောက်မျက်ရတနာများစွာတို့ဖြင့် မွမ်းမံစီခြယ်ထားလေသည်။ ထိုကျောင်းဆောင်အတွင်း၌ ရှေးဘုရင်တစ်ပါးက ရွှေသားအစစ်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိသည်။

ရွှေဆင်းတုတော်၏ ဦးသျှောင်ပေါ်၌ တန်ဖိုးမဖြတ်နိုင်သော ပုလဲလုံးကြီးတစ်လုံးကို တင်လှူပူဇော်ထားလေသည်။ ထိုနေရာတစ်ဝိုက်မှာ အစောင့်အကြပ်များစွာတို့ကိုလည်း ချထားလေသည်။

တစ်နေ့သ၌ သူခိုးတစ်ယောက်က ဦးသျှောင်ပေါ်မှ ပုလဲလုံးကိုခိုးယူရန် ကြံစည်လေသည်။ ထိုနေရာမှာ အပြင်၌ အစောင့်အကြပ် ထူထပ်သောကြောင့် ဝင်ခွင့်မရနိုင်ပေ။ သို့ကြောင့် မြေအောက်မှ ဥမင်လိုဏ်ခေါင်း တူးပြီး ဘုရားကျောင်းဆောင်အတွင်းရောက်အောင် ဝင်သွားလေသည်။ အတွင်းသို့ရောက်သောအခါ ရွှေဆင်းတုတော်က ဉာဏ်တော်မြင့်သောကြောင့် ဦးသျှောင်ပေါ်မှာ တင်ထားသည့် ပုလဲလုံးကြီးကို ဘယ်လိုနည်းနဲ့မှ မရနိုင်ဘဲ ရှိလေသည်။ ထိုသူက ရုပ်ပွားတော်ရှေ့မှာရပ်ပြီး ဤသို့ညည်းတွားရေရွတ်လိုက်သည်။

"မြတ်စွာဘုရားသည် ဘဝပေါင်းများစွာက ဘုရားအဖြစ်ကို ကျင့်လာစဉ်မှာ သတ္တဝါများအတွက် သူ၏တိုင်းပြည်နှင့် အသက်ကိုပင် စွန့်လွှတ်ခဲ့သည်၊ ယခုအခါကျမှ တန်ဖိုးနည်း


www.burmeseclassic.com

www.burmeseclassic.com



သော ပုလဲလုံးကို ငါ့အား အဘယ်ကြောင့် မပေးနိုင်ဘဲ ရှိနေသနည်း၊ ယခင်က စွန့်လွှတ်ပေးခဲ့ခြင်းများသည် အမှန်ပင်ဖြစ်နိုင်ပါမည်လော. . . ”

ရုပ်ပွားတော်ကြီးအားကြည့်ပြီး မကျေမနပ်ဖြင့် ရွတ်ဆိုနေစဉ်မှာ မမျှော်လင့်သော အဖြစ်အပျက်ပေါ်လာလေတော့သည်။ သူ့ရှေ့မှာ ရှိနေသော ရွှေဆင်းတုရုပ်ပွားတော်ကြီးမှာ ဖယောင်းတိုင်ကို မီးအပူပေးလိုက်သောအခါ ပျော့ပျောင်းညွတ်လာသကဲ့သို့ သူ့ရှေ့သို့ တဖြည်းဖြည်းနှင့် ကိုင်းကျလာလေတော့သည်။ သူခိုးမှာ မကြုံဖူးအောင် ထူးကဲလှသော မြင်ကွင်းကြောင့် တအံ့တသြဖြင့် ငေးကြည့်နေလေသည်။ အတန်ကြာသောအခါ ရုပ်ပွားတော်ကြီး ဖယောင်းတိုင်ကို မီးအပူနှင့်ထိသကဲ့သို့ ကိုင်းကျလာကာ ဦးသျှောင်ပေါ်မှာတင်ထားသော ပုလဲလုံးကြီးကို မီလောက်သော အနေအထားရောက်တော့မှ ရပ်တန့်သွားသည်။

သူခိုးမှာ မည်သို့ပြုလုပ်ရမှန်း မသိဘဲ တအံ့တသြကြည့်နေရင်းမှ နောက်ဆုံးဦးသျှောင်ပေါ်မှ ပုလဲလုံးကြီးကိုဖြုတ်ယူကာ အပြင်သို့ထွက်ခဲ့လေသည်။

(ထိုအဖြစ်အပျက်မျိုးမှာ မြန်မာနိုင်ငံမှာလည်း ဖြစ်ခဲ့ဖူးသည်။ သူခိုးတစ်ယောက်သည် ဘုရားစိန်ဖူးတော်ကိုလိုချင်သဖြင့် တက်ခိုးသော်လည်း အပေါ်ရောက်သောအခါ စိန်ဖူးတော်ကို မမြင်ရဘဲရှိလေသည်။ နောက်ဆုံးဘုရားရှေ့မှာ သဲပုံတစ်ပုံပုံပြီး ‘ဤသဲပုံနှင့်အမျှ အပြစ်ခံပါမည်’ဟုပြောတော့မှ စိန်ဖူးတော်ကို မြင်ရပြီး ခိုးယူခွင့်ရလေသည်။ ဘုရားနဖူးသင်းကျစ်တော်အ





ဖြစ် လှူထားသော ပတ္တမြားကို အလိုရှိသဖြင့် အမျိုးမျိုးကော်ထုတ်သော်လည်း မရဘဲရှိလေရာ နောက်ဆုံး ‘သဲပုံအမျှ ငရဲခံပါမည်’ဟု ကတိခံတော့မှ နဖူးသင်းကျစ်တော်မှာ သူ့အလိုလိုကျွတ်ကျလာလေတော့သည်။ ရုပ်ပွားတော်၏ နဖူးတော်မှ သွေးများစီးကျလာသော အဖြစ်အပျက်မျိုးလည်းရှိခဲ့ဖူးသည်။)

ယခုလည်း သူခိုးမှာ ပုလဲလုံးကြီးကို အလိုရှိသဖြင့် မြတ်စွာဘုရားအား အပြစ်တင်စကားဆိုခဲ့လေရာ ပုလဲလုံးခိုးသော အပြစ်ထက်ပင် ပိုကြီးလေတော့သည်။ ထိုအခါမှပင် မမျှော်လင့်သော အဖြစ်အပျက်များဖြစ်လာပြီး ပုလဲလုံးကိုရရှိခဲ့ခြင်းဖြစ်လေသည်။ သို့သော်လည်း ထိုပုလဲလုံးကို သူသုံးစွဲခွင့်မရပေ။ အပြင်သို့ ရောက်သည်။ အစောင့်များကို ဖမ်းဆီးစစ်ဆေးသောအခါ ပုလဲလုံးကိုတွေ့ရသဖြင့် ဖမ်းဆီးပြီး ဘုရင့်ထံသို့ ပို့လိုက်လေသည်။ သူခိုးကလည်း အဖြစ်မှန်အတိုင်း အကြောင်းစုံကိုပြောပြလိုက်လေသည်။

ထိုအခါ ဘုရင်က သူပြောပြသည်ကို မယုံကြည်သောကြောင့် ရုပ်ပွားတော်ရှိရာသို့ သွားကြည့်သောအခါ ရုပ်ပွားတော်မှာ ကိုင်းညွတ်လျက်ပင်ရှိသေးကြောင်း တွေ့ရသောကြောင့် များစွာအံ့သြသွားကြလေသည်။ ဗုဒ္ဓဂုဏ်တော်များကိုလည်း ပိုမိုယုံကြည် သွားလေတော့သည်။ ထို့နောက်မှာတော့ ဦးသျှောင်ပေါ်သို့ မူလပုလဲလုံးအပြင် အခြားရွှေငွေကျောက်သံပတ္တမြားများကို တင်လှူပေးလိုက်သောအခါမှ ရုပ်ပွားတော်မှာ သူ့အလိုအလျောက် တဖြည်းဖြည်းနှင့် ပြန်လည်တည့်မတ်သွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုမြို့သည် ထူးခြားဆန်းကြယ်မှုများဖြင့် ပြည့်နေလေသည်။ ယခင်က ဘီလူးများနေသွားသော ကျွန်းဖြစ်သောကြောင့် အချို့နေရာများတွင် နာနာဘာဝများနှင့် မိစ္ဆာများရှိကြသေးသည်။

မြို့၏ အရှေ့တောင်ထောင့်၌ရှိသော လန်ကာတောင်ဆိုလျှင် နာနာဘာဝများ၊ မိစ္ဆာများ ပေါသောကြောင့် သာမန်လူတို့ မသွားဝံ့သောနေရာဖြစ်သည်။

ထိုနေရာ၌ရှိနေကြသူများမှာ လူဟုဆိုသော်လည်း အရပ်သုံးပေထက်မပိုဘဲ ငှက်နှုတ်သီးများပါသည်။ အသီးအနှံများကို စိုက်ပျိုးစားသောက်ခြင်းမပြုဘဲ အုန်းသီးများကိုပင် နှုတ်သီးဖြင့် ထိုးဆိတ်စားသောက်ကာ အသက်ရှင်နေသော ငှက်တစ်ပိုင်း လူတစ်ပိုင်း သတ္တဝါများ ဖြစ်ကြလေသည်။

ထိုတောင်ကိုပင် ရဟန်းတော်ဆွမ်ဆင်း ရောက်သွားခဲ့ရာ မည်သည့်ဘေးအန္တရာယ်မှ မကြုံတွေ့ခဲ့ရပေ။ မြတ်စွာဘုရား၏ ဂုဏ်တော်များက တန်ခိုးကြီးလှပေသည်။





# အခန်း (၄)

# မြန်မာနိုင်ငံမှ မဟာခရီးသည်

နေရာဒေသအသီးသီးသို့သာသနာပြုရန်အတွက် ခရီးထွက်ကြသော မဟာခရီးသည် ရဟန်းတော်များအကြောင်းကို လေ့လာကြည့်ပါက တရုတ်ရဟန်းတော်နှင့် အိန္ဒိယမှရဟန်းနှင့် သူတော်စင်များအကြောင်းကိုသာ အများအားဖြင့် တွေ့ရှိကြရလေသည်။

တရုတ်ရဟန်းတော်ဆွမ်ဆင်းနှင့် ဖာဟီယန်တို့ကြောင့် မဟာခရီးရှည် လှည့်လည်ခြင်းများအကြောင်းကို လူတို့သိကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ (၂၀)ရာစုနှစ်ရောက်မှ မဟာခရီးရှည်လှည့်ခဲ့သော ရာဟုလာသံကိစ္စည်းကဲ့သို့သော ပုဂ္ဂိုလ်တို့အကြောင်းလည်း ယခုခေတ်လူတို့ မဟာခရီးရှည်များအကြောင်းကို ပိုမိုသိခွင့်ရကြလေသည်။

ထိုအကြောင်းများအား လေ့လာသောအခါ ကမ္ဘာနေရာများမှ အကြောင်းအရာတို့ကို သိကြရသည်။ မိမိမရောက်ဖူးသော သွားခွင့်မရနိုင်သော နေရာတို့မှာ သာသနာရေး ဘာသာရေးများ၊ စီးပွားရေးများဆန်းကြယ်သော အကြောင်းအရာများ၊ အံ့သြဖွယ်ကောင်းသော အဖြစ်အပျက်တို့ကို သိခွင့်ရခဲ့ကြပေသည်။

မြတ်စွာဘုရားသည် မဟာခရီးသည်များ၏ ဦးဆောင်လမ်းပြဖြစ်ခဲ့လေသည်။ ဘုရားဖြစ်ပြီးနောက် (၄၅)ဝါတိုင်အောင် နေရာဒေသအသီးသီးသို့ ခရီးထွက်ကာ လူနတ်ဗြဟ္မာ သတ္တဝါတို့အား တရားဟောပြခဲ့ပေသည်။

မဟာခရီးသည်များ၏ ဆောင်ရွက်ပေးမှုကြောင့် သာသနာတော်မရောက်သေးသော အရပ်များသို့ ရောက်သွားကြသည်။ မိစ္ဆာဒိဋ္ဌိ အယူဝါဒရှိသူတို့ ပပျောက်ခဲ့ရသည်။

တစ်နေရာမှာရှိသော ပိဋကတ်စာပေများ အခြားတစ်နေရာသို့ ရောက်သွားသည်။ မဟာခရီးသည်များ၏ ဆောင်ရွက်ပေးမှုကြောင့် ဗုဒ္ဓဘာသာမှတစ်နေရာမှ တစ်နေရာသို့ ပြန့်နှံ့ကာ နေရာအတော်များများသို့ ရောက်ခဲ့ခြင်းဖြစ်ပေ၏။

သို့သော်လည်း ထိုကဲ့သို့ဖြစ်အောင် မဟာခရီးသည်





များအနေဖြင့် အလွယ်တကူ ဆောင်ရွက်ရရှိကြခြင်းမျိုးတော့ မဟုတ်ပေ။ အန္တရာယ်များ၊ အခက်အခဲများ၊ အနှောင့်အယှက် အတားအဆီးများကို ကျော်ဖြတ်ကြရသည်။ အချို့လည်း ကျော်ဖြတ်နိုင်ခဲ့ကြသည်။ အချို့လည်း ရောဂါဘယနှင့်ရာသီဥတုနှိပ်စက်မှုဒဏ်များကြောင့် အသက်သေဆုံးခဲ့ကြရသည်။ မည်သို့ပင်ရှိစေ. . မဟာရီးရှည် သွားသူများ၏ ဇွဲလုံ့လဝီရိယတို့ကိုတော့ ချီးကျူးရမည်သာဖြစ်သည်။

မဟာခရီးရှည်ထွက်ပြီး သာသနာပြုခဲ့ကြသော မဟာခရီးသည်များထဲတွင် တရုတ်နှင့်အိန္ဒိယမှ များသည်ဆိုသော်လည်း မြန်မာနိုင်ငံမှလည်း ရဟန်းတော်တစ်ပါး ပေါ်ပေါက်ခဲ့ဖူးလေသည်။ ထိုပုဂ္ဂိုလ်မှာ (၁၂)ရာစုနှစ် ပုဂံပြည် ကောင်းစားနေစဉ်က ပေါ်ပေါက်ခဲ့သော ရဟန်းတော် ဆပ္ပဒပင် ဖြစ်၏။

ယခုရေးသားမည့် ဝတ္ထုသည် ရဟန်းတော်ဆပ္ပဒကို အကြောင်းပြုပြီး ဆက်နွယ်ပေါ်ပေါက်လာသော ဇာတ်လမ်းတစ်ခုပင် ဖြစ်သော်လည်း ဗုဒ္ဓဝင်ဇာတ်လမ်းတစ်ခုမဟုတ်သည်ကို ကြိုတင်အစီရင်ခံထားရပေမည်။

ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိနေသော ပုဂံပြည်သည် ရှေးအခါကမင်းနေပြည်တော်ဖြစ်ခဲ့သည်နှင့်အညီ ဗုဒ္ဓသာသနာ တော်ထွန်းကားခဲ့သော နေရာဖြစ်ကြောင်း ကျန်ခဲ့သော ဘုရားပုထိုး၊ စေတီများကို ကြည့်ရုံနှင့် သိနိုင်ပေသည်။

ပုဂံပြည်တွင် သာသနာတော်ထွန်းကားနေသလို သီဟိုဠ်ကျွန်းမှာလည်း ဗုဒ္ဓသာသနာက နေလိုလလို ထွန်းပနေချိန်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။

ပုဂံပြည်၌ နရပတိစည်သူမင်း စိုးမိုးအုပ်ချုပ်နေသော အချိန်ဖြစ်သည်။ အနော်ရထာမင်းကြီးလက်ထက်မှစပြီး ထွန်းကားလာခဲ့သော ဗုဒ္ဓသာသနာတော်သည် အလောင်းစည်သူမင်းကြီး၏သားတော် နရသူလက်ထက်တွင် မှေးမှိန်သွားခဲ့သည်။ နရသူသည် ရက်စက်ကြမ်းကြုတ်ပြီး ဘာသာရေးကို အလေးထားသူ မဟုတ်သဖြင့် မှေးမှိန်ခဲ့ရခြင်းဖြစ်သည်။

သာသနာတော်မှေးမှိန်ရုံမကဘဲ ရဟန်းသံဃာတို့ပင် ဘေးသင့်ခဲ့ရသည်။ သပိတ်တစ်လုံးနှင့် အရပ်တကာလှည့်နေသည်နှင့်စာလျှင် ဓားတစ်လက်ကိုင်ပြီး ငါ့အမှုတော်ထမ်းလျှင် တပ်သားတစ်ယောက်တိုးမည်ဟုယူဆကာ ရဟန်းသံဃာတို့ကိုပင် အန္တရာယ်ပေးခဲ့သူဖြစ်သည်။

နရပတိစည်သူမင်းကြီး နန်းတက်လာသောအခါမှ အညွန့်ကျိုးနေသည့် သာသနာတော်ကို ပြန်လည်ပြုစုပျိုးထောင်ရလေသည်။ ထိုအခါမှပင် ရဟန်းသံဃာတို့လည်း ကောင်းစွာနေထိုင်ဝံ့ကြတော့သည်။ ထိုအချိန်၌ ပုဂံပြည်တွင် ထင်ရှားသော မွန်ရဟန်းတော်တစ်ပါးရှိသည်။ ဘွဲ့တော်မှာ ဥတ္တရာဇီဝပင် ဖြစ်သည်။

ထိုရဟန်းသည် မင်းဆရာဘဝရောက်သောအခါ သာသနာတော်ညှိုးနွမ်းနေသော ပုဂံပြည်တွင် သာသနာပြုရန်အတွက် ဗုဒ္ဓသာသနာ နေလိုလလိုထွန်းပနေသော လင်္ကာဒီပဟုခေါ်သော သီဟိုဠ်ကျွန်းသို့ကြွရန် ဆန္ဒရှိလေသည်။ ထိုအချိန်က





မြန်မာနိုင်ငံနှင့် သီဟိုဠ်ကျွန်းမှာ သာသနာရေးအရ ဆက်သွယ်မှုများ ရှိနေပြီဖြစ်၏။

ခရစ်နှစ် (၁၁၈၀)ခုနှစ်တွင် ဥတ္တရာဇီဝသည် ခရီးစတင်ထွက်လေသည်။ ခရီးထွက်ရန် အစီအစဉ်အစတွင် သင်္ဘောဆိပ်ရှိသော ပုသိမ်သို့ ပုဂံမှလာရသည်။ ရှင်ဥတ္တရာဇီဝနှင့်အတူ ရဟန်းအချို့လည်း လိုက်ပါလာကြလေသည်။ ထိုရဟန်းများထဲတွင် ရှင်ဆပ္ပဒလည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ဆပ္ပဒသည် ပုသိမ်ကျေးလက် ဆပ္ပဒရွာသား မွန်လူမျိုးရဟန်းဖြစ်သည်။

ပုဂံခေတ်က ဆပ္ပဒဟုခေါ်သောရွာမှာ ယခုငပုတောမြို့ဖြစ်နေသည့် နေရာပင်ဖြစ်၏။ ဆပ္ပဒရွာသား ဖြစ်သောကြောင့် သူ၏အမည်ကိုလည်း ရှင်ဆပ္ပဒဟုပင် ပေးထားခဲ့သည်။ မြန်မာနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ ကြွသောရဟန်းမှာ ဥတ္တရာဇီဝအရင်တစ်ပါးရှိသေးသည်။ သို့စေကာမူ ဥတ္တရာဇီဝသာ ထင်ရှားလေသည်။ ဥတ္တရာဇီဝနှင့် ရဟန်းအဖော်တစ်စုတို့သည် ပုသိမ်မှ သင်္ဘောစီးပြီး လိုက်သွားကြရာ သီဟိုဠ်ကျွန်းသို့ ရောက်သွားကြသည်။

သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ ထိုကျွန်းမှာ ရောက်နှင့်နေသော ရဟန်းများနှင့် အဖော်ပြုကြရသည်။ သီဟိုဠ်ကျွန်းမှာ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်သော နေရာများထဲတွင် တစ်နေရာပါဝင်သဖြင့် ထိုအချိန်ကတည်းက ဗုဒ္ဓဘာသာရဟန်းတော်များ ရောက်နှင့်နေကြခြင်းဖြစ်သည်။

ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်စဉ်က သီဟိုဠ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသို့ ရှင်မဟိန္ဒကြွရောက်လာပြီး သုဝဏ္ဏဘူမိသို့ ရှင်သောဏနှင့် ဥတ္တရမထေရ်တို့ ကြွရောက်ကြရလေသည်။

ယခုရှိနေသော ဒေသခံရဟန်းများမှာ ၄င်းတို့၏ အဆက်အနွယ်များပြင်ဖြစ်ကြသည်။ ဥတ္တရာဇီဝနှင့်အတူ လိုက်ပါလာသော ဆပ္ပဋ္ဌမှာ အရွယ်မစေ့သေးသောကြောင့် ရဟန်းမပြုရသေးဘဲ သီဟိုဠ်ရောက်မှ အသက်ပြည့်သဖြင့် ပဥ္စင်းခံရသူဖြစ်ပေသည်။ ဆပ္ပဋ္ဌမှာ သီဟိုဠ်ရောက်မှ ရဟန်းဘဝသို့ရောက်ရသူပင်ဖြစ်သည်။

ဥတ္တရာဇီဝနှင့် ဆပ္ပဋ္ဌတို့သည် သီဟိုဠ်သို့ကြွသောအခါ အဂ္ဂဝံသမထေရ် စီရင်ရေးသားသော သဒ္ဒနီတိကျမ်းကို ယူဆောင်သွားခဲ့ကြသည်။ သီဟိုဠ်ရောက်သောအခါ ထိုမှာရှိကြကုန်သော ရဟန်းပညာရှင်များက ထိုကျမ်းကို ဖတ်ရှုလေ့လာကြသည်။

သီဟိုဠ်သား ရဟန်းများက မြန်မာနိုင်ငံသာသနာရေးနှင့်ပတ်သက်သည့် အဘိဓမ္မာနှင့်ပတ်သက်၍ အထင်ကြီးကြသည်။ ပါဠိသဒ္ဒါကျမ်းနှင့်ပတ်သက်၍ ထိုမျှလောက် အဆင့်အတန်းမြင့်သော ကျမ်းစာမျိုးထွက်ပေါ်လိမ့်မှု ထင်မထားကြပေ။ ထို သဒ္ဒနီတိကျမ်းကို ဖတ်ရှုရသောအခါ တအံ့တသြဖြစ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရုံမကဘဲ သီဟိုဠ်ဖြစ် ပါဠိသဒ္ဒါကျမ်းများထက် သာလွန်ကောင်းမွန်ပါသည်ဟု ချီးကျူးကြလေသည်။

ဥတ္တရာဇီဝသည် သီဟိုဠ်သို့ ရောက်သောအခါ ဘုရားဖူးခြင်းနှင့် အခြားသာသနာပြုကိစ္စများ ဆောင်ရွက်ပြီးစီးသောအခါ မြန်မာနိုင်ငံသို့ ပြန်ကြွလေသည်။

သို့သော် သူနှင့်အတူ သီဟိုဠ်လိုက်ပါလာပြီး သီဟိုဠ်ကျွန်းရောက်မှ ရဟန်းဖြစ်သော ဆပ္ပဋ္ဌကတော့ ပြန်မလိုက်တော့ဘဲ သီဟိုဠ်ကျွန်းမှာပင် နေခဲ့လေသည်။ ဆပ္ပဋ္ဌသည် သီဟိုဠ်ကျွန်းမှာ ဆယ်နှစ်ဆယ်မိုးနေကာ ပိဋကတ်စာပေများကို သင်ကြားလေ့လာလေသည်။

ထိုအချိန်က သီဟိုဠ်ကျွန်းတွင် ပရက္ကမဗာဟုဘုရင် စိုးမိုးအုပ်ချုပ်နေချိန်ဖြစ်သည်။ (၁၁၆၄)ခု နန်းတက်သောအချိန်မှစပြီး ဗုဒ္ဓသာသနာကို ထောက်ပံ့အားပေးသည်။ ထိုဘုရင်လက်ထက် သာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်။

ဘုရင်ပရက္ကမဗာဟု လက်ထက်တွင် အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်းများကို ဖွင့်ဆိုသည့် ဋီကာကျမ်းများကို ကဿပမထေရ် ဦးဆောင်လျက် ရဟန်းပေါင်းတစ်ထောင်နှင့် တစ်နှစ်အတွင်း အပြီးရေးသားခဲ့လေသည်။ မြန်မာနိုင်ငံမှ ရဟန်း ဆပ္ပဋ္ဌ သီဟိုဠ်ရောက်နေသည်မှာ ထိုခေတ်အချိန်ကဖြစ်သည်။

ဆပ္ပဋ္ဌသည် သီဟိုဠ်မှာရှိနေစဉ် ပိဋကတ်ကျမ်းစာများကို နှံ့စပ်အောင် သင်ကြားသည့်အပြင် အချိန်ရသည်နှင့် သီဟိုဠ်ကျွန်း၌ရှိသောစေတီ၊ ဘုရားများကိုလည်း လိုက်လံဖူးမျှော်ရလေသည်။ အနုရာဓမြို့၌ရှိသော ဒေဝါနံပိယတိဿ ကိုးကွယ်ခဲ့သောဗုဒ္ဓ၏ ညှပ်ရိုးတော်ဌာပနာထားသည့် ထူပါရုံစေတီတော်၊ ထိုမြို့ မဟာဝိဟာရကျောင်းတိုက်နှင့် စေတိယပဗ္ဗဝိဟာရကျောင်းတိုက်







www.burmeseclassic.com

www.burmeseclassic.com



ကြီးများသို့လည်း သွားရောက်သည်။ သံဃမိတ္တာယူဆောင်လာခဲ့ပြီး သီဟိုဠ်၌ စိုက်ပျိုးထားသော မဟာဗောဓိပင်ကိုလည်း သွားရောက်ဖူးမြော်ခဲ့သည်။

ဒုဋ္ဌဂါမဏိမင်းကြီးလှူဒါန်းထားခဲ့သော မရိစဝဋ္ဋနှင့် လောဟပါသာဒကျောင်းတိုက်ကြီး နှစ်တိုက်တို့မှာ ကြီးကျယ်ခမ်းနားလှသည်။ လောဟပါသာဒ ကြေးပြသာဒ်ကျောင်းတိုက်ကြီးမှာ အထပ်ပေါင်းကိုးထပ်ရှိသည်။ အထပ်တစ်ထပ်တိုင်းတွင် အခန်းပေါင်း တစ်ရာရှိသည်။ အမိုးကို ကြေးအုတ်များဖြင့် စီမိုးထားသည်။ သီဟိုဠ်ကျွန်း၌ အကြီးဆုံးစေတီတစ်ဆူဖြစ်သော ဒုဋ္ဌဂါမဏိမင်းကြီးကောင်းမှုတော် ရတနာမာလျစေတီလည်း ရှိသည်။

ထို့ပြင် သုံးရာစု၊ လေးရာစုနှစ်လောက်က သီဟိုဠ်ဘုရင်မေဃဝဏ္ဏလက်ထက်တွင် မဇ္ဈိမဒေသမှဗုဒ္ဓစွယ်တော်ကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်လာခဲ့သည်။ ယင်းဗုဒ္ဓမြတ်စွယ်တော်သည် ယခုအခါ ကန္ဒီမြို့၌ ရှိနေသော်လည်း ထိုအချိန်က ဇယဝဒ္ဓနကုတေ၌ ကိုးကွယ်ထားသည်။

ထိုစွယ်တော်မြတ်မှာ စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင် ဖြစ်သောကြောင့် သွားရောက်ဖူးမြော်လေသည်။ သီဟိုဠ်ကျွန်း၌ ဆပ္ပဋရောက်နေခဲ့သည်မှာ (၁၂)ဝါမျှ ကြာသွားခဲ့ပြီ။

ပိဋကတ်ကျမ်းစာကိုလည်း အဋ္ဌကထာ နိကာများနှင့် တတ်မြောက်ခဲ့ပြီ ဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ ပြန်ကြွရန် ပြင်ဆင်လေသည်။ ထိုသို့ ပြန်ကြွရန်ပြင်သောအခါ မိမိနှင့်အတူ





လိုက်ပါရန် သီတင်းသုံးဖော်များထဲမှ ရဟန်းလေးပါးကို ရွေးချယ်ခေါ်လေသည်။

ငှင်းရဟန်းလေးပါးမှာ. . .

တာမရလိပ္ပတိအား. . သီဝလိမထေရ်

ကမ္ဘောဇမင်း၏ သားတော်. . တာမလိန္ဒမထေရ်

ကိဉ္စိပူရသား. . အာနန္ဒမထေရ်၊

သီဟိုဠ်ကျွန်းသား. . ရာဟုလာမထေရ် စသည့်လေးပါးတို့ပင် ဖြစ်ကြလေသည်။

ယင်းမထေရ်လေးပါးတို့ကို ခေါ်ဆောင်ပြီး (၁၁၈၁-၈၂)ခုတွင် မြန်မာနိုင်ငံသို့ ပြန်ကြွလာလေသည်။ ငှင်း မထေရ်လေးဦးစလုံးမှာ စာပေပိဋကတ်ကျမ်းကျွမ်းကျင်တတ်မြောက်ကြသူများဖြစ်၏။ ထိုအထဲမှာမှ သီဟိုဠ်သား ရာဟုလာမထေရ်က ပိုမိုထက်မြက်လေသည်။

ငှင်းတို့ငါးဦးမှာ ပင်လယ်ခရီးမှ သင်္ဘောဖြင့်ပြန်ခဲ့ကြရာ ဝါဆိုခါနီးအချိန်တွင် ပုသိမ်သို့ပြန်ရောက်ကြသည်။ ဝါဆိုဝါကပ်ချိန် နီးနေပြီဖြစ်သောကြောင့် ပုဂံသို့ ခရီးမဆက်နိုင်ကြပဲ ပုသိမ်မှာပင် တစ်ဝါဆိုကြရသည်။

ငှင်းမထေရ်များ ဝါကပ်ခဲ့သော ကျောင်းတိုက်တည်ရာနှင့် မဟာရံတံတိုင်းများမှာ နှစ်ပေါင်းများစွာကြာသည်အထိ ပုသိမ်မြို့ဟောင်း၏ တောင်ဘက်၌ တည်ရှိနေခဲ့သည်။

ဝါလကင်းလွတ် သီတင်းကျွတ်သောအခါ မထေရ်လေးပါးတို့ကိုပါခေါ်ပြီး ပုဂံပြည်သို့ကြွလေသည်။ ပုဂံပြည်သို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဆပ္ပဒွမထေရ်၏ ဆရာဖြစ်သူ (ဆပ္ပဒွမထေရ်အား သီဟိုဠ်သို့ ခေါ်ဆောင်သွားခဲ့သူ) ဥတ္တရာဇီဝမထေရ်မှာ ပျံလွန်တော်မူခဲ့သည်မှာ မကြာသေးပေ။ ဆပ္ပဒွမထေရ်မှာ မိမိဆရာသခင်ကို မဖူးမြင်လိုက်ရသဖြင့် ဝမ်းနည်းမဆုံးအောင် ဖြစ်မိလေသည်။

ထို့နောက်. . . ဆရာတော်၏ ဂူသင်္ချိုင်းရှိရာသို့ သွားရောက်ကာ သစ္စာဓိဋ္ဌာန်ပြုလေသည်။

"ဆရာတော်အား ကျေးဇူးဆပ်သောအနေဖြင့် ဆရာတော်လိုလားသည့်အတိုင်း ဗုဒ္ဓသာသနာတော် ကြီးပွားတိုးတက်အောင်မြင်အောင် ဆောင်ရွက်ပါမည်ဘုရား"

ထိုသို့ သစ္စာပြုပြီးမှ ပြန်ခဲ့လေသည်။ နောက်ပိုင်းမှာတော့ ရဟန်းတော်ဆပ္ပဒွသည် မြန်မာနိုင်ငံ၌ သီဟိုဠ်သံဃာဂိုဏ်း စတင်တည်ထောင်သော ပုဂ္ဂိုလ်ဖြစ်လာလေသည်။

နောက်ပိုင်းမှာတော့ ပုဂံပြည်မှာ သထုံမှ ရှင်အရဟံဆောင်ကြဉ်းလာသောဂိုဏ်းကို ပုရိမသံဃာ(သို့မဟုတ်) ပုရိမဂိုဏ်း (ရှေးဦးဂိုဏ်း)ဟုခေါ်ကြပြီး၊ သီဟိုဠ်ကျွန်းမှ ဆပ္ပဒွမထေရ်ယူဆောင်လာသော ဒုတိယဂိုဏ်းကို မစ္ဆိမဂိုဏ်းသံဃာသို့မဟုတ် မစ္ဆိမဂိုဏ်း(နောက်ပေါ်ဂိုဏ်း)ဟု ခေါ်ဝေါ်ကြလေသည်။

ပုဂံပြည့်ရှင် ဘုရင်နရပတိစည်သူမှာ သီဟိုဠ်မှကြွလာသော မထေရ်များ၏ အကျင့်သိက္ခာနှင့် ပညာထူးချွန်ပုံများကို များစွာ နှစ်သက်ကြည်ညိုသဖြင့် ထောက်ပံ့လှူဒါန်းမှုများ ပြုပေးလေသည်။ နောက်ပိုင်းမှာတော့ ဘုရင်၏ ထောက်ပံ့အားပေးမှု





ကြောင့် ဧရာဝတီမြစ်ထဲတွင် ရေသိမ်အဖြစ် လှေဖောင်ဖွဲ့ပြီး ပဉ္စင်းလောင်းများစွာတို့ကို ပဉ္စင်းခံပေးလေသည်။ ရေသိမ်ဖြင့် ပဉ္စင်းခံပေးခြင်းကိုလည်း သီဟိုဠ်မှုအဖြစ် သတ်မှတ်ကြသည်။

ဘုရင်၏ထောက်ပံ့အားပေးမှုကြောင့် ဆပ္ပဒွမထေရ်ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများမှာ တစ်နေ့တခြားကြီးပွားအောင်မြင်လာလေသည်။

ဆပ္ပဒွမထေရ်ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် သီဟိုဠ်ကျွန်းမှ မဟာဝိဟာရနိကာယဂိုဏ်းသည် ပုဂံပြည်မှအစပြုကာ မြန်မာနိုင်ငံတွင် စတင်ထွန်းပေါ်လာခဲ့သည်။ ထိုသို့ အောင်မြင်လာခြင်းမှာ ဆပ္ပဒွမထေရ်ခေါ်ဆောင်သော မထေရ် (၅)ပါးတို့၏ ကြိုးစားဆောင်ရွက်မှုကြောင့်ပင် ဖြစ်ပေသည်။


သို့သော်လည်း ထိုအချိန်မှာပင် ရဟန်းတော်များ အတွက် ကြီးစွာသောအနှောင့်အယှက် ပေါ်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၅)

# ပဋ္ဌာန်းမြားသပိတ်တစ်လုံးစာရပြီး ကယ်ပါရှာရောက်ရသူ

ပုဂံပြည့်ရှင်ဘုရင်၏ အားပေးထောက်ပံ့မှု ဆပ္ပင္မမ ထေရ်၏ ကြိုးစားဆောင်ရွက်မှုအပြင် ကျန်အဖော်လေးပါးတို့က လည်း စိတ်တူကိုယ်တူ ဝိုင်းဝန်းဆောင်ရွက်ပေးကြသဖြင့် သီဟိုဠ် သံဃာဂိုဏ်းမှာ တဖြည်းဖြည်းနှင့်အောင်မြင် တိုးတက်လာလေ တော့သည်။ ထိုအတူ တစ်ဖက်ကလည်း အဖျက်အဆီးကလည်း မမျှော်လင့်ဘဲ ရောက်လာလေတော့သည်။ တစ်နေ့သ၌ ရှင် ဘုရင်က မထေရ်ငါးပါးကို နန်းတော်သို့ပင့်ပြီး အလှူအတန်းပေး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအလှူပွဲတွင် ရှပ်ဆင်းရူပကာချောမောလှပသော ကချေသည်မတစ်ဦးကိုမြင်သောအခါ သီဟိုဠ်သားရာဟုလာ မထေရ်မှာ စွဲလမ်းတပ်မက်မှုဖြစ်လေတော့သည်။ ထိုစွဲလမ်းမှုက သာမန်မဟုတ်ပေ၊ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်း များပင် ဆက်မလုပ်နိုင်တော့ဘဲ မအိပ်နိုင်မစားနိုင်တော့သော အခြေအနေမျိုးရောက်လေသည်။

ဖြစ်နိုင်ပါက ချက်ချင်းလူဝတ်လဲပြီး ထိုကချေသည်မကို လက်ထပ်ပေါင်းသင်းရန် အထိဖြစ်နေသည်။ ရဟန်းငါးဖော်တို့ တွင် သီဟိုဠ်ရဟန်းတော် ရှင်ရာဟုလာမှာ ပိဋကတ်စာပေ အ တတ်ဆုံးဖြစ်လေသည်။ စာတတ်ပုဂ္ဂိုလ်က ထိုကဲ့သို့ မနေနိုင် အောင်ဖြစ်သောကြောင့် ကျန်လေးပါးက မည်ကဲ့သို့ နားချရမည် မှန်း မသိကြတော့ပေ။

"ရာဟုလာ သင်သည် ငါတို့အထဲတွင် ကျမ်းတတ်ပုဂ္ဂိုလ် တစ်ဦးဖြစ်ပေတယ်၊ ထိုပုဂ္ဂိုလ်မျိုးကို ငါတို့က ဘယ်လိုတရားမျိုး ပြပြီး နားချရပါမလဲ"

"ရာဟုလာ အခိုက်အတန့်လေးမှာတွေ့တဲ့ သာယာမှု လေးတစ်ခုကြောင့် ဒီအချိန်ထိ ကြိုးစားဆောင်ရွက်ခဲ့တဲ့ သာသ နာပြုလုပ်ငန်း အပျက်အစီးမခံစေချင်ဘူး"

"သင်ဟာ ရာသက်ပန်ရဟန်းဘဝနဲ့ နေလာခဲ့ပြီးမှ လူ ဘဝကူးပြောင်းဖို့ဆိုတာ လွယ်တဲ့ကိစ္စမျိုးမဟုတ်ဘူး လူလောက ဆိုတာ ဒုက္ခအလွန်များတဲ့နေရာပဲ သင့်အနေနဲ့ လူ့လောကအ





ကြောင်းကို ဘာမှနားလည်တဲ့ သူတစ်ယောက်မဟုတ်ဘူး၊ ဒီလို အခြေအနေမျိုးနဲ့ လူဘဝကို သွားရင်တော့ သင့်အနေနဲ့ ဒုက္ခ တွေနဲ့ ကြုံတွေ့ရလိမ့်မယ်"

"ငါတို့ပြောတာကို နားထောင်ပါ ရာဟုလာ၊ သင့်ကို လူတွေကရော ရှင်ဘုရင်ကပါ ကြည်ညိုပူဇော်နေတာ. . သင် ဆောင်ရွက်နေတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေ ကြောင့်ပဲဖြစ်တယ်၊ ဒါတွေမရှိတော့ဘဲ သာမန်လူတစ်ယောက် ဘဝကို ရောက်သွားတဲ့အခါ သင့်ကိုယ် ဘယ်သူက အရေး တယူနဲ့ လှည့်ကြည့်ကြတော့မှာ မဟုတ်ပါဘူး၊ ဘာမှမဆုံးဖြတ် ခင် သေသေချာချာ စဉ်းစားစေချင်ပါတယ်"

ကျန်ရဟန်းဖော်များက စိတ်မကောင်းစွာဖြင့် အမျိုးမျိုး နားချကြသော်လည်း ရာဟုလာကတော့ နားမဝင်တော့ပေ၊ မီး လောင်ကျွမ်းပြီးသော သစ်ချောင်းကို သစ်ပင်အဖြစ် ပြန်လည်ပြု ပြင်၍ မရနိုင်သကဲ့သို့သော်လည်းကောင်း၊ ကြွေကျခါနီး သစ် သီးမှည့်ကို သစ်ပင်ထက်မှာ ဆက်လက်တည်ရှိစေရန် ပြုလုပ်၍ မရတော့သကဲ့သို့ သူ့အနေဖြင့် အခြားအဖော်များ အမျိုးမျိုးပြော ကြသော်လည်း နားမဝင်တော့ပါချေ။

"သင်တို့ပြောတာတွေကို ငါသဘောပေါက်ပါတယ်၊ ဒါ ပေမယ့် သူ့အပေါ်မှာ စွဲလမ်းတဲ့စိတ်ကိုတော့ ဘယ်လိုမှ ထိန်းလို့ မရတော့ဘူး၊ သူ့ကိုရမှပဲ ဖြစ်တော့မယ်၊ ငါလူထွက်ပြီး သူနဲ့အတူ တူနေဖို့ပဲ ကြိုးစားတော့မယ်"

ထိုစကားကြားသောအခါ ဆပွဲရှမှာ များစွာစိတ်အခိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

သူ့အနေဖြင့် ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သောကြောင့် ထိုကဲ့သို့သော ဖြစ်ပျက်တတ်သောသဘောကို သိသော်ငြား လည်း ရာဟုလာကဲ့သို့သော ကျမ်းတက်ပုဂ္ဂိုလ်တစ်ပါးကို ဆုံးရှုံး ရမည်ဆိုသောအခါ နှမြောမိလေသည်။ သို့သော်လည်း ရာဟု လာကတော့ မည်သို့ပင် ဖျောင်းဖျနားချကြသော်လည်း မရ တော့ပေ။ ကျန်လေးပါးအနေဖြင့်လည်း အလှူပွဲမှာ ခဏလေး တွေ့မြင်လိုက်ရသော ကချေသည်မတစ်ယောက်ကို ထိုမျှ လောက်စွဲစွဲလမ်းလမ်း ဖြစ်နေသည်ကို မြင်ရသောအခါ အံ့သြနေ ကြလေသည်။

သူတို့ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ အဟန့်အတားဖြစ်စေရန်သော်လည်းကောင်း၊ ပြိုကွဲသွားစေရန် သော်လည်းကောင်း ဖန်တီးလာလေရော့သလားဟုပင် ထင်မိ ကြလေသည်။ နောက်ဆုံး ရာဟုလာကို ဘယ်လိုမှ ဖျောင်းဖျနား ချ၍မရသောအခါ ဆပ္ပဒ္ဒကပြောလေသည်။

“ရာဟုလာ သင့်ကိုငါတို့ အကြိမ်ကြိမ်တရားပြပြီး ဆိုဆုံး မကြသော်လည်း သင်သည် ငါတို့စကားကို ပယ်ရှားခဲ့လေပြီ၊ ဖြစ်လျှင် ပျက်တတ်သော တရားကိုတော့ ငါတို့လည်း မတားဆီး သာတော့ပြီ၊

သာသနာ့တွင် မပျော်ပိုက်တော့မည်ဆိုလျှင် ငါတို့လည်း မတတ်နိုင်တော့ပြီ၊ သို့သော်တစ်ခုတော့ ပြောပါရစေ”

“ပြောပါ”





“တခြားတော့ မဟုတ်ပါဘူး၊ သင်လူဝတ်လဲမည်ဆိုလျှင် တော့ ပုဂံပြည်မှာတော့ လူဝတ်မလဲပါနဲ့၊ ငါတို့ထူထောင်ထား သော သံဃာ့ဂိုဏ်းများကို အခြားပုဂ္ဂိုလ်များက အထင်အမြင် သေးမှာစိုးသောကြောင့် ဖြစ်ပါတယ်”

ရာဟုလာက ဘာမှပြန်မပြောဘဲ ကြည့်နေလေသည်။

“သင် လူဝတ်လဲမည်ဆိုလျှင် ရာမညတိုင်းကိုသွားပါ၊ ထိုမှ သင်္ဘောဖြင့် မာလာယကျွန်းကို အရောက်သွားပါ၊ ထိုကျွန်း မှာ သာသနာရေးကိစ္စအချို့ကို ဆောင်ရွက်ပြီးမှသာ လူဝတ်လဲ စေချင်ပါတယ်”

“ကောင်းပါပြီ သင်တို့ဆန္ဒအတိုင်း ဆောင်ရွက်ပါမယ်”

ဟု ကတိပေးလေသည်။

တကယ်တော့ ရာဟုလာသည် ကချေသည်မအပေါ် စွဲလမ်းစိတ်က အတော်ပင်ပြင်းထန်နေသော်လည်း ရဟန်းတော် များကို ကတိပေးပြီးဖြစ်သောကြောင့် ၎င်းကို စိတ်ချမ်းသာပါစေ တော့ဟု မာလာယကျွန်း (ယခု မလေးရှား)သို့သွားရန် ဆုံးဖြတ်ခဲ့ ခြင်းဖြစ်၏။

ထိုနောက်မှာ ကချေသည်မအပေါ် စွဲလမ်းစိတ်များကို ချိုးနှိမ်ပြီး မာလာယကျွန်းသို့ ခရီးထွက်ခဲ့လေသည်။ ဆပ္ပဒ္ဒတို့ လေးဖော်မှာတော့ စိတ်မကောင်းကြီးစွာဖြစ်လျက် ကျန်ရစ်ခဲ့ကြ လေသည်။

၎င်းတို့ငါးဦးမှာ မြန်မာပြည်၌ သာသနာပြုရန် စိတ်တူ သဘောတူပင် ထွက်ခဲ့ကြခြင်းဖြစ်သည်။ ပုဂံပြည်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ၄င်းတို့ကပင် ဦးဆောင်ကာ သီဟိုဠ်ဂိုဏ်းကို ထူထောင်ကြတော့လည်း အောင်မြင်ခဲ့ကြလေသည်။ ပုဂံပြည့်ရှင်ဘုရင်ကပင် လေးစားကြည်ညိုသည်အထိ ခရီးပေါက်ခဲ့ကြသည်။ ထိုအခြေအနေမျိုးရောက်တော့မှ မိမိတို့သီဟိုဠ်ဂိုဏ်းမှ အားကိုးအားထားပြုရသော ရဟန်းတစ်ပါးက လမ်းခွဲသွားသောအခါ များစွာအားလျော့သွားကြလေသည်။

မိမိတို့နှင့် လက်တွဲဖော်လည်းဖြစ်၊ သာသနာပြုဖက်လည်းဖြစ်၊ ညီရင်းအစ်ကိုတမျှ အားကိုးရသောသူတစ်ဦး မမျှော်လင့်ဘဲ လျော့သွားသောအခါ များစွာစိတ်ထိခိုက်မှုဖြစ်ကြရသည်။

နောက်မကြာမီမှာပင် ဆပ္ပဋမထေရ်လည်း ပျံလွန်တော်မူသွားခဲ့ပြန်သည်။ ကျန်ရဟန်းသုံးဖော်တို့ ပုဂံပြည်တွင် ဖွဲ့ကောင်းကောင်းနှင့် သီဟိုဠ်ဂိုဏ်းကို ကြိုးစားဆောင်ရွက်ရာ ပုဂံပြည်မှာသာမက မြန်မာနိုင်ငံအနှံ့အပြားသို့ ပြန့်နှံ့ရောက်ရှိသွားလေသည်။ မြန်မာနိုင်ငံတွင် သီဟိုဠ်ဂိုဏ်း သာသနာပြန့်နှံ့ရောက်ရှိခြင်းမှာ မဟာခရီးသည် ဆပ္ပဋမထေရ်ကြောင့်ပင် ဖြစ်ပေသည်။

သို့ကြောင့် အင်းဝထူပါရုံဒါယကာ ဘုရင်နရပတိလက်ထက် (၁၄၄၃-၁၄၆၉)တွင် 'သဒ္ဓမ္မဇောတိပါလ' ဘွဲ့တော်ချီးမြှင့်ပေးခဲ့သည်။ ဆပ္ပဋမထေရ်ပင်ဖြစ်မည်ဟု ယူဆကြသည်။

ရှင်ဆပ္ပဋမထေရ် ပျံလွန်တော်မူပြီး နောက်ပိုင်းရောက်မှ ၄င်းပြုစုခဲ့သော ကျမ်းများနှင့်ပတ်သက်ပြီး အယူအဆကွဲပြားခဲ့ကြလေသည်။





အချို့ပညာရှင်များကတော့ မဟာခရီးသည် ဆပ္ပဋမထေရ်မှာ မည်သည့်ကျမ်းစာမှ ရေးသားပြုစုခြင်းမရှိဘဲ သီဟိုဠ်ဂိုဏ်း ထူထောင်ရန်သာ ကြိုးစားဆောင်ရွက်ခဲ့သည်ဟု ယူဆကြလေသည်။ မည်သို့ပင်ရှိစေ. . .

မြန်မာနိုင်ငံမှ သာသနာပြုလုပ်ငန်းများအကြောင်းကို ရေးမည်ပြောမည်ဆိုလျှင် သော်လည်းကောင်း၊ မဟာခရီးသည်များအကြောင်းကို ပြောမည်ဆိုလျှင်သော်လည်း ဆပ္ပဋမထေရ်အကြောင်းကို ထည့်သွင်းပြောကြားကြရမည်မှာ ဧကန်ပင်ဖြစ်၏။ ပုဂံပြည်ကြီးပျက်စီးသွားခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် မပျက်မစီးဘဲရှိနေသေးသော စေတီတစ်ဆူရှိသည်။

'ဆပ္ပဋစေတီတော်. . 'ပင်ဖြစ်၏။

ထိုစေတီတော်ကား လွန်ခဲ့သော နှစ်ပေါင်းများစွာက သာသနာရေးအတွက် မဟာခရီးရှည်ထွက်ခဲ့သည့် ဆပ္ပဋမထေရ်ကိုရည်စူးပြီး တည်ထားခဲ့သော စေတီတော်ပင်ဖြစ်တော့သည်။

ထိုနေရာမှာပင် ကချေသည်မတစ်ယောက်ကို စွဲလမ်းစိတ်လွန်ကဲမှုကြောင့် ရည်ရွယ်ချက်ကြီးမားလှသော သာသနာပြုလုပ်ငန်းကြီးတစ်ခုလုံးနှင့် မြင့်မြတ်သောရဟန်းဘဝကိုပင် စွန့်လွှတ်ခဲ့ခဲ့သော ရာဟုလာအကြောင်းကို ဆက်လက်ရေးသားဖော်ပြပါမည်။

ရှင်ရာဟုလာသည် သီတင်းသုံးဖက် ရဟန်းဖော်များကဘောင်းပန်သော စကားအတိုင်း ပုဂံပြည်မှာလူဝတ်မလဲဘဲ ရှိမ



www.burmeseclassic.com

www.burmeseclassic.com



ညတိုင်းသို့ သွားလေသည်။ ထိုမှတစ်ဆင့် သင်္ဘောစီးကာ မာလာယကျွန်းသို့ ရောက်အောင်သွားလေသည်။ ထိုကျွန်းမှာ ရဟန်းသံဃာများရှိသော်လည်း ပိဋကတ်စာပေကျွမ်းကျင်တတ်မြောက်သော ပုဂ္ဂိုလ်မရှိပေ။ ရှင်ဘုရင်က ၎င်းကျွန်းသို့ ရှင်ရာဟုလာရောက်လာသောအခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရဟန်းသံဃာတို့ လိုက်နာကျင့်သုံးရသော ဝိနည်းစည်းကမ်းများကို ဟောကြားပြသစေသည်။

ရှင်ရာဟုလာက ခုဒ္ဒသိက္ခာကျမ်းကို အဖွင့်ဋီကာနှင့်တကွ သင်ကြားပြသပေးလေသည်။ ရှင်ဘုရင်က ရှင်ရာဟုလာအား များစွာ ကြည်ညိုလေးစားသွားလေသည်။ သူပိုင်သော ကျွန်းပေါ်တွင် ထိုကဲ့သို့သော ပိဋကတ်စာပေများကို သင်ကြားပေးသောကြောင့် ကျေးဇူးတင်သောကြောင့် ၎င်း၏သပိတ်တစ်လုံးစာ ပတ္တမြားများဖြင့် လှူဒါန်းပူဇော်လိုက်လေသည်။

လူဝတ်လဲချင်နေသော ရာဟုလာအတွက် မီးလောင်ရာ လေပင့်ဆိုသကဲ့သို့ အကြံအစည်အထမြောက်သွားလေတော့သည်။ သူသည် ပတ္တမြားများကို ယူဆောင်ပြီး အခြားတစ်နေရာတွင် လူဝတ်လဲလိုက်သည်။

ထို့နောက် ပတ္တမြားများကို ယူဆောင်ပြီး ပုဂံသို့ ပြန်သွားကာ ကချေသည်မနှင့်တွေ့ဆုံကာ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။ ကချေသည်မ၏ အမည်မှာ ဘရဏီဖြစ်သည်။ ရာဟုလာမှာ လူဝတ်လဲပြီးနောက်မှာ သူ၏အမည်ကို 'ဝေလ'ဟု ပေးလိုက်သည်။ ဘရဏီကလည်း ဝေလထံမှာ ပတ္တမြားများ





သပိတ်တစ်လုံးစာ ပါလာသောကြောင့် အလွယ်တကူ လက်ခံလိုက်လေသည်။ ထိုအကြောင်းကို ရှင်ဘုရင်သိသွားသောအခါ စိတ်မချမ်းမသာ ဖြစ်ရလေသည်။ ထို့နောက် နှစ်ယောက်စလုံးကို ရွှေတော်မှောက်ခေါ်ယူပြီး အမိန့်ရှိလေသည်။

“ရာဟုလာ သင်သည် မြင့်မြတ်သောနေရာမှ ယုတ်ညံ့သော လောကန္တရိုက်အတွင်းသို့ ဆင်းသက်ခဲ့သူဖြစ်ပေတယ်၊ ရဟန်းဘဝနှင့် ကြွလာစဉ်က ငါနန်းတော်ထဲမှာ ရှိသောသူများ၏ ပူဇော်ခြင်းကိုခံရတယ်၊ ပလ္လင်ပေါ်မှာထိုင်ပြီး ငါရဲ့ရှိခိုးခြင်းနှင့်တကွ အများလူတို့ရဲ့ ရှိခိုးခြင်းကိုခံရတယ်၊ ထိုကဲ့သို့ ပူဇော်ခြင်းမှာ သင့်ကို ပူဇော်ခြင်းမဟုတ်ပေ၊ ဗုဒ္ဓ၏ တပည့်သံဃာတော်အနေဖြင့် ပူဇော်ခြင်းဖြစ်ပေတယ်၊ ယခုသင်သည် မြင့်မြတ်သောဘဝမှ နိမ့်ရာသို့ ဆင်းလာခဲ့ချေပြီ၊ ယခုအခါ သင့်ကို ပူဇော်ကြည်ညိုခဲ့ရသူအားလုံး၏ အပြစ်တင်အထင်သေးသောအကြည့်ကိုသာ သင်ရပေတော့မည်”

ဟု စိတ်မကောင်းစွာဖြင့် မိန့်ကြားတော်မူလေသည်။

ပြီးမှ ကချေသည်မ ဘရဏီကိုကြည့်ပြီး. . .

“သင်ဟာ သာသနာဖျက်သော မိန်းမတစ်ယောက်ဖြစ်ပေသည်၊ ထိုသူမျိုးမှာ ယခုဘဝမှာလည်း မကောင်း၊ နောင်ဘဝမှာလည်း မကောင်းပေ၊ သာသနာတော်ကို ဖျက်ဆီးသူသည် အမျိုးဂုဏ်ကို ဖျက်ဆီးသူပင်ဖြစ်ပေသည်၊ သို့ကြောင့် သင်တို့သည် ငါ့တိုင်းပြည်နယ်နိမိတ် အတွင်းမှာ နေခွင့်မရှိဘဲ မြို့အပြင်ဘက်ရှိသည့် ဘုရားကျွန်း၊ ကျောင်းကြီးကျွန်းများနေသော နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

သွားနေကြစေ. . .”

ဟု အမိန့်တော်ရှိလေသည်။

ဝေလနှင့်ဘရဏီတို့ ဇနီးမောင်နှံမှာ ချစ်စခင်စ ကြင်နာစဖြစ်သောကြောင့် ထိုကဲ့သို့နေရသော်လည်း ဘာမှထွေထွေထူးထူး မဖြစ်ကြဘဲ ရှင်ဘုရင်အမိန့်ပေးသည့်အတိုင်း မြို့ပြင်ဘက်မှာရှိသော ဘုရားကျွန်၊ ကျောင်းကြီးကျွန်များသာ စုပေါင်းနေထိုင်သောရွာသို့ ရွှေ့ပြောင်းနေထိုင်ကြလေသည်။

ဝေလစိတ်ထဲမှာတော့ သူ့ထံမှာ သပိတ်တစ်လုံးစာ ပတ္တမြားများ ရှိနေသောကြောင့် စိတ်ပျက်အားငယ်ခြင်း မဖြစ်မိပေ။

ထိုရတနာများကို ထုခွဲရောင်းချပါက တစ်နေ့ကျလျှင် သူသည် ကြီးပွားချမ်းသာခြင်းဘဝသို့ ရောက်မည်ဟုလည်း မျှော်လင့်ထားလေသည်။

ထိုရွာမှာ ဧရာဝတီမြစ်ကမ်းနှင့် မဝေးလှသောနေရာမှာရှိပြီး အတော်အတန်ကြီးသော ရွာဖြစ်သည်။ ၎င်းရွာအမည်မှာ ကုသလရွာဟု အမည်ပေးထားကြသည်။ ထိုရွာမှာ နေထိုင်ကြသူတို့မှာ သာမန်လူမရှိဘဲ ဘုရားကျွန်၊ ကျောင်းကျွန်များ၊ ကယ်ပါ၊ သူတောင်းစားနှင့်သူဘရာဇာတို့သာ ရှိကြလေသည်။

တစ်ရွာလုံးက ထိုလူများသာရှိပြီး သာမန်လူဆို၍ သူတို့နှစ်ယောက်သာရှိသဖြင့် များစွာစိတ်ဆင်းရဲကြရသည်။ ထိုရွာမှာ မနေလိုဘဲ အခြားသို့ ထွက်ပြေးလိုသော်လည်း ရှင်ဘုရင်အမိန့်နှင့်နေကြရသောကြောင့် အခြားသို့ သွားခွင့်မရပေ။





အကယ်၍ ကိုယ့်သဘောနှင့်ကိုယ် အခြားသို့ရွှေ့ပြောင်းသွားပါက ဘုရင့်အမိန့်ကို ဖီဆန်သော အပြစ်ကြောင့် အသတ်ခံကြရမည်ဖြစ်သည်။ တကယ်တော့ ရှင်ဘုရင်က ‘ရာဟုလာ’ တဖြစ်လဲ ဝေလကို နောင်တရပြီး ရဟန်းဘဝသို့ပြန်ရောက်စေလိုသော ဆန္ဒဖြင့် ထိုကဲ့သို့သောနေရာမျိုးကို ပို့လိုက်ခြင်းဖြစ်ပေသည်။

သို့သော်လည်း ဝေလကတော့ သူလိုချင်သောသူကို ရပြီး လွတ်လပ်စွာနေရသောဘဝကို နှစ်သက်သဘောကျနေလေသည်။

သူယူဆောင်လာသော သပိတ်တစ်လုံးစာ ပတ္တမြားများကိုတော့ လျှို့ဝှက်သောနေရာ၌ မြှုပ်နှံထားလေသည်။ သူတို့ထိုရွာသို့ ရောက်သွားပြီး မကြာခင်မှာပင် ကုသလရွာသို့ အုပ်ချုပ်နေသည့် လူကြီးတစ်ယောက် ရောက်လာလေသည်။ ထိုလူကြီး၏ အမည်မှာ ဦးနေဒွန်းဖြစ်ပြီး အသက်ငါးဆယ်ကျော်အရွယ်ခန့်ဖြစ်သည်။ သူသည် တစ်ချိန်က အရည်းကြီးဂိုဏ်းဝင်တစ်ဦးဖြစ်ခဲ့ပြီး ယခုနောက်ပိုင်းမှ ဘုရားကျွန်တစ်ဦး ဖြစ်နေလေသည်။

“မင်းတို့က ဘုရင့်အမိန့်တော်နဲ့ ဒီရွာရောက်လာကြတာဆိုတော့ ဒီရွာရဲ့ ထုံးစံတွေစည်းကမ်းချက်တွေကိုတော့ ပြောပြထားရမယ်”

ဟုပြောသည်။

“ပြော. . ပြောပါဗျာ”

“ဒီရွာမှာနေခွင့်ရတဲ့ သူမှန်သမျှ သူနဲ့သက်ဆိုင်တဲ့ အ


www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုမဖြစ်မနေ လုပ်ကြရတယ်၊ ဘုရားကျောင်းကျွန်တွေကလည်း ဘုရားနဲ့ သက်ဆိုင်တဲ့ ဝေယျာဝစ္စကိစ္စတွေ ဆောင်ရွက်ကြရတယ်”

“ဟုတ်ကဲ့”

“ကျောင်းကြီးကျွန်တွေကလည်း ကျောင်းနဲ့သက်ဆိုင်တဲ့ ဝေယျာဝစ္စတွေ နေ့စဉ်ဆောင်ရွက်ကြရတယ်၊ ကယ်ပါတွေ သူတောင်းစားတွေကလည်း နေ့စဉ်အတောင်းအရမ်း ထွက်ကြရတယ်၊ ကိုယ့်မှာ စားဖို့သောက်ဖို့ရှိနေရင်လည်း မတောင်းဘဲ နေလို့မရဘူး”

“ဟင်. . .”

ထိုစကားကြောင့် ဝေလမှာ မျက်လုံးပြူးသွားလေသည်။ သူ့အနေဖြင့် သီဟိုဠ်သားတစ်ယောက်ဖြစ်သောကြောင့် ပုဂံပြည်မှ ဓလေ့ထုံးစံများကို မသိပေ။

ဘရဏီကတော့ ပုဂံပြည်မှာနေသူဖြစ်သဖြင့် ထိုအကြောင်းများကို တစ်စွန်းတစ်စတော့ ကြားဖူးထားလေသည်။

“မတောင်းပဲနေလို့ မရဘူးလား”

“မရဘူး၊ ကယ်ပါတွေ သူတောင်းစားတွေက တခြား ထွက်မတောင်းရင်တောင် သူတောင်းစားမှန်းသိအောင် ခုနစ်အိမ်ထောင်စေ့အောင် တောင်းရတယ်”

ထိုစကားကြားသောအခါ ဝေလမှာ များစွာစိတ်ဆင်းရဲသွားလေသည်။ ပတ္တမြားသပိတ်တစ်လုံးစာ ရထားသည့်အပြင် ကိုယ်နှစ်သက်သော ကချေသည်မကိုပါ ရထားပြီး ဖြစ်သော





ကြောင့် စိတ်ထဲတွင် ပျော်ရွှင်ကျေနပ်နေသော စိတ်ကလေးများမှာ ယခုတော့ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြလေပြီ. .။

“အဲ. . အဲဒီ အလုပ်မျိုး မလုပ်ဘဲ နေလို့မရဘူးလား”

“အဲဒီလို တောင်းရမ်းစားသောက်တဲ့ အလုပ်မျိုးကို မလုပ်ချင်လည်း ရတယ်၊ ဒါပေမယ့် တခြားအလုပ်တစ်ခုခုတော့ လုပ်ရလိမ့်မည်၊ သုဘရာဇာအလုပ်မျိုး မင်းလုပ်နိုင်ပါ့မလား”

“မလုပ်နိုင်ပါဘူး၊ မလုပ်ပါရစေနဲ့”

“ဒါဖြင့် ဘုရားကျွန် ကျောင်းကျွန်အလုပ်ပဲ ကျန်တော့တယ်”

“ဘုရားကျွန်ဆိုတာ ဘာတွေလုပ်ရသလဲဟင်”

“ဘုရားတစ်ဆူဆူမှာ ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးရတယ်၊ ဘုရားကိုကပ်လှူထားတဲ့ ဆွမ်းကျန်တွေကို စားသောက်ခွင့်ရတယ်၊ ဒီအလုပ်မျိုးက ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ်မျိုးပါကွာ. .”

ဟု ဦးနေဒွန်းက စိတ်ရှည်လက်ရှည် ပြောပြလေသည်။

“ဒီ. . ဒီလိုဆိုရင်လည်း ဘုရားဝေယျာဝစ္စပဲ လုပ်ပါရစေဗျာ. . .”

“အေးလေ. . ဒါကတော့ မင်းတို့လုပ်နိုင်တာလုပ်ပေါ့၊ ဒါပေမယ့် ဒီအဝတ်အစားတွေဝတ်ထားရင် မင်းတို့ကို ဘုရားကျွန်မှန်း ဘယ်သိကြပါ့မလဲ၊ ဒီတော့ သက်ဆိုင်ရာ အဝတ်တွေကိုပဲ ဝတ်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး အညိုရောင်အဝတ်များကို ယူလာပြီး ပေးသည်။ သူတို့ဝတ်လာသော အဝတ်အစားကောင်းများကိုတော့ ချွတ်ပြီး ရွာလူကြီးဦးနေဒွန်းက ယူသွားလေတော့သည်။

ဦးနေဒွန်းကပင် သူတို့နှစ်ယောက်နေရန် တဲဟောင်းတစ်လုံး စီစဉ်ပေးသည်။

ဝါးလုံးတိုင်စိုက်ပြီး သက်ကယ်ပျစ်များ တင်ထားကာ ဝါးကြမ်းခင်း ခင်းထားလေသည်။ ယခင် သင်္ကန်းဝတ်ထားသော အချိန်က မိုးထိမြင့်သော ကျောင်းတိုက်ကြီးမှာ နေခဲ့ရသော်လည်း ယခုသင်္ကန်းမရှိတော့သည့်အခါမှာတော့ ကယ်ပါရွာမှ တဲတစ်လုံးသို့ ရောက်နေရချေပြီ။

သပိတ်တစ်လုံးစာရှိသော ပတ္တမြားများကို မက်ပြီး ရဟန်းလူထွက်ကိုယူခဲ့သော ကချေသည်မ ဘရဏီမှာလည်း ယခုတော့ နန်းတွင်းကချေသည်တစ်ဦး မဟုတ်တော့ဘဲ ကယ်ပါရွာသူဘဝ ရောက်ခဲ့ရချေပြီ။

သူတို့ယူဆောင်လာသော ပတ္တမြားများမှာ ယခုအချိန်မှာတော့ ဘာမှတန်ဖိုးမရှိသကဲ့သို့ဖြစ်ကာ လုံခြုံသောနေရာမှာ လျှို့ဝှက်စွာ ထားရလေတော့သည်။ သူတို့နှစ်ယောက်၏အဖြစ်မှာ ကံကြောင့်ဖြစ်တာလား လူကြောင့်ဖြစ်တာလား ဆိုသည်ကတော့ မသိနိုင်သောအကြောင်းတစ်ရပ်ပင် ဖြစ်ပေတော့သည်။







## အခန်း (၆)

# ပတ္တမြားဝှက်ထားသောရုက္ခစိုး

ဘဝကံတို့သည် ဘယ်သူမပြု မိမိမှုပင် ဆိုရပေတော့သည်။ ပတ္တမြားသပိတ်တစ်လုံးစာ ရရှိထားပြီးသော်လည်း သုံးခွင့်မရဘဲ ကုသလရွာမှာပင်နေကာ ဘုရားတစ်ဆူတွင် ဝေယျာဝစ္စပြုလုပ်ရင်း ဆွမ်းတော်ကျန်များကိုသာ စားသောက်ကြရသည်။ ရဟန်းဘဝတွင် ဆွမ်းဦးဆွမ်းဖျား စားသောက်ရသော်လည်း ယခုဘဝမှာတော့ ဆွမ်းကျန်ဟင်းကျန်များကိုသာ စားသောက်ကြရလေသည်။ ဆွမ်းကျန်ဟင်းကျန်ရဖို့ကလည်း သိပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မလွယ်လှပေ၊ ဘုရားဝေယျာဝစ္စများကို တစ်နေကုန် လုပ်ကိုင်ပြီးမှ စားသောက်ခွင့်ရခြင်းဖြစ်သည်။

ဘုရားကျွန်၊ ကျောင်းကျွန်များနှင့်ပတ်သက်၍ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးမှတ်တမ်း၌ အောက်ပါအတိုင်း တွေ့ရလေသည်။

ကျောင်းတော်ရာစေတီတော်မြတ်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ပုံအစဉ်အလာမှာ ဇေယျသူရမည်သော အလောင်းစည်သူမင်းလက်ထက် စေတီပေါ်ပေါက်သည့်ကာလမှစ၍ နယ်စားမြို့စား မြို့တိုင်မြို့ကွက် စစ်ကျိုမှူးတို့နှင့် တိုင်ပင်ညီညွတ်၍ သီတင်းသုံးစေ၍ သံဃရာဇာ(သို့မဟုတ်)ဘုရားဆရာတော်အဖြစ် ကျောင်းတင်လှူရသည်။

ယင်းသံဃရာဇာဆရာတော် (သို့မဟုတ်) ဘုရားဆရာတော်က အလောင်းစည်သူမင်းကြီး စီမံပြဋ္ဌာန်းပေးခဲ့သော သံဃရာဇာ၏ အခွင့်အာဏာ အခွန်စည်းကြပ်မှု အခွင့်အာဏာ၊ တရားစီရင်မှု့အခွင့်အာဏာတို့ကို ကိုင်စွဲလျက် ဘုရားမှု၊ ကျောင်းမှုတို့ကို အားလုံးစီမံခန့်ခွဲ၍ အုပ်ချုပ်စောင့်ထိန်းရလေသည်။

အရံစောင့်ဘုရားကျွန် ကျောင်းကျွန်များသည် သံဃရာဇာ(သို့မဟုတ်) ဘုရားဆရာတော်၏ စီမံခန့်ခွဲမှု အစေအပါးကို ခံယူရလေသည်။ ဝတ္ထုကံမြေတော်အတွင်းရှိ လယ်ယာများကို လုပ်ကိုင်စားသောက်ကြသော လူတို့သည် ထွက်ရှိသော အသီးအနှံတို့မှ ဒသဘာဂကပ္ပိယအဖြစ် ဆယ်စုတစ်ခုကို ဘုရားကြီးအားလှူဒါန်းရလေသည်။





ယင်းအခွန်အစုတို့ကို ရွာသူကြီးများမှ ကောက်ခံ၍ သံဃရာဇာ(သို့မဟုတ်)ဘုရားဆရာတော်ထံ ပို့အပ်ရလေသည်။ သံဃရာဇာ(ဝါ)ဘုရားဆရာတော်က ကပ္ပိယကာရကဖြင့် အသုံးချ၍ ဘုရားကြီးအား ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရလေသည်။

ထို့ပြင် ဘုရား၏ဝတ္ထုကံမြေတော်တွင် နေထိုင်ကြသော လူတို့၏ ခိုးဝှက်မှုစသော တရားတပေါင် အမှုအသေးရှိသမျှကို သံဃရာဇာရှေ့တွင်သာ စီရင်ပြီးပြတ်ရသည်။

၄င်းအမှုမှ ထွက်ရှိလာသော အခွန်၊ ဒဏ်ငွေ၊ ဝတ္ထုပစ္စည်းစသည်တို့ကို ဘုရားဝတ္ထုကံနယ်မြေအတွင်းနေလူများဖြစ်သောကြောင့် ဘုရားသို့သာ လှူဒါန်းရလေသည်။

အမှုသည်က သံဃရာဇာရှေ့ မပြီးပြတ်လို၍ လယ်ကိုင်းနှင့်စလင်းမြို့စား တရားသူကြီးထံသွား၍ အစီရင်ခံသော်လည်း လယ်ကိုင်းစလင်းမြို့စား တရားသူကြီးများမှ စီရင်မှုပြီးပြတ်သည့်အခါ ဒဏ်ငွေ၊ ဝတ္ထု၊ အခွန်စသည်တို့ကို ဘုရားသို့သာ ပို့လှူဒါန်းရလေသည်။ သံဃရာဇာက တောင်းယူရသည်။ မင်း မယူရပေ။ မြို့စားနှင့်မပြီးပတ်လို၍ မင်းကြီးထံ ရောက်ပြန်သော် မင်းကြီးက ဆုံးဖြတ်စီရင်သည့်အခွန်၊ ဒဏ်ငွေ၊ ဝတ္ထုပစ္စည်းတို့မှာ ဘုရားသို့သာ ပို့လှူဒါန်းရသည်။ မင်းဘဏ္ဍာ မဖြစ်စေရ။

ထို့ပြင် ဘုရားကြီးဝတ္ထုကံမြေအတွင်း လာရောက်၍ ကုန်ရောင်းကုန်ဝယ် လက်မှုအလုပ်စသည်တို့ ပြုလုပ်ကြသော် ဘုရားကြီးအတွက် သက်ဆိုင်ရာ အခွန်မျိုးတို့မှ ဆယ်ခိုင့်တစ်ခိုင်စသည်အားဖြင့် အခွန်ကောက်ခံမှု စာတမ်းအရ ကောက်ခံ၍



www.burmeseclassic.com

www.burmeseclassic.com



သံဃရာဇာထံ အပ်ရသည်။ သံဃရာဇာက ဘုရားကိစ္စအတွက် စီမံခန့်ခွဲ အသုံးချရလေသည်။ ငှင်းပြင် ကျောင်းတော်ရာသံဃရာဇာကိုယ်တိုင်ဖြစ်စေ၊ သံဃရာဇာကခိုင်း၍ဖြစ်စေ၊ မင်းပိုင်နက်မြေ၌ ဖိတ်ကြား၍အမှုကိစ္စဆောင်ရွက်သော်လည်းကောင်း၊ ဘုရားအတွက် ပစ္စည်းများဖြတ်သွား သယ်ဆောင်သော်လည်းကောင်း၊ မင်းတို့က အခွန်မကောက်ခံရ။

ငှင်းပြင် ကျောင်းတော်ရာ သံဃရာဇာအမိန့်ဖြင့် လယ်ကိုင်းမြို့စသော မင်းပိုင်နက်မြေအတွင်း၌ ကျွန်သွားကျွန်အရန်စောင့် စသည် ဝယ်သော် မင်းတို့က အခွန်မကောက်ခံရပေ။

မင်းပိုင်နက်မြေအတွင်း နေထိုင်သူတို့ကား ဘုရားပိုင်နက် ဝတ္ထုကံနယ်မြေအတွင်းသို့ လာ၍ရောင်းဝယ်ဖောက်ကား အမှုလုပ်ခဲ့သော် အခွန်လွတ်သည်ဟူ၍ မရှိစေရပေ။

ဘုရားကျွန် ကျောင်းကျွန်ဘဝ ရောက်သွားလျှင်တော့ ဘုရားနှင့်ပတ်သက်သော ဝေယျာဝစ္စများကို မလွဲမသွေဆောင်ရွက်ကြရသည်။ လင်မယားနှစ်ယောက်ရှိလျှင် တစ်ယောက်တည်းလုပ်၍ မရပေ။ နှစ်ယောက်စလုံး လုပ်ကိုင်ကြရသည်။

နံနက်လင်းသည်နှင့် အခြားဘာမှလုပ်ခွင့်မရဘဲ မိမိတို့နှင့်သက်ဆိုင်ရာ အလုပ်များကို လုပ်ကြရသည်။ ဘုရားကျွန်၊ ကျောင်းကျွန်များက သူတို့တာဝန်ယူထားသော ဘုရား၊ ကျောင်းများသို့ သွားကြရသည်။ သူတောင်းစားများက အရပ်တကာလှည့်ပြီး တောင်းရမ်းကြရသည်။

သုဘရာဇာတို့ကတော့ သုသာန်သို့သွားပြီး လူသေ





ရောက်လာလျှင် မြေကျင်းတူးပေးခြင်း၊ မြှုပ်နှံပေးခြင်းများပြုလုပ်ပေးကြရသည်။ ထိုမှရသော ငွေကို စားသောက်ရသည်။ ကုသလရွာမှာနေကြသော သူတောင်းစားများအပါအဝင် အခြားလူတို့တွင် အချို့မှာ ငွေကြေးစုဆောင်းမိသဖြင့် စားနိုင်သောက်နိုင်အခြေအနေမျိုး ရှိကြသည်။ ထိုသို့ရှိသော်လည်း မိမိလုပ်နေကျအလုပ်ကိုတော့ မလုပ်ဘဲနေ၍မရပေ။

ဝေလတို့လင်မယားမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။ ငှင်းတို့မှာ ပတ္တမြားများရှိနေသော်လည်း သုံးစွဲခွင့်မရကြပေ။

ရှင်ဘုရင့်အမိန့်တော်ဖြင့် ထိုရွာမှာလာနေရပြီး ဘုရားကျွန် ကျောင်းကျွန်များ လုပ်နေကြရသည်။

"ဒီအတိုင်းသာနေသွားရရင်တော့ ကျွန်မတော့ သေရမှာအမှန်ပဲ၊ ရှင့်ဆီမှာ ပတ္တမြားတွေပါလာလို့ ကချေသည်အလုပ်ကို စွန့်လွှတ်ပြီးတော့ ရှင့်ကိုယူခဲ့တာ အခုတော့ ချမ်းချမ်းသာသာမနေတဲ့အပြင် ဘုရားကျွန်ဖြစ်နေရပြီ. . ."

ဟု ဘရဏီကပြောသည်။

"ငါလည်း မင်းလိုပါပဲကွာ၊ နန်းတော်ထဲက ပလ္လင်ပေါ်မှာ ထိုင်ပြီး တရားပြနေတဲ့ဘဝကနေ ဘုရားကျွန်ဘဝရောက်နေရတာပါပဲ၊ အဲဒါ မင်းကိုစွဲလမ်းမိတဲ့စိတ်ကြောင့် အခုလိုဖြစ်ရတာ"

"ဒါကတော့ ကျွန်မလည်း ဘာမှမတတ်နိုင်ဘူး၊ ကျွန်မကစပြီး ဖန်တီးခဲ့တဲ့အကြောင်းလည်းမဟုတ်ဘူး၊ အခုတော့ သူတွေက ကျွန်မကို သာသနာ့ဖျက်တစ်ယောက်ဆိုပြီး စွပ်စွဲတာ



www.burmeseclassic.com

www.burmeseclassic.com



ခံနေရတယ်”

“အေးကွာ အခုချိန်ကျမှတော့ ဒီအကြောင်းတွေကို ပြန်ပြောပြီး တစ်ယောက်နဲ့တစ်ယောက် အပြစ်ပြောနေလို့လည်း မသင့်တော့ပါဘူး”

“ဒါဖြင့် ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ”

“ငါတို့မှာရှိတဲ့ ရတနာပစ္စည်းတွေကို အသုံးပြုပြီးတော့ ဒီဘဝကလွတ်မြောက်အောင် ကြိုးစားရမှာပေါ့ကွာ”

“ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါမလဲ ဘုရင့်အမိန့်တော်နဲ့ ဒီမှာနေရတာ ဒီနေရာက ထွက်ပြေးရင် အပြစ်ဖြစ်မှာပေါ့ ကျွန်မတို့ အသတ်ခံရမှာပေါ့”

“အခုလည်း အသက်ရှင်နေရပေမယ့် ဘဝသေနေရပြီပဲ အသတ်ခံရလို့ သေသွားတော့လည်း ဝဋ်ကျွတ်သွားတယ်လို့ပဲ သဘောထားရမှာပဲ”

“အို . ဒီလိုလည်းဘယ်ဖြစ်ပါ့မလဲ၊ ရှင်ရလာတဲ့ ရတနာတွေရှိသေးတယ်လေ၊ ကျွန်မတို့သေသွားခဲ့ရင် ဒီပစ္စည်းတွေက အလကားဖြစ်သွားမှာပေါ့”

ဟု ဘရဏီက ဖျောင်းဖျနားချသောကြောင့် ဝေလလည်း ဘာမှထပ်မပြောတော့ပေ။

တစ်နေ့သ၌ ဘုရားပေါ်မှာ ဝေယျာဝစ္စများဆောင်ရွက်နေစဉ် ရဟန်းတော်နှစ်ပါး ဘုရားဖူးကြွလာသည်ကို လှမ်းမြင်ရသည်။ ထိုရဟန်းနှစ်ပါးမှာ အခြားမဟုတ်ကြပေ။ သူနှင့်သတင်းသုံးဖော်နှစ်ပါးဖြစ်နေသောကြောင့် များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။ သို့ကြောင့် ရဟန်းနှစ်ပါးဘုရားပေါ်မှာ ဘုရားဝပ်ပြုနေကြစဉ် ဝေလမှာ တစ်နေရာ၌ မမြင်အောင်ကွယ်နေရလေသည်။

ကြည်ညိုဖွယ်ရာကောင်းသော ရဟန်းဘဝကို မြင်ရသောအခါ ယခင်ကရဟန်းဘဝနှင့်နေခဲ့ရသည်ကို သတိရသဖြင့် စိတ်မကောင်းကြီးစွာ ဖြစ်မိလေသည်။ ရင်ထဲမှာဆို့တက်လာသဖြင့် မျက်ရည်များပင် စီးကျလာလေသည်။ ရဟန်းနှစ်ပါးက ၄င်းတို့ ပါလာသော ဆွမ်းခဲဖွယ်များကို ဘုရားကိုကပ်လှူပြီး အတန်ကြာအောင် ဘုရားဝပ်ပြုနေကြပြီးမှ ဘုရားပေါ်မှ ပြန်ဆင်းသွားကြလေသည်။ ထိုအခါမှပင် ဝေလမှ ပုန်းကွယ်နေရာမှ ထွက်သွားပြီး ရဟန်းနှစ်ပါး ကပ်လှူထားခဲ့သော ဆွမ်းပွဲများကို သိမ်းယူရလေသည်။

ဘုရား၌ကပ်လှူထားခဲ့သော ဆွမ်းခဲဖွယ်များမှာ အခြားမဟုတ်ကြပေ၊ ဘုရင်နန်းတော်မှ လှူလိုက်သော အနံ့အရသာဖြင့် ပြည့်စုံသော ဆွမ်းခဲဖွယ်များပင်ဖြစ်သဖြင့် စိတ်ထဲမှာ များစွာဝမ်းသာသွားလေသည်။ ကုသလရွာသို့ရောက်ခဲ့ပြီးသည့် နောက်ပိုင်းမှာ ဆွမ်းကျန်ဟင်းကျန်များ၊ ဆွမ်းပွဲစွန့်သော အစားအစာများကိုသာ စားသောက်နေရသည်၊ ထိုကဲ့သို့သော ဘုရင့်နန်းတော်မှ အစားအသောက်မျိုးကို စားသောက်ဖို့ မဆိုထားနှင့် မမြင်ခဲ့ရသည်မှာပင် ကြာပေပြီ။

ယခုမှ တိုက်တိုက်ဆိုင်ဆိုင် တွေ့မြင်ရခြင်းဖြစ်သည်။ ဘာကယ်တော့ စောစောက ဘုရားဝပ်ပြုပြီး ဆွမ်းခဲဖွယ်များကပ်





www.burmeseclassic.com

www.burmeseclassic.com



လှူသွားသော ကိုယ်တော်နှစ်ပါးမှာ အခြားမဟုတ်ကြပေ။ ဆပ္ပဋမထေရ်နှင့်အတူ သီဟိုဠ်ကျွန်းမှသူနှင့်အတူတကွ ကြွရောက်လာခဲ့ကြသော ရဟန်းတော်များထဲမှ သီဝလိမထေရ်နှင့် အာနန္ဒာမထေရ်နှစ်ပါးတို့ပင်ဖြစ်၏။ ထိုရဟန်းနှစ်ပါးသည် ဘုရင့်နန်းတော်မှ ဆွမ်းခံပြီးပြန်ကြွလာရင်းမှ ဘုရားသို့ တကူးတက ဝင်လာကြခြင်းပင်ဖြစ်ကြလေသည်။

ထိုအကြောင်းကိုတော့ ဝေလက မသိရှာပေ။ သူသည် ဆွမ်းပွဲများကိုသိမ်းယူနေစဉ် ဆွမ်းပွဲအောက်မှ ပေစာရွက်တစ်ရွက် တွေ့ရသဖြင့် ကြည့်လိုက်ရာ အောက်ပါစာတို့ကို တွေ့ရသည်။

“ပတ္တမြားမှန်လျှင် နွံမှာနစ်သော်လည်း မညစ်ပေ. .
ပျက်အစဉ် ပြင်ခဏ မိမိဘဝကို သိပါ. . .”

ဟူသော စာကိုတွေ့ရတော့မှ ဝေလမှာ သဘောပေါက်သွားလေတော့သည်။ သူနှင့်အတူတူ သာသနာပြုဖက် ရဟန်းတော်နှစ်ပါးတို့မှာ သူရှိနေသော ဘုရားသို့ အမှတ်မထင် ရောက်လာကြခြင်းမဟုတ်ဘဲ၊ တမင်ရောက်လာပြီး သတိပေးသွားကြခြင်းဖြစ်ကြောင်း သဘောပေါက်လေတော့သည်။ သို့ကြောင့် ဆွမ်းပွဲကိုပင် မယူချင်တော့ဘဲ ပေရွက်ကိုကိုင်ကာ ငေးငိုင်သွားလေတော့သည်။

‘ငါဘာလုပ်ရမလဲ’ ဟူသောအတွေးက ခေါင်းထဲမှာ အထပ်ထပ်အခါခါ ပေါ်လာလေသည်။ ထို့နောက် အချိန်တန်၍ အိမ်သို့ပြန်သွားသောအခါမှာလည်း စိတ်မှာလေးလံထိုင်းမှိုင်း





လျက် ဖြစ်နေသည်။ သူတင် ထိုကဲ့သို့ ကြုံတွေ့ရသည်မဟုတ်ဘဲ ဘုရဏီလည်း ဘုရားရင်ပြင်တော်ပေါ်မှာ အဖြစ်အပျက်တစ်ခု ကြုံတွေ့ခဲ့ရသေးသည်။ သူမတစ်ယောက်တည်း ဘုရားပေါ်၌ ဝေယျာဝစ္စပြုလုပ်နေစဉ် သစ်လွင်တောက်ပသည့် အဝတ်အစားများ ဝတ်ဆင်ထားသောလူတစ်စု ဘုရားပေါ်တက်လာကြသည်။ ၎င်းတို့သည် လူကုံထံအသိုင်းအဝိုင်းမှ ဖြစ်ကြဟန်ရှိပြီး ဘုရဏီကို မြင်သောအခါ တစ်ယောက်ကမေးသည်။

“မင်း နန်းတွင်းကချေသည်မ မဟုတ်လား”

ဘုရဏီက ခေါင်းငုံ့ထားရင်းမှ. . .

“မဟုတ်ပါဘူးရှင် လူတူလို့ ဖြစ်ပါလိမ့်မယ်”

ဟု ပြန်ပြောလိုက်သည်။

“ပုဂံပြည်မှာတော့ ချောမောလှပတာကြောင့် သတင်းကြီးတဲ့ကချေသည်မအကြောင်းကို မသိသူမရှိသလောက်ပါပဲ ယခုတော့ သာသနာတော်ဖျက်ဆီးတဲ့ သူတစ်ယောက်အနေနဲ့ ပိုပြီးတောင် သတင်းကြီးနေသေးတယ်”

ဟုပြောရာ များစွာတုန်လှုပ်သွားလေသည်။

ထိုလူကြီးက ဆက်ပြောလေသည်။

“မင်းက ဘုရားဝေယျာဝစ္စတွေလုပ်နေတဲ့အတွက် ကုသိုလ်ရမှာတော့ အမှန်ပါပဲ၊ ဒါပေမယ့် သာသနာဖျက်ဆီးတဲ့အပြစ်မျိုးများ ရှိနေရင်တော့ မြတ်စွာဘုရားဆင်းကယ်ရင်တောင် ငရဲက မလွတ်နိုင်တော့ဘူး၊ အဲဒီအပြစ်မျိုးကို ဘယ်လိုကုသိုလ်တွေနဲ့မှ ပေးဆပ်လို့ မကျေနိုင်ဘူးကွယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ များစွာထိတ်လန့် တုန်လှုပ်သွားလေသည်။ သို့ကြောင့် ထိုနေရာမှ ထွက်ခဲ့လေသည်။ သူမအနေနှင့် အိမ်ရောက်သောအခါ ယောကျ်ားဖြစ်သူ ဝေလကို ပြောသည်။

"ကျွန်မတို့တော့ ဒီနေရာမှာ ဆက်နေလို့မဖြစ်တော့ဘူး၊ ကျွန်မတို့ကို လူတွေကမှတ်မိနေတယ်၊ ကြာရင် ခက်လိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီနေရာက အမြန်သွားမှ ဖြစ်တော့မယ်"

"ဘုရင့်အမိန့်နဲ့ ဒီနေရာမှာ ထားတာသွားလို့ဖြစ်ပါမလား"

"ဒီမှာ ဆက်နေရင်လည်း အသက်ရှင်နေပေမယ့် ကျွန်မတို့ဘဝက သေနေတာနဲ့ ဘာထူးမလဲ၊ ဒီတော့ ထွက်ပြေးကြတာပဲ ကောင်းတယ်"

"ငါက ဘုန်းကြီးဘဝနဲ့ နေလာတာကြာတော့ ဒီအကြောင်းတွေ သိပ်မသိဘူး၊ နောက်ပြီး ပတ်ဝန်းကျင်အခြေအနေတွေကိုလည်း သိပ်မသိသေးဘူး၊ ငါတို့ ဘယ်ကိုထွက်ပြေးရင် လွတ်နိုင်မလဲ"

"ဒါတွေ တွေးပူမနေပါနဲ့၊ ကျွန်မက ပုဂံမှာမွေး ပုဂံမှာကြီးလာတာဆိုတော့ ပုဂံအကြောင်းတွေကို ကောင်းကောင်းသိပါတယ်၊ ကျွန်မတို့ လှေတစ်စင်းရအောင် ရှာထားပြီး ဧရာဝတီမြစ်အတိုင်း စုန်ဆင်းသွားရင် လွတ်နိုင်တယ်"

"ဒီလိုဆိုရင်တော့ မင်းပြောတဲ့အတိုင်းပဲ လုပ်ကြတာပိုကောင်းမယ်ထင်တယ်"





ဘရဏီပြောပြသော အကြံအစည်ကို ဝေလကလည်း သဘောကျသဖြင့် နှစ်ယောက်အား ထိုအကြံအစည်အတိုင်း စတင်ကြိုးစားကြလေတော့သည်။

ဝေလအနေဖြင့် အရေးအကြီးဆုံး အလုပ်ကို အရင်လုပ်လေသည်။ အခြားမဟုတ်ပေ။ သူဝှက်ထားသော ပတ္တမြားထုပ်ကို အဆင်သင့်ယူထားရန်ပင် ဖြစ်သည်။

သို့ကြောင့် တစ်ညတွင် ပတ္တမြားများ ဝှက်ထားသောနေရာသို့သွားလေသည်။ သူသည် ပတ္တမြားထုပ်ကို ဘုရားအနောက်ဘက်မှာရှိသော ညောင်ပင်ကြီးတစ်ပင်၏ အောက်တွင် မြေကျင်းတူး၍မြှုပ်နှံထားခြင်းဖြစ်၏။

ထိုနေရာကို သူမှလွဲပြီး အခြားဘယ်သူမှ မသိပေ။ ဝေလသည် ညောင်ပင်ကြီးအောက်သို့ ရောက်သွားပြီး ပတ္တမြားထုပ်ကို ရှာဖွေသောအခါ မတွေ့ရတော့ပေ။

"ဟင်. . ငါဝှက်ထားတဲ့ပတ္တမြားထုပ် ဘယ်ရောက်သွားပါလိမ့်၊ ဘယ်သူများ လာယူသွားပြီလဲ"

ဝေလမှာ များစွာစိုးရိမ်ပူပန်မှု ဖြစ်သွားလေသည်။ ထိုပတ္တမြားများရှိနေသမျှ သူ့အနေဖြင့် မဆင်းရဲတော့ဟု စိတ်ကူးထားသမျှ ပတ္တမြားများမရှိတော့သည့်အခါ ခဲလေသမျှ သဲရေကျဖြစ်ရတော့သည်။ သူသည် များစွာစိုးရိမ်ပူပန်စွာဖြင့် နေရာအနှံ့လိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရတော့ပေ။ မြေရာလက်ရာမပျက်ပဲနှင့် ပတ္တမြားထုပ်ပျောက်ဆုံးသွားပုံကတော့ အတော်ကလေးဆန်းကြယ်သည်။ ထိုသို့ လိုက်လံရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ညောင်ပင်ကြီးနောက်ဘက်တွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ အသက်အရွယ်ကြီးလှပြီဖြစ်သော လူကြီးတစ်ယောက်ပင်ဖြစ်သည်။ ထိုအဘိုးကြီးက တောင်ဝှေးကိုင်ကာ ရပ်နေသည်။

"ခင်ဗျားဘယ်သူလဲ၊ ကျုပ် ပတ္တမြားထုပ်ကို ယူထားတာ ခင်ဗျားမဟုတ်လား"

"မင်း ပတ္တမြားထုပ်ကို ငါမယူပါဘူးကွယ်၊ ဒါပေမယ့် အဲဒီပတ္တမြားတွေက မင်းပိုင်တာတွေမှ မဟုတ်တာပဲ"

"ဟင်. . ခင်ဗျား ဘယ်လိုသိနေတာလဲ၊ ဒီပတ္တမြားတွေက ကျုပ်ပိုင်တဲ့ပစ္စည်းတွေဗျ"

"ဒီလောက်တန်ဖိုးရှိတာတွေကို မင်းကိုဘယ်သူပေးလိုက်တာလဲ"

ထိုသို့ မေးနေသဖြင့် အံ့သြသွားသည်။

"မာလာယကျွန်း ဘုရင် ပေးလိုက်တာဗျ"

ဟု အမှန်အတိုင်း ပြောလိုက်သည်။

"မာလာယကျွန်း ဘုရင်က မင်းကိုပေးတာမှ မဟုတ်တာ မင်းလိုလူတစ်ယောက်ကို ဘုရင်က ဒီလောက်တန်ဖိုးရှိတဲ့ ပတ္တမြားတွေ ပေးတာဖြစ်နိုင်ပါ့မလား"

"ကျုပ်ကိုပေးလိုက်လို့ ကျုပ်ကိုယ်တိုင် ဒီနေရာယူလာပြီး ဝှက်ထားတာပေါ့ဗျ"

"ဘုရင်က ဒီပတ္တမြားတွေကို ပိဋကတ်တရားတော်တွေ ဟောပြောပြသပေးတဲ့ ရာဟုလာမထေရ်ကို လှူလိုက်တာပါ၊





သူက တန်ဖိုးမဖြတ်နိုင်တဲ့ တရားတော်တွေကို ပူဇော်တဲ့ အနေနဲ့ ပေးလိုက်တာပါ၊ သာသနာပြုလုပ်ငန်းတွေမှာ အသုံးပြုဖို့ပေးလှူလိုက်တာပါ၊ မင်းကို လောကီစည်းစိမ်ခံစားဖို့အတွက် ပေးလိုက်တယ်များ ထင်နေသလား"

ထိုသို့ မေးလိုက်သောအသံမှာ အနည်းငယ် ကျယ်သွားသောကြောင့် တိတ်ဆိတ်နေသော ညောင်ပင်ကြီးအောက်မှာ ဟိန်းသွားလေသည်။

ထိုအခါမှ ဝေလလည်း စိတ်ထဲမှ လန့်သွားသလိုဖြစ်လာမိသည်။

"ဒီပတ္တမြားတွေက မင်းပိုင်တဲ့ ပစ္စည်းတွေမဟုတ်ပါဘူး၊ သီလရှိတဲ့ ရာဟုလာမထေရ်ရဲ့ ပိုင်ဆိုင်ခွင့်ရှိတဲ့ ရတနာတွေ ဖြစ်တယ်၊ မင်းလိုအညတြလူတစ်ယောက် လောကီစည်းစိမ်ခံစားဖို့တော့ ခွင့်မပေးနိုင်ဘူး၊ ဒါကြောင့် ငါဝှက်ထားလိုက်ပြီ. ."

"ဟင်. . ခင်. . ခင်ဗျားက ဘယ်သူလဲ"

"ငါက ဒီညောင်ပင်စောင့်တဲ့ ရုက္ခဆိုးနတ်ပဲ ကိုယ်မသုံးထိုက်တဲ့ ရတနာတွေကို နောက်တစ်ခါ လာရှာရင် မင်းကို သေခြင်းလက်ထဲ အပ်ပေးလိုက်မယ်"

ဟု ပြောဆိုကြိမ်းမောင်းပြီး နောက် ပျောက်ကွယ်သွားလေတော့သည်။ ဝေလလည်း အခြေအနေမှန်ကို သိရှိပြီဖြစ်သဖြင့် ဆက်မရှာတော့ဘဲ ထိုနေရာမှ ခပ်သုတ်သုတ်ပြန်ခဲ့ရလေသည်။ ထိုအကြောင်းကို ဘရဏီအား ပြန်ပြောလိုက်သောအခါ များစွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်း ဆိုရင်တော့ ကျွန်မတို့ဒီမှာ ဆက်နေလို့မဖြစ်တော့ဘူး၊ ပတ္တမြားတွေမရလည်း ဖြစ်သလိုရှာဖွေစားသောက်ရင် ဖြစ်တယ်၊ ဒီနေရာကနေ မြန်မြန်ထွက်ပြေးကြမှ ဖြစ်တော့မယ်"

ထို့နောက်မှာတော့ လင်မယားနှစ်ယောက် လှေတစ်စင်းရှာဖွေပြီး ဧရာဝတီမြစ်အတိုင်း စုန်ဆင်းထွက်ပြေးကြလေတော့သည်။ နောက်ပိုင်းမှာတော့ ဝေလနှင့်ဘရဏီတို့နှစ်ယောက်၏ သတင်းအစအနပင် မကြားရတော့ဘဲ တိမ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။





# အခန်း (၇)

# ဦးမင်းဟန်နှင့် ပတ္တမြားသပိတ်သဲလွန်စ

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေသည်။ ဒေါက်တာမင်းထင်ကျော်က ၎င်းလက်ထဲမှာကိုင်ထားသော ရှေးဟောင်းမှတ်တမ်းများထည့်ထားသည့် ဖိုင်တွဲကြီးကို စားပွဲပေါ်ပြန်တင်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှာချထားသော အေးမြနေပြီဖြစ်သည့် ကော်ဖီပန်းကန်ကိုယူ၍ တစ်ငုံသောက်လိုက်သည်။ အခန်းထဲမှာတော့ ဆရာကြီးသူရဋ္ဌနှင့် ရှေးဟောင်းသု



www.burmeseclassic.com

www.burmeseclassic.com



တေသနအရာရှိ ဦးမင်းဟန်တို့လည်းရှိကြသည်။ ကျွန်ုပ်အနေနှင့်လည်း ၎င်းတို့နှင့်အတူ ရှိသော်လည်း သာမန်မှတ်တမ်းယူသူအနေဖြင့်သာ ရှိနေသောကြောင့် အလျဉ်းသင့်မှသာရေးသားဖော်ပြပေးမည်ဖြစ်ပါသည်။ စားပွဲပေါ်မှာချထားသော မှတ်တမ်းကြီးမှာ ဦးမင်းဟန် တကူးတက ယူလာပေးသော မှတ်တမ်းကြီးပင်ဖြစ်၏။

ထိုမှတ်တမ်းထဲတွင် ကိုးတိုင်းကိုးဌာန သာသနာပြုပုံများအကြောင်း၊ သာသနာပြုရန်အတွက် ခရီးရှည်ထွက်ခဲ့ကြသည့် မဟာခရီးသည်များအကြောင်း၊ ဆပ္ပဋ္ဌမထေရ်၏ သာသနာပြုလုပ်ငန်းများအကြောင်းများအပြင် ရာဟုလာမထေရ်၏အကြောင်းများကို အတော်များများ ပြည့်စုံစွာ ရေးသားဖော်ပြထားလေသည်။

ပို၍ စိတ်ဝင်စားဖွယ်ရာကောင်းသော အကြောင်းအရာများမှာ ရာဟုလာမထေရ် လူဝတ်လဲပြီး ကချေသည်မကို ယူခဲ့သည့်နောက်ပိုင်း အကြောင်းအရာများပင် ဖြစ်ပေတော့သည်။

ထိုမှတ်တမ်းကို ကျွန်ုပ်နှင့်ဆရာကြီး သူရဋ္ဌတို့လည်း ဖတ်ပြီးခဲ့ကြပြီဖြစ်၏။

"ဒါထက် ဒီမှတ်တမ်းထဲမှာ အကြောင်းအရာအတော်များများ ပြည့်စုံအောင်ပါပေမယ့် ဇာတ်သိမ်းပိုင်းမပါသေးဘူးဖြစ်နေတယ်"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း ပြောလိုက်သည်။





"ဘယ်လိုဇာတ်သိမ်းမျိုးလည်း မောင်ထင်ကျော်ရဲ့"

"တခြားတော့မဟုတ်ပါဘူး၊ ဒီမှတ်တမ်းထဲမှာပါတဲ့ ဝေလနဲ့ ဘရဏီတို့နှစ်ယောက်အကြောင်းက မပြည့်စုံသေးဘူး၊ သူတို့နှစ်ယောက် လှေနဲ့ ဧရာဝတီမြစ်ကို စုန်ဆင်းသွားပြီးနောက် ဘယ်ရောက်သွားသလဲ၊ ဘယ်လိုဖြစ်သွားသလဲ မပါသေးဘူး"

ထိုသို့ ပြောသဖြင့် ဦးမင်းဟန်က သောက်လက်စလက်ဖက်ရည်ပန်းကန်ကို ပြန်ချကာ သူလေ့လာပြီးသမျှ ပြောပြလေသည်။

"နောက်ပိုင်း ဖြစ်ပျက်တာတွေကတော့ မှတ်တမ်းမှတ်ရာအနေနဲ့တော့ မတွေ့ရဘူး၊ ဒါပေမယ့် အဆက်ဆက်ပြောနေကြတာတော့ အမျိုးမျိုးရှိတယ်"

"ဘယ်လိုများပါလိမ့်"

"တချို့ကလည်း ဧရာဝတီမြစ်ထဲမှာ လှေနဲ့ ထွက်ပြေးရင်း လှေမှောက်ပြီး နှစ်ယောက်စလုံး သေသွားကြတယ်လို့ ပြောကြတယ်"

"တစ်ယောက်က ဘုန်းကြီးလူထွက်၊ တစ်ယောက်က ကချေသည်မဆိုတော့ လှေလှော်တတ်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် လှေမှောက်ပြီးသေကြတာ ဖြစ်မှာပေါ့"

ကျွန်ုပ်က စာရေးဆရာပီပီ ဖြစ်နိုင်ချေရှိသော အကြောင်းအရာကို ပြောသောအခါ ကျန်သူများက သဘောကျစွာဖြင့် ပြုံးလိုက်ကြသည်။

"စာရေးဆရာများ တယ်လည်းဉာဏ်များတာကကိုး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ထွာပြတာနဲ့ တစ်တောင်လောက်ကို လှမ်းမြင်တတ်ပါပေရဲ့"

ဟု ဆရာကြီးသူရဲ့က ပြောလိုက်သည်။

ထို့နောက် ဦးမင်းဟန်က ဆက်ပြောသည်။

"တချို့ကျတော့လည်း လေ့မှောက်ပြီး ဘရဏီတစ်ယောက်သာသေသွားပြီး ဝေလကတော့ ကံကောင်းထောက်မပြီး အသက်ရှင်ကျန်ခဲ့တယ်လို့ ပြောပြတယ်။ သေသွားတဲ့ဘရဏီက သူတို့ရဲ့ ပတ္တမြားတွေကို စွဲလမ်းစိတ်နဲ့ သိုက်စောင့်ဘဝနဲ့ အဲဒီ ညောင်ပင်ကြီးမှာ ပြန်ရောက်နေတယ်လို့ ပြောတာရှိတယ်"

"ဒါလည်း ဖြစ်နိုင်တာပါပဲ ပတ္တမြားတွေကသပိတ်တစ်လုံးစာရှိတယ်ဆိုတော့ ဘယ်သူပဲဖြစ်ဖြစ် စွဲလမ်းမှုဖြစ်နေမှာပါပဲ။

"သူတို့ပြောပုံအရဆိုရင် လပြည့်လကွယ်ညတွေမှာ အဲဒီညောင်ပင်ကြီးဆီက အလင်းရောင်တွေဖြာတက်လာပြီး ပတ္တမြားသပိတ်ကြီး လေထဲမှာပျံဝဲနေတာကို တွေ့ကြရတယ်"

"စိတ်ဝင်စားစရာပါပဲ"

"နောက်ပြီး အဲဒီညောင်ပင်အောက်မှာ သွားလာနေတဲ့ ဘရဏီကိုလည်း အခုထက်ထိတွေ့နေရတယ်လို့ ပြောကြတယ်"

"ဒါထက် ဝေလက အသက်မသေဘဲ လွတ်မြောက်သွားတယ်ဆိုတော့ ဘယ်နေရာရောက်သွားသလဲ"

"သူကတော့ အသက်ဘေးကလွတ်တာနဲ့ လူ့ဘောင်လောကကို ငြီးငွေ့သွားပြီး ရဟန်းပြန်ဝတ်သွားတယ်၊ ဒါပေမယ့် လူတွေနဲ့ ဝေးတဲ့နေရာ တောထွက်သွားတယ်လို့တော့ ပြောကြတယ်"





ဟု ဦးမင်းဟန်က သူမှတ်သားထားသမျှကို ပြန်ပြောပြလေသည်။

"တကယ်လို့ ဦးမင်းဟန် ပြောသလိုသာ မှန်ရင်တော့ သူ့ဘဝအတွက် မှန်ကန်တဲ့လမ်းကို ရွေးချယ်သွားတယ်လို့ပဲဆိုရမှာပဲ"

"ကျွန်တော်အခုလာတာ တခြားမဟုတ်ပါဘူး၊ ရှေးဟောင်းသုတေသနတာဝန်နဲ့ ပုဂံရောက်သွားတော့ ဧရာဝတီမြစ်ကမ်းနံဘေးမှာရှိတယ်ဆိုတဲ့ ကုသလရွာကိုသွားကြည့်ခဲ့ပါသေးတယ်"

"ဒီတော့ အခြေအနေဘယ်လို ထူးတာတွေ့ခဲ့ရသလဲ"

"ဧရာဝတီမြစ်ရေတိုက်စားလို့ ယခင်ရှိခဲ့ဖူးတဲ့ ရွာဟောင်းကတော့ ကမ်းပြိုတဲ့အထဲ ပါသွားခဲ့ပြီ၊ ဒါပေမယ့် အဲဒီနေရာတစ်ပိုက်မှာတော့ နောက်ထပ်တည်ထားတဲ့ရွာတွေတော့ တွေ့ခဲ့ရတယ်"

"ဒါထက် ဦးမင်းဟန်ရောက်သွားတော့ အရင်က ကုသလရွာမှာနေကြတဲ့ ဘုရားကျွန်၊ ကျောင်းကျွန်တွေရော တွေ့ခဲ့ရသေးလား"

ဦးမင်းဟန်က ဆေးတံကို မီးညှိဖွာရင်း အတန်ကြာအောင် စဉ်းစားနေသည်။

"ဝေလနဲ့ ဘရဏီတို့ ကုသလရွာမှာ သွားနေကြတဲ့ အချိန်က (၁၁၈၂)ခုနှစ် ဝန်းကျင်လောက်မှာဗျ၊ အဲဒီအချိန်က [illegible] မှာ နရပတိစည်သူမင်းနန်းစံနေချိန်ဆို၊ အခုအချိန်နဲ့တွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင် နှစ်ပေါင်းခုနစ်ရာကျော် ရှစ်ရာနီးပါးကြာခဲ့ပြီ၊ အခုအချိန်မှာတော့ အရင်အချိန်ကလို ဘုရားကျွန်၊ ကျောင်းကျွန်တွေ၊ ကယ်ပါတွေ သူတောင်းစားတွေချည်း သီးခြားထားတဲ့ ရွာမျိုးနေရာမျိုးတွေ မတွေ့ရတော့ပါဘူး"

"ဒါပေမယ့် အမျိုးအနွယ်ဆိုတာ ဖျောက်ဖျက်လို့မှ မရတာ သူတို့ရဲ့ အဆက်အနွယ်တွေကတော့ အဲဒီနေရာတစ်ဝိုက်ရှိနေဦးမှာသေချာတယ်"

"ရှိတော့ ရှိမှာပါ၊ ဒါပေမယ့် သူတို့တစ်တွေအားလုံးကသူလိုငါလိုပဲ ရောနှောနေကြတော့ မသိနိုင်တော့ပါဘူး၊ ရှေးအခါကတော့ သူတို့နေတဲ့ရွာကို သီးခြားထားတော့ အလွယ်တကူခွဲခြားလို့ရပေမယ့် အခု ကာလတွေပြောင်းလာတော့ သူတို့လည်းအများနဲ့ ရောနှောနေကြတာဆိုတော့ ဘယ်သိနိုင်တော့မှာလဲဗျာ"

ဦးမင်းဟန်က ပြောပြလေသည်။

ယခု ကျွန်ုပ်တို့ ရောက်နေသောနေရာမှာ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်အတွင်းမှာပါဝင်သည့် ရွှေတောင်ကြားရပ်ကွက်အတွင်းပိုင်း၌ရှိသော ဆရာကြီးသူရဋ္ဌနေအိမ်ညှို့ခန်းအတွင်း၌ဖြစ်သည်။

အချိန်မှာ (၁၉၅၀)ခုနှစ် ဝန်းကျင်ဖြစ်ပြီး ဆောင်းအကုန် နွေအကူးကာလလည်း ဖြစ်သည်။ ကျွန်ုပ်တို့နှင့်အတူရှိနေသော ဦးမင်းဟန်မှာ ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူတစ်ဦး ဖြစ်သည်။ သူသည် အလုပ်တာဝန်ဖြင့် မြန်မာပြည်နေရာ





အနှံ့အပြားသို့ ခရီးထွက်နေရပြီး ပုဂံသို့လည်း မကြာခဏသွားရောက်ရလေသည်။ လွန်ခဲ့သော လပိုင်းက ပုဂံသို့ ရောက်သွားခဲ့ရာမှ ပတ္တမြားသပိတ်တော်နှင့်ပတ်သက်ပြီး မှတ်တမ်းများရလာခဲ့သည်။

ထို့ပြင် ထိုနေရာတစ်ဝိုက်ရောက်သွားစဉ်က ထူးထူးခြားခြား အကြောင်းများကိုပါ သိခဲ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

သူသည် သုတေသန အလုပ်များလုပ်ရင်းနှင့် ထူးခြားဆန်းကြယ်သော အကြောင်းများတွေ့လျှင် ထိုကဲ့သို့ပင် လာရောက်ပြောပြလေ့ရှိသည်။ ဒေါက်တာမင်းထင်ကျော်မှာလည်းအသက် (၃၀)ကျော်အရွယ်ရောက်သည့်တိုင် သူဝါသနာပါသောသုတေသနအလုပ်များကို လုပ်ကိုင်နေသူဖြစ်ရာ ဝါသနာတူချင်းဖြစ်သဖြင့် ဦးမင်းဟန်နှင့်ခင်မင်နေကြခြင်း ဖြစ်လေသည်။

"အခု ဆရာကြီးတို့နဲ့ လာတွေ့တဲ့ကိစ္စကတော့ ပတ္တမြားသပိတ်ကိစ္စပါပဲ၊ မာလာယမင်းကြီးက ရှင်ရာဟုလာကို လှူလိုက်တဲ့ သပိတ်တစ်လုံးပတ္တမြားတွေဟာ အရင်ရှိခဲ့တဲ့ ကုသလရွာဟောင်းတစ်ဝိုက်မှာ ရှိနေဦးမှာအမှန်ပဲ"

"ကုသလရွာဟောင်းက ဧရာဝတီမြစ်ထဲပါသွားပြီဆိုတော့ ဝေလဝှက်ထားခဲ့တဲ့ ပတ္တမြားတွေကရော ရှိပါဦးမလား၊ ကမ်းပြိုတဲ့အထဲမှာ ပါသွားလောက်ပြီလား"

"ကျွန်တော်လေ့လာမိသလောက်တော့ ပါသွားဟန်မတူသေးဘူး၊ ဘာကြောင့်လည်းဆိုတော့ ရှေးဟောင်းမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို လေ့လာကြည့်တဲ့အခါ ဝေလက ပတ္တမြားတွေကို ကုသလရွာတစ်ဝိုက်မှာ မြှုပ်ခဲ့တာမဟုတ်ဘူး၊ ရွာနဲ့နည်းနည်းဝေးတဲ့ ညောင်ပင်ကြီးအောက်မှာဆိုတော့ ကျန်ခဲ့ဦးမယ်လို့ယူဆရတာပဲ”

ဦးမင်းဟန် ယူဆချက်မှာ မှန်ကန်လောက်သည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး လေ့လာကြည့်ရှုမှသာ အဖြေသိလောက်ပေမည်။

“ကျွန်တော့်အနေကတော့ ဆရာတို့တစ်တွေ ကျွန်တော်နဲ့အတူ ပုဂံလိုက်ခဲ့ပြီး သေသေချာချာ လေ့လာကြည့်စေချင်တာပါပဲ”

ဟု သူ့သဘောကိုပြောလေသည်။

“လိုက်တာကတော့ အပန်းမကြီးပါဘူး၊ ကျွန်တော်တို့အဖွဲ့က ခရီးသွားရမှာကို ဝန်လေးတဲ့သူတွေမဟုတ်ပါဘူး၊ တခြား ဝေးလံခက်ခဲတဲ့ နေရာတွေကိုတောင် တကူးတက သွားနေကြသေးတာ ပုဂံလောက်တော့ အပန်းမကြီးပါဘူး၊ ဒါထက်ဟိုမှာ ဘယ်လို ထူးခြားမှုမျိုးတွေ တွေ့ခဲ့ရသလဲ”

ဒေါက်တာမင်းထင်ကျော်ကမေးလိုက်သည်။

ထိုအခါက ဦးမင်းဟန်က အနည်းငယ် စဉ်းစားပြီးမှ ပြောပြသည်။

“တခြားတော့မဟုတ်ပါဘူး၊ အဲဒီနေရာ တစ်ဝိုက်မှာ ဥစ္စာစောင့်တွေကြမ်းတယ်၊ တစ္ဆေသရဲတွေ တွေ့ကြရပြီး နှောင့်ယှက်ခံကြရတာတွေတော့ ရှိကြတယ်၊ နောက်ပြီး အဲဒီနေရာ





တစ်ဝိုက်မှာ ပတ္တမြားသပိတ်တော်ရှိမှန်း လူတိုင်းသိနေတော့ ဥစ္စာရှာဖွေတဲ့သူတွေ သိုက်တူးတဲ့အဖွဲ့တွေကတော့ မကြာခဏလာပြီး ရှာဖွေနေကြတယ်လို့တော့ သတင်းကြားခဲ့ရတယ်”

“ဒီလောက်သိရရင်တော့ တော်လောက်ပါပြီ၊ ကျွန်တော်တို့တစ်တွေလည်း တခြားကိစ္စတွေမရှိသေးတဲ့ အချိန်ဖြစ်နေလေတော့ ဦးမင်းဟန်နဲ့ပဲ တစ်ပါတည်း ပုဂံလိုက်ခဲ့ဖို့ စီစဉ်လိုက်ကြရင် မကောင်းဘူးလား”

“ဒီထက်ကောင်းတဲ့ အစီအစဉ်တောင် ဒီလောက်ကောင်းမှာ မဟုတ်ဘူး၊ မြန်မြန်လေးသာ စီစဉ်ပေတော့ မောင်ထင်ကျော်ရေ”


ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျန်သူများက သဘောကျစွာ ပြုံးလိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

## လောကနန္ဒာမှ ပန်းသည်မလေး မြသင်းကြူ

မြင်းခြံခရိုင်အတွင်း မြင်းခြံမြို့တောင်ဘက်၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိသော ပုဂံမြို့သည် မြန်မာနိုင်ငံသမိုင်းတွင် ပုဂံမင်းဆက်တို့၏ ထီးနန်းစိုက်ရာ နေပြည်တော်ကြီးဖြစ်ခဲ့သည်။

ပုဂံမြို့ဟောင်းကား (၁၆) စတုရန်းမိုင် ကျယ်သည်။

ပုဂံရာဇဝင်ကို ပြောလျှင် တုတ်ထမ်း၍ ပြောရသည်ဟူ



www.burmeseclassic.com

www.burmeseclassic.com



သော စကားနှင့်အညီပင် ပုဂံရာဇဝင်သည် ရှုပ်ထွေးလျက်ရှိသည်။

မှန်နန်းရာဇဝင်အရ ပုဂံမြို့ကိုစတင်တည်ထောင်သူမှာ သမုဒ္ဒရာဇ်မင်းဖြစ်၍ သက္ကရာဇ်(၂၉)ခုနှစ်တွင် ယုန်လွှတ်ကျွန်းအရပ်၌ တည်ထောင်သည်ဟုဆိုသည်။

သမုဒ္ဒရာဇ်မင်းသည် သရေခေတ္တရာမင်းဆက် နောက်ဆုံးမင်း၏တူတော်ဖြစ်သည်။ သမုဒ္ဒရာဇ် စုစည်း၍ မြို့တည်ထောင်သော ရွာပေါင်း (၁၉)ရွာမှာလည်း ပျူရွာများဖြစ်သည်။

ထို့ကြောင့် ထိုမြို့တော်သည် ပူ+ဂါမ (ပျူတို့၏ ဒေသ)ကိုစွဲ၍ ပုဂံဖြစ်လာသည်ဟု ဆိုကြပြန်သည်။

ပုဂံမြို့၏ပါဠိအမည်ကား အရိမဒ္ဒနပူရ (ရန်သူကို ချေမှုန်းသောမြို့)ဟူ၍ဖြစ်သည်။

မွန်တို့ကမူ ပေါကာမ် (သို့မဟုတ်) ပုကာမ် (သို့မဟုတ်) ဗုကာမ် ဟုရေးသားဖော်ပြလေ့ရှိသည်။ ယင်းနေရာတွင် အနှစ်(၂၃၀)ကျော် မြို့တော်ဖြစ်ခဲ့ သည်။

သမုဒ္ဒရာဇ်မင်းမှစ၍ ရေတွက်သော် ပုဂံမင်းဆက်၏ (၇)ဆက်မြောက်မင်းဖြစ်သော သေဥ်လည်ကြောင်မင်းသည် ပုဂံမြို့သစ်ကို လောကနန္ဒအရပ်၌ ထပ်မံတည်ထောင်၍ သီရိပစ္စယာဟု ခေါ်တွင်စေသည်။

ယင်းရွာသည် ယခု ပုဂံမြို့တောင်ဘက်ကပ်လျက်ရှိလေသည်။ မြို့တည်သက္ကရာဇ်ကို အတိအကျ မသိနိုင်သော်လည်း ထိုမင်း၏ နန်းသက်(သက္ကရာဇ် ၂၆၆-၃၀၉)ကို ထောက်၍





(၂၆၆) ခုနှစ်ခန့်တွင် တည်ထောင်ဖွယ်ရာရှိသည်။

ယင်းနေရာတွင် အနှစ် (၁၇၀)ကျော်မြို့စိုက်၍ မင်း(၆)ဆက် စိုးစံလေသည်။

သေဥ်လည်ကြောင်မင်း တည်ထောင်ခဲ့သော သီရိပစ္စယာမြို့ကိုပစ်၍ ပုဂံမင်း (၁၂)ဆက်မြောက် သိုက်တိုင်မင်းသည် သမထီးအရပ်၌ မြို့သစ်တည်ပြန်သည်။ ယခု ဖွားစောရွာဟုတွင်သောနေရာတွင်ဖြစ်သည်။

မြို့တော်အမည်ကား တမ္ပဝတီဖြစ်၍ မြို့တည်သက္ကရာဇ်ကို သေချာစွာ မသိရပေ။ ထိုမင်း၏ နန်းတက်သက္ကရာဇ်မှာ (၁၃၈)ခုနှစ်ဖြစ်၍ (၁၃၈)ခုနှစ်ကျော်လောက်တွင် မြို့တည်ဘွယ်ရာ အကြောင်းရှိသည်။

ပုဂံမင်းဆက်၏ (၃၄)ဆက်မြောက်မင်းဖြစ်သော ပျဉ်ပြားမင်းသည် (သက္ကရာဇ် ၂၀၈-၂၄၀)ပုပ္ပားစောရဟန်းဖြစ်ပြီး သက္ကရာဇ် (၂၁၁)ခုနှစ်တွင် တမ္ပဝတီမြို့မှ ယခု ပုဂံမြို့တည်ရာဒေသသို့ ပြောင်းရွှေ့၍ မြို့သစ်တည်ထောင်သည်။

မြို့တည်သောအခါ ကျုံးပတ်ရံလျက်ရှိသော အုတ်မြို့ရိုးတို့ ဆောက်၍ တည်သည်။ မြို့ရိုးတွင် တံခါး (၁၂)ခုထားသည်။ မြို့ရိုးအတွင်းတွင် နန်းတော်ဆောက်၍ ရှေးသရေခေတ္တရာမင်းအထုံမင်းတို့ကဲ့သို့ စံလေသည်။

ပျဉ်ပြားမင်းဆောက်ခဲ့သော အုတ်မြို့ရိုးရှိ သရပါတံခါးကို ယခုခေတ် ပုဂံမြို့ဟောင်းတွင် ယခုတိုင် တွေ့မြင်နိုင်သေးသည်။ ယင်းမြို့သည် ပုဂံမင်းဆက်ပြတ်သည့်တိုင် နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



(၅၂၀)လုံးလုံး မင်းနေပြည်တော်ဖြစ်ခဲ့သည်။

ပုဂံမြို့သည် အထူးသဖြင့် (၄၂)ဆက်မြောက် မင်းဖြစ်သော အနော်ရထာမင်းစောလက်ထက်တွင် စတင်၍ စည်ကားလာသည်။ အနော်ရထာမင်းခဲ့ထွင်သော ပုဂံသြဇာခံ ဒေသများ၏ မြို့တော်ဖြစ်လာသည်။

ပုဂံပြည် ကောင်းစားစဉ်က ပုဂံပြည်အိမ်ခြေပေါင်း (၉၉၉၉၉၉၉၉၉) ရှိလေဟန်ကို (ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်း) ဟူ၍၄င်း၊ ရပ်ကွက်တိုင်းတွင် လောကဓမ္မ ရာဇဝတ်ရေးကိစ္စများအတွက် တီးခတ်နှိုးဆော်အပ်သော မောင်းတစ်လုံးစီထားရှိသဖြင့် ရပ်ကွက်ပေါင်း(၃၃၃၃)ရှိလေဟန်ကို "ညီးညီးညံညံ ပုဂံဆော်သည့်မောင်း" ဟူ၍၄င်း၊ ပုဂံတစ်ခွင်တွင် စေတီဂူဘုရားပေါင်း (၄၄၄၆၇၃၃) ဆူရှိလေဟန်ကို "လှည်းဝင်ရိုးသံ၊ တည်ညံ ပုဂံဘုရားပေါင်း" ဟူ၍၄င်း စကားအစဉ်အလာရှိလေသည်။

ထိုစကားတို့သည် ပုဂံပြည်၏ ဂုဏ်ကို အံ့ဖွယ်သရဲဖြစ်အောင် ဖွဲ့ဆိုထားသော စကားမျှသာဖြစ်သည်ဟု ဆိုရန်ရှိသည်။ သို့ရာတွင် ယခုတိုင်လည်း ဘုရားပုထိုးအဒဆောက်အဦပေါင်း (၅၀၀၀)ခန့်အထိ တွေ့နိုင်သေးရာ ရှေးခေတ်ပုဂံပြည်သည် အကယ်ပင် ကြီးကျယ်ခဲ့သည်ဟူသော အချက်ကို သက်သေခံလျက်ရှိသည်။

တစ်ဖန် ထိုစေတီဂူဘုရားများရှိ စုလစ်မွန်းချွန်တို့သည်လည်းကောင်း၊ ခြူးပန်းခြူးနွယ်တို့သည်လည်းကောင်း၊ ရုပ်လုံးရေးတု ဆေးရေးပန်းချီတို့သည်လည်းကောင်း၊ ပုဂံခေတ်တွင် မြန်မာ





တို့၏ ယဉ်ကျေးမှုအဆင့်အတန်း မည်မျှမြင့်တက်နေသည်ကို သာဓကပြလျက်ရှိ၏။

ပုဂံသူ ပုဂံသားတို့၏ စိတ်ဓာတ်၊ အယူအဆ၊ အုပ်ချုပ်ပုံ စနစ်တို့ကို ဖော်ပြသော ကျောက်စာပေါင်း မြောက်များစွာလည်း ယခုထက်တိုင်ရှိနေသေးသည်။

ပုဂံကောင်းစားစဉ်က ဤမျှများပြားသော ဘုရားကျောင်းကန်များကို တည်ဆောက်ခဲ့ကြရသဖြင့် သစ်ကြီးဝါးကြီးတို့ ပြုန်းတီးကာ ယခုအခါ သဲကန္တာရတစ်ပိုင်းပမာ ဆူးပင်ငယ်တို့သာ ပေါက်ရောက်သော ဒေသဖြစ်ရသည်ဟု ဆိုကြသည်။

သို့ရာတွင် ပုဂံဒေသသည် မူလကပင် ချောက်သွေ့သော ဒေသဖြစ်သည်။

ရှေးယခင်ကပင် မွန်တို့က ပုဂံနှင့်ပတ်ဝန်းကျင်အရပ်တို့ကို တတ္တဒေသ(ခန်းခြောက်ရာအရပ်)ဟု ခေါ်ဝေါ်ခဲ့ဘူးလေသည်ကို ထောက်၍သိသာသည်။ ယင်းသို့ ခန်းခြောက်ရာဒေသတွင် မြို့တည်မိသဖြင့်လည်း စိမ်းလန်းစိုပြည်၍ ဆန်စပါးထွက်သော အခြားဒေသတို့ကို ချဲ့ထွင်သိမ်းပိုက်ရပေသည်။

သက္ကရာဇ် (၄၁၉)ခုနှစ်တွင် မြန်မာပြည်၏ သဘောဆိပ်မြို့ဖြစ်သော သထုံကိုသိမ်းပိုက်ပြီးသဖြင့် ပုဂံသည် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယ၊ သီဟိုဠ်တို့နှင့် အဆက်အသွယ်ရှိလာသည်။

သီဟိုဠ်ရာဇဝင် ကုလဝံသတွင် ဗုဒ္ဓအယူဝါဒ ဝိဇယဗာဟုမင်းသည် ကုလတို့နှင့်စစ်ဖက်ရာ၌ အနော်ရထာမင်းက ငွေ



www.burmeseclassic.com

www.burmeseclassic.com



ဗာဟုမင်းအား အကူအညီများပေးအပ်ကြောင်း ပါရှိလေသည်။

ပုဂံသည် ရှေးကမင်းနေပြည်တော်ဖြစ်ခဲ့သည်။ ယခုအ ခါမှာတော့ ဘုရားပြို ဘုရားပျက်အများအပြားတို့သာတွေ့နိုင် သော ရှေးဟောင်းနယ်မြေအဖြစ် တည်ရှိနေခဲ့သည်။ မည်သို့ပင် ရှိစေ၊ ရှေးဟောင်းအမွေအနှစ် လက်ရာများကတော့ ကျန်နေ သေးသည်။ လျှို့ဝှက်ဆန်းကြယ်သော နေရာအတော်များများ လည်း ရှိနေပေသေးသည်။ ကျန်နေသော ဘုရားများ၊ နေရာ ဟောင်းများနှင့်ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းသော နေ ရာများလည်းရှိနေသေးရာ ထိုအထဲတွင် ရှေးနှစ်ပေါင်းရှစ်ရာ ခန့်က ဧရာဝတီမြစ်ကမ်း အနီးမှာရှိခဲ့သော ဘုရားကျွန်၊ ကျောင်း ကျွန်များနှင့် ကယ်ပါများသာနေကြသော ကုသလရွာဟောင်းနေ ရာလည်း တစ်နေရာပါဝင်လေသည်။

အချို့ကလည်း ကုသလရွာကို ကယ်ပါရွာဟု အလွယ်တ ကူခေါ်ကြသည်။ ခုတော့ ထိုရွာမရှိတော့ပေ။ ဧရာဝတီမြစ် တိုက်စားမှုကြောင့် ကမ်းပါးပြိုရာတွင် ပါသွားခဲ့ချေပြီ။

ယခုထိုနေရာသို့ ဒေါက်တာမင်းထင်ကျော်တို့ ရောက် နေကြသည်။ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဇ္ဇနှင့် ကျွန်ုပ်တို့ပင် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ရန်ကုန်မှ ဦးမင်းဟ နှင့်အတူ ပုဂံသို့လိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ကုသလရွာ ဟောင်းကို ရှာဖွေရန်အတွက်ဖြစ်ပြီး ထိုနေရာနှင့်နီးသော သီရိပစ္စယာရွာမှ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်း နေကြသည်။





ထိုကျောင်း၌ ကျောင်းထိုင်နေသော ဘုန်းကြီးကလည်း ဦးမင်းဟန်နှင့်ရင်းနှီးနေသောကြောင့် ကျွန်ုပ်တို့အဖွဲ့ကို လွတ် လွတ်လပ်လပ် တည်းခိုနေထိုင်ရန် စီစဉ်ပေးထားသည်။

ကျောင်းဝင်းမှာ အတော်ကျယ်ပြီး ကျောင်းဝင်းထဲမှာ မန်ကျည်းပင် ညောင်ပင်စသော အရိပ်ရသောအပင်များအပြင် မဒ္ဒူသကအပင်ကြီးများလည်းရှိသည်။ ဦးမင်းဟန်က ကျွန်ုပ်တို့ကို သီရိပစ္စယာရွာမှ ဘုန်းကြီးကျောင်းသို့ လိုက်ပို့ပေးပြီးနောက် ပြန်သွားလေသည်။ ကျောင်းထိုင်ဘုန်းကြီးကို ကန်တော့ကြသော အခါ မေးသည်။

"ဒကာကြီးတို့က ရန်ကုန်ကပဲလား"

"မှန်ပါတယ်ဘုရား"

"ပုဂံကို ဘုရားဖူးလာကြတာလား"

"ဘုရားလည်းဖူးရင်း လေ့လာစရာလေးတွေလည်း ရှိ နေလို့ပါ ဘုရား"

ဦးမင်းဟန်နှင့်အတူ လာကြသောကြောင့် အစိုးရဌာနမှ ဝန်ထမ်းများဟု ထင်သွားဟန်ရှိလေသည်။

"အရှင်ဘုရားကို မေးပါရစေဘုရား"

"မေးပါ . မေးပါ"

"လွန်ခဲ့တဲ့ နှစ်ပေါင်း ခုနစ်ရာကျော် ရှစ်ရာလောက်က ရှိခဲ့ဖူးတဲ့ ကုသလရွာဟောင်းက ဘယ်နေရာလောက်မှာ ရှိပါသ လဲ ဘုရား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သဖြင့် ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

က အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှပြောသည်။

"ကျုပ်က ပုပ္ပားဘက်က ဒီမှာလာပြီး သာသနာပြုနေတာဆိုတော့ ရှေးကအကြောင်းတွေ သိပ်မသိလှဘူး၊ ဒီကျောင်းမှာ ကပ္ပိယလုပ်နေတဲ့ ဦးဇန်ကောင်းကတော့ ပုဂံသားဆိုတော့ သူနဲ့တွေ့ပြီးမေးရင် ပိုပြီးသိရနိုင်တယ်"

"ကပ္ပိယကြီးက ဘယ်မှာတွေ့ရမလဲဘုရား"

"အခုတော့ မရှိသေးဘူး၊ အနောက်ဘက်ကမ်းကို ကူးပြီး တန့်ကြည့်တောင်ကိုသွားတယ်၊ တစ်ရက်နှစ်ရက်ကြာရင်တော့ပြန်လာမှာပါ"

ဟု ပြောသဖြင့် အပြင်သို့ ပြန်ထွက်လာကြသည်။

ထို့နောက် သုံးယောက်သား ထိုနေရာတစ်ဝိုက်မှာရှိသော ဘုရားများကို လိုက်ဖူးကြရင်း လောကနန္ဒာစေတီတော်သို့ ရောက်သွားကြသည်။

လောကနန္ဒာစေတီတော်မှာ စွယ်တော်လေးဆူစာရင်းဝင် စေတီတော်ဖြစ်ပြီး ဧရာဝတီမြစ်ကမ်းပါး၌ တည်ရှိလေသည်။ စေတီတော်ရင်ပြင်တော်ပေါ်မှကြည့်လျှင် အနောက်ဘက်ကမ်းတန့်ကြည့်တောင် ထိပ်ပေါ်၌ရှိသော စွယ်တော်လေးဆူစာရင်းဝင် တန့်ကြည့်တောင်စေတီတော်နှင့် ဧရာဝတီမြစ်၏ ရှုခင်းများကို မြင်တွေ့ရသည်။

လောကနန္ဒာစေတီတော်တစ်ဝိုက်မှာ ကြီးမားလှပြီး အရိပ်ရသော သစ်ပင်ကြီးများစွာတို့ ရှိကြသည်။ ထိုအထဲတွင် မဉ္ဇူသက နတ်ပန်းပင်အပါအဝင် အခြားအပင်ကြီးများရှိသည်။





လောကနန္ဒာဘုရား အရှေ့တောင်ဘက် အင်းစောင်းတွင် လုံးပတ်(၈)ပေကျော်သော သစ်ကနက်ပင်ကြီး ရှိသည်။ ထို့ပြင် ပုတီးဖြူပင်၊ ကျီးဖြူပင်နှင့် မဉ္ဇူပင် (မဉ္ဇူသကနတ်ပန်း)ပင်တို့လည်း ရှိကြသည်။

မဉ္ဇူပင်အဖိုတစ်ပင်မှာ ဘုရားအနောက်ဘက်ကမ်းစောင်းတွင် တည်ရှိပြီး အခြားအဖိုတစ်ပင်မှာ အင်းမြောက်ဘက် ဘုန်းကြီးကျောင်း ဝန်းအတွင်း၌ရှိသည်။ မဉ္ဇူအမပင်မှာ ထိုဘုန်းကြီးကျောင်း အနောက်မြောက်ထောင့်၌ရှိသည်။ (မဉ္ဇူပန်းကို ဖျားရည်တွင်စိမ်ပြီး နေ့စဉ်စားပါက ရောဂါကင်းပြီး အသက်ရှည်သည်ဟု အဆိုရှိသည်။)

လောကနန္ဒာစေတီတော်ရှိသော ပတ်ဝန်းကျင်မှာ သစ်ပင်ရှားလှသော ပုဂံနယ်တစ်ခွင်မှာ တကယ့်အိုအေစစ်တစ်ခုလို အေးချမ်းသာယာလှသည်။

သို့ကြောင့် 'ရွာမှာ သီရိပစ္စယာ၊ ဘုရားမှာ လောကနန္ဒာ၊ အင်းမှာ ကြောင်နှံ့သာ၊ ချောင်းမှာ နေရဥရာ' ဟုအဆိုရှိကြခြင်းဖြစ်၏။

လောကနန္ဒာစေတီတော်သို့ ရောက်သောအခါ လူချင်းခွဲကာ မိမိတို့နှစ်သက်သော နေရာများမှာ သွားရောက်ကြည့်ရှုနေကြသဖြင့် ဒေါက်တာမင်းထင်ကျော် တစ်ယောက်တည်း ကျောက်စာပေါင်းများထားသောနေရာဘက်သို့ ထွက်လာလေသည်။ ကျောက်စာတော်များများမှာတော့ ဘုရားမှလျှုဒါန်းထားသော ဘုရားကျွန်များနှင့် အခြားပစ္စည်းများ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



များကိုတွေ့ရသည်။ ဒေါက်တာမင်းထင်ကျော်က ဘုရားကျွန်များအကြောင်း ရေးထားသည့် ကျောက်စာများကို လေ့လာဖတ်ရှုရလေသည်။

သက္ကရာဇ် (၅၉၂)ခုနှစ် တပေါင်းလဆုတ် (၃)ရက်၊ ဗုဒ္ဓဟူးနေ့ မဟာဒါနပတီဘုရားအားလှူသော ပုဂံကျွန်း၊ ကုလားမြန်မာစုံ (၇၈)ယောက်၊ ထောက်တော်ကားသား ကျွန် ငါဝယ်သော (၃၀)ကျိပ်၊ အပေါင်းကျွန် (၁၀၈)ယောက်၊ စလင်းလယ် (၁၅၀)၊ ခန္တီးလယ် (၂၀၀)၊ ရောင်ဖုကောင်လယ် (၆၅၀)၊ အပေါင်လယ် (၁၀၀၀)၊ ရွှေသပိတ် (၅)လုံး၊ လင်ဗန်း (၅)။

ထိုသို့ရေးသားချက်များအပြင် ၎င်းတို့လှူသော ပစ္စည်းများကို ဖျက်ဆီးသောသူတို့မဟာအဝီစိငရဲကျပါစေသားဟူသော ဆုတောင်းများအပြင် ဘုရားကျွန် ကျောင်းကျွန်တို့ကို နှိပ်စက်ဖျက်ဆီးသော သူတို့မဟာအဝီစိငရဲကျခံရစေသားဟူသော ကျိန်စာဆုတောင်းများလည်း တွေ့ရသည်။

အပေါင်း (၂၁)ယောက်တို့တွင် သေးသော (၄)ယောက် ရှည်သော(၁၇)ယောက် ဤဘုရားကျွန်သူ အနိုင်ထက်ပြုသော သူတို့ကား အဝီစိလေးထပ်အထဲ ကျက်စေသတေး၊ အမျိုးခပင်းပြုန်းတီးစေသတေး. . ဟူသော ဘုရားလှူထားသော ကျွန်များနှင့် ပတ်သက်ပြီး အခြားသူတို့က မနှိပ်စက်ဝံ့စေရန် ဆုတောင်းကျိန်စာ ထားခဲ့သည်များကိုလည်း တွေ့ရလေသည်။

ထို့နောက် ကျောက်စာတိုက်အတွင်းမှ အပြင်သို့ပြန်ထွက်လာလေရာ အပြင်ရောက်တော့ ပန်းရောင်းသော အမျိုး





သမီးတစ်ဦးနှင့် တွေ့ရသည်။

“ပန်းဝယ်ပါဦးလားအစ်ကို”

အညာလေသံဝဲဝဲကလေးဖြင့် ပြောလိုက်သောအသံကြောင့် သူမကို အသေအချာ ကြည့်လိုက်သည်။

အသက် (၂၀)ကျော်အရွယ်ခန့်ရှိပြီး အပြစ်ကင်းစွာဖြင့် လှပချောမွေ့သူတစ်ဦးဖြစ်ကြောင်း သတိပြုမိလိုက်သည်။ သူမလက်ထဲမှာစံပယ်ပန်း၊ ခရေပန်းများအပြင် ဝါးခြင်းကလေးများဖြင့် ထည့်ထားသည့်မဥ္စူပန်းပွင့်များပါ တွေ့ရလေသည်။

“ပန်းဝယ်ပါဦးလားအစ်ကို”

သူမက ဒေါက်တာမင်းထင်ကျော်ကို ပြုံး၍ ကြည့်ရင်း ထပ်ပြောလေသည်။

“အေးဝယ်တာပေါ့ ဒါထက် မင်းက ဘယ်နေရာကလာပြီး ပန်းရောင်းတာလဲ”

“ရွှေညောင်ပင်ရွာကပါ”

“ရွှေညောင်ပင်က ဘယ်နေရာမှာရှိတာလဲ”

သူမက မြောက်ဘက်နဲ့ လက်ညှိုးထိုးပြပြီး ပြောသည်။

“ကျွန်မတို့နေတဲ့ရွာက အပါယ်ရတနာဘုရားနဲ့ မဝေးလှပါဘူး”

“မင်းက ဒီမှာနေတာ ကြာပြီလား”

“ပုဂံမှာမွေး ပုဂံမှာကြီးတာပါပဲ”

“ဒါဖြင့် ပုဂံမြို့သူပေါ့”

“မဟုတ်ပါဘူး ရွှေညောင်ပင်ရွာသူပါ”



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ပြုံးလိုက်လေသည်။

"ထားပါတော့ ဒါထက် မင်းရဲ့နာမည်ဘယ်လိုခေါ်သလဲ"

"မြသင်းကြူလို့ ခေါ်ပါတယ်ရှင်"

"မင်းလက်ထဲမှာပါတဲ့ ပန်းတွေအားလုံး ဝယ်ပါ့မယ်"

ထိုစကားကြောင့်သူမ မျက်နှာပေါ်မှာ ပျော်ရွှင်မှုလေးများက အထင်းသားပေါ်လာသည်။

"ဒါပေမယ့် ငါမေးတာကိုတော့ မင်းသိသမျှ ပြောပြပေးရမယ်"

သူမက ခေါင်းညိတ်ပြသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ကျောက်စာတိုက်ရှေ့မှာရှိသော သစ်ပင်ကြီးအောက်မှာ ချထားသော ခုံတန်းလျားပေါ် သို့သွားထိုင်ရာ မြသင်းကြူဆိုသော မိန်းကလေးကလည်း နောက်မှလိုက်လာပြီး မနီးမဝေးမှာ ဝင်ထိုင်သည်။ သူမလက်ထဲမှ ပန်းများကို ဒေါက်တာမင်းထင်ကျော်က အားလုံးယူမည်ပြောသဖြင့် စိတ်ပေါ့ပါးနေဟန်လည်း ရှိပုံရသည်။

သူတို့ထိုင်နေသောနေရာမှ ကြည့်လျှင် ရွှေရောင်တဝင်းဝင်းနှင့် လောကနန္ဒာစေတီတော်ကို အနီးကပ်ဖူးမြင်ရလေသည်။

"မင်းက ဒီနေရာမှာ မွေးပြီး ကြီးပြင်းလာတာဆိုတော့ ဒီနေရာအကြောင်းတွေတော့ အတော်ကလေးသိမှာပေါ့"





သူမက ခေါင်းညိတ်ပြသည်။

"ဒီနေရာမှာ တစ်ဝိုက်မှာ 'ကုသလရွာ'ဆို ကြားဖူးသလား"

"ကုသလရွာ"

သူမက ရေရွတ်ရင်း အနည်းငယ်စဉ်းစားနေသည်။

"အခုတော့ ဒီနာမည်နဲ့ ရှိချင်မှရှိတော့မယ်၊ ရှေးတုန်းက ဒီနေရာတစ်ဝိုက်မှာ အဲဒီရွာနာမည်မျိုးရှိခဲ့ဖူးတယ် မင်းကြားဖူးသလား"

"လူကြီးတွေ ပြောသံတော့ တစ်ခါတလေကြားဖူးတယ် ကျွန်မတော့ သေသေချာချာ မသိဘူး"

"ဘယ်သူများ သိနိုင်မလဲ"

"ကျွန်မအဘိုးတော့ သိနိုင်မယ်ထင်တယ်"

"မင်းအဘိုးကဘယ်မှာ တွေ့နိုင်မလဲ"

"ရွှေညောင်ပင်ရွာမှာနေပါတယ်၊ အစ်ကိုကျွန်မနဲ့ လိုက်ခဲ့ရင် တွေ့နိုင်ပါတယ်"

"ကျေးဇူးပါပဲကွာ ဒီကနေ့တော့ မလိုက်သေးဘူး၊ မနက်ဖြန် မင်းပန်းရောင်းလာတော့မှပဲ လိုက်တော့မယ်၊ မင်းလက်ထဲက ပန်းတွေ ဘယ်လောက်ကျသလဲ"

"ခြောက်ကျပ်ဖိုးလောက်ရှိပါတယ်၊ အားလုံးယူရင် ငါးကျပ်ပဲပေးပါရှင်"

ဒေါက်တာမင်းထင်ကျော်က အိပ်ထဲမှ ငါးကျပ်တန် တစ်ရွက်နှင့်တစ်ကျပ်တန် တစ်ရွက်ကိုပါရှာပြီး ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေး. . ကျေးဇူးတင်ပါတယ်ရှင်"

ဒေါက်တာမင်းထင်ကျော်က သူမလက်ထဲမှ ပန်းများကို ယူပြီး ဘုရားပန်းအိုးအတွင်းသို့ သွားရောက်လှူဒါန်းနေစဉ် မြသင်းကြူဆိုသော မိန်းကလေးလည်း ထိုနေရာမှ ထွက်ခွာလေတော့သည်။





# အခန်း (၉)

# ကချေသည်မ ဘရဏီ သို့မဟုတ် အမှောင်ထဲမှ ညှို့သည်

တစ်နေ့ကုန် ပင်ပန်းခဲ့ကြသောကြောင့် ညအချိန်ရောက်သောအခါ သုံးယောက်သား စကားအနည်းငယ်သာပြောပြီး အသီးသီး အိပ်ရာဝင်ကြလေသည်။ ဘုန်းကြီးကျောင်းပေါ်မှာရှိသော ကျက်သရေခန်းထဲတွင် အိပ်ရာများခင်းကာ အိပ်ကြရခြင်းဖြစ်သည်။ ဆရာကြီး သူရဋ္ဌက ဘုရားခန်းအတွင်းမှာ ပုတီးစိတ်နေပြီး ကျွန်ုပ်က မှတ်တမ်းများကို ရေးနေစဉ်မှာ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်က မအိပ်ချင်သေးသောကြောင့် ကျောင်းအောက်ထပ်သို့ ဆင်းသွားလေသည်။ ညဉ့်ဦးပိုင်းအချိန်ဖြစ်သောကြောင့် လရောင်က တစ်စွန်းတစ်စလင်းနေသည်။

ကျောင်းဝင်းတစ်ခုလုံးမှာလည်း ရှင်းလင်းတိတ်ဆိတ်လျက် ရှိနေသည်။

သူသည် ကျောင်းနှင့်မနီးမဝေးမှာရှိသော ညောင်ပင်ကြီးတစ်ပင်အောက်မှာ ပြုလုပ်ထားသော ခုံတန်းလျားပေါ်မှာ ထိုင်ရင်း ပတ္တမြားသပိတ်အကြောင်းကို စဉ်းစားနေလေသည်။

(ပတ္တမြားသပိတ်တော်ဟု ရေးသားသုံးစွဲသော်လည်း ပတ္တမြားလုံးဖြင့် ပြုလုပ်ထားသော သပိတ်တော့မဟုတ်ပေ၊ သပိတ်ထဲတွင် ပတ္တမြားများအပြည့်ထည့်ထားသဖြင့် ပတ္တမြားသပိတ်တော်ဟု ရေးသားခြင်းဖြစ်ပေသည်။)

ထိုသို့ အတွေးကောင်းနေစဉ် အချိန်ကလည်း တဖြည်းဖြည်းနှင့်ကုန်လာလေသည်။ ထိုအခိုက်မှာပင် သူနှင့်မနီးမဝေးနေရာမှ လူတစ်ယောက်တရွေ့ရွေ့နှင့် လျှောက်လာလေသည်။

အဝတ်ဖြူများဝတ်ထားပြီး တောင်ဝှေးတစ်ချောင်းကိုင်ထားသော အဘိုးအိုပင်ဖြစ်သည်။ အနားရောက်လာတော့ ဒေါက်မင်းထင်ကျော်က ကပ္ပိယကြီး ဦးဗန်ကောင်းပြန်လာပြီထင်သောကြောင့် ဝမ်းသာသွားသည်။

"ကပ္ပိယကြီး ဦးဗန်ကောင်းမဟုတ်လား"

"ကျုပ်ကပ္ပိယကြီး မဟုတ်ပါဘူး၊ ဒီကျောင်းကိုစောင့်ရှောက်နေရတဲ့ ကျောင်းစောင့်ကြီးပါ"





"ဟင်"

သူတို့ကျောင်းသို့ရောက်သည်မှာ အတော်ကြာပြီဖြစ်သော်လည်း ယခုမှ ကျောင်းစောင့်ကြီးကို တွေ့ရသဖြင့် အံ့ဩသွားလေသည်။

"ကျောင်းပေါက်ဝမှာ မိန်းကလေးတစ်ယောက်ရောက်နေတယ် ကျုပ်က ဝင်ခွင့်မပေးတာနဲ့ အပြင်ဘက်မှာပဲ ရပ်နေတယ်။

"ဘယ်သူလဲဟင်"

"မောင့်ကိုတွေ့ချင်တဲ့သူပဲ ဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ အံ့ဩသွားသည်။ ပုဂံရောက်သည်မှာ မကြာသေးသောကြောင့် သူ့မှာ အသိအကျွမ်းမရှိသေးပေ။

မှတ်မှတ်ရရ ဘုရားပေါ်မှာ တွေ့ခဲ့ရသော မြသင်းကြူတစ်ယောက်သာရှိသေးသည်။ အချိန်မတော်မှ မြသင်းကြူများရောက်လာလေသလားဟု ထင်လိုက်မိသည်။

"သူ့ကို ဝင်ခွင့်ပေးလိုက်ရမလား"

ကျောင်းစောင့်က ထိုကဲ့သို့ မေးသဖြင့် အံ့ဩသွားလေသည်။

"ဟုတ်. . ဟုတ်ကဲ့"

ထိုသို့ ပြောလိုက်သည်နှင့် အဘိုးကြီးက ကျောင်းပေါက်သို့ ပြန်လှည့်သွားလေသည်။

အတန်ကြာတော့ ကျောင်းဝင်းအတွင်းသို့ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဝင်လာသည်။ အနားရောက်လာတော့မှ သူသိသော မြသင်းကြူမဟုတ်မှန်း တွေ့ရသည်။ အမျိုးသမီးမှာ ရှေးရိုးအဝတ်အစားများဝတ်ဆင်ထားပြီး အသက် (၃၀)ကျော်အရွယ်ခန့်သာရှိသေးသည်။ သူမဝတ်ဆင်လာသော အဝတ်အစားများမှာ မင်းသမီးတစ်ယောက်ဝတ်ဆင်သော အဝတ်အစားများနှင့်တူပြီး အစိမ်းရောင်ဖြစ်သည်။ သူမက ဒေါက်တာမင်းထင်ကျော်နှင့် မနီးမဝေးနေရာမှာ ရပ်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ"

"ရှင်က ကျွန်မကို မသိသေးပေမယ့် ကျွန်မကတော့ ရှင့်ကို သိပါတယ်၊ ကျွန်မနာမည် ဘရဏီလို့ခေါ်ပါတယ်"

ထိုစကားကြားသောအခါ အံ့သြစိတ်နှင့်အတူ ဝမ်းသာသွားလေသည်။

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ခေါ်ပါတယ်၊ ကျွန်တော်ကလည်း ခင်ဗျားနဲ့ တွေ့ရတာဝမ်းသာပါတယ်"

ဘရဏီက ခေါင်းတစ်ချက်ညိတ်ပြသည်။

"ကျွန်တော်တို့ ဘာကြောင့် ပုဂံကို လာကြတယ်ဆိုတာတော့ ခင်ဗျား သိနေပြီးသား ဖြစ်မှာပါ"

"သိပါတယ် ကျွန်မယောကျ်ား ကိုဝေလ မြှုပ်ထားခဲ့တဲ့ ပတ္တမြားသပိတ်ကို ရှာဖို့လာတာမဟုတ်လား"

"မှန်ပါတယ်"

"ဒါကတော့ သိပ်ပြီး မထူးဆန်းတော့ပါဘူးလေ၊ ရှေးနှစ်





ပေါင်းများစွာ ခေတ်တွေအဆက်ဆက်ကတည်းက ဒီပတ္တမြားသပိတ်ကို ရှာဖွေနေကြတာပဲ၊ ဒီလိုနဲ့ သေသွားကြတဲ့လူတွေလည်း နည်းတော့တာမှ မဟုတ်တာ"

ဟု သူမကပြောသည်။

"ကျွန်တော်တို့လည်း ဒီပတ္တမြားသပိတ်ကိုပဲ ရှာဖွေဖို့လာကြတာပါပဲ၊ ဒါပေမယ့် အရင်လာတဲ့လူတွေနဲ့ ရည်ရွယ်ချက်ချင်းတော့ မတူပါဘူး"

"ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ လာရှာတာလဲ"

"ရှင်ရာဟုလာကို မာလာယမင်းက ဒီပတ္တမြားတွေကို လှူတာ လောကီအကျိုးစီးပွားအတွက် ရည်စူးပြီး လှူခဲ့တာမဟုတ်ပါဘူး၊ တရားကိုပူဇော်တဲ့အနေနဲ့ လှူခဲ့တာဖြစ်ပါတယ်၊ ဒါကြောင့်. . . ဒီပတ္တမြားတွေကို လောဘနဲ့မသုံးစွဲထိုက်ပါဘူး၊ ဘကယ်လို့ ရှာတွေ့ရင်လည်း ကျွန်တော်တို့အကျိုးအတွက် မသုံးပါဘူး၊ သာသနာရေး ဘာသာရေးတွေအတွက်ပဲ သုံးမှာပါ"

ဟုပြောပြလိုက်သည်။

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့၊ ဒါပေမယ့် ပတ္တမြားတွေကိုတော့ လွယ်လွယ်နဲ့ ရှာလို့တွေ့မယ်မထင်ဘူး၊ နောက်ပြီး ရှင်တို့အနေနဲ့ အန္တရာယ်တွေနဲ့ တွေ့ကြုံရနိုင်တယ်"

"ဘယ်လိုအန္တရာယ်မျိုးတွေလဲ"

"လောဘသားတွေပေါ့ရှင်၊ ဒီပတ္တမြားတွေကို လိုချင်လို့ လောဘသားတွေက နည်းအမျိုးမျိုးနဲ့ ကြိုးစားနေကြတာပဲ သူတို့ဟာ ဒီပတ္တမြားတွေကို ရှာဖွေဖို့လာတဲ့ သူတွေဆိုရင် အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးကြတယ်”

“ဒီလိုသတိပေးထားတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် မေးချင်တာလေး မေးပါရစေ”

“မေးနိုင်ပါတယ်”

“တခြားတော့မဟုတ်ပါဘူး၊ ဦးဝေလမြှုပ်ထားခဲ့တဲ့ ပတ္တမြားသပိတ်က ရောက်ရှိနေပါသေးလား”

“ရှိနေပါသေးတယ်”

“ဘယ်နေရာမှာရှိတယ်ဆိုတာရော ပြောပြပေးနိုင်ပါသလား”

“ကျွန်မအနေနဲ့ ပြောပြခွင့်မရှိပါဘူး၊ ဒါပေမယ့် ဘယ်နေရာမှာရှိတယ်ဆိုတာကိုတော့ အမှတ်အသားတွေ ပြုလုပ်ထားတာရှိပါတယ်”

ဟု ပြောပြီး ဘရဏီဆိုသော အမျိုးသမီး ပြန်ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်အတွက် ထိုမျှလောက်သိ[...] လျှင်ပင် ကျေနပ်လောက်စရာဖြစ်သည်။ ထိုနေရာမှာ အတန်[...] ကြာအောင်ထိုင်နေပြီး အတော်ကလေးညဥ့်နက်တော့မှ ကျောင်[...] ပေါ်ပြန်တက်သွားလေသည်။ ထိုအချိန်မှာ ဆရာကြီးသူရဋ္ဌ[...] ပုတီးစိပ်ပြီး ဘုရားခန်းထဲမှ ပြန်ထွက်လာသည်နှင့်တွေ့ရသည်[...]

“သူတို့နဲ့တွေ့ရပြီလား မောင်ထင်ကျော်”

တွေ့သည်နှင့် ဆရာကြီးကမေးသည်။

“သက်ဆိုင်သူတစ်ယောက်တော့ ရောက်လာလို့ တွေ့[...]





ပြီဆရာကြီး”

“ဘယ်သူတဲ့လဲ”

“ဘရဏီလို့ပြောသွားတယ်”

“ရှင်ရာဟုလာဘဝက ကိုဝေလဘဝရောက်အောင် လုပ်ခဲ့တဲ့ ကချေသည်မထင်တယ်”

“ဟုတ်ပါတယ်”

“သူနဲ့တွေ့ရတော့ ပိုကောင်းတာပေါ့ ဘာတွေပြောသွားသလဲ”

“ပတ္တမြားတွေလည်း ရှိနေသေးတယ်၊ တခြားအန္တရာယ်တွေလည်းရှိနေတယ်လို့ပြောသွားတယ်”

“ကျုပ်ထင်နေတာက ကိုဝေလမြှုပ်ထားတဲ့ပတ္တမြားသပိတ်က ဧရာဝတီမြစ်ကမ်းပါးပြိုတဲ့အထဲ ပါသွားပြီလို့ ထင်နေတာ၊ ရှိနေသးတယ်ဆိုတော့ ပိုကောင်းတာပေါ့၊ အန္တရာယ်တွေကတော့ နေရာတကာမှာရှိမှာပဲပေါ့၊ ဒီလောက်တန်ဖိုးရှိတဲ့ ရတနာတွေ ကိစ္စဆိုတော့လည်း လူတိုင်းစိတ်ဝင်စားကြမှာပဲ လူတွေရဲ့ အန္တရာယ်တွေနဲ့ တွေ့ရသလို ပရလောကသားတွေရဲ့ အန္တရာယ်နဲ့လည်း အများကြီးတွေ့ရမှာသေချာတယ်။

“ဒါကတော့ သတိထားရမှာပေါ့၊ ကျွန်တော်တို့အတွက်တာတော့ သိပ်မထူးဆန်းတော့ပါဘူး”

“နောက်ထပ်ရော ဘာတွေပြောသွားသေးသလဲ”

“ပတ္တမြားတွေရှိတဲ့နေရာမှာ အမှတ်အသားတွေပြုလုပ်ထားတယ်လို့တော့ ပြောသွားတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ပြောသွားတယ်ဆိုရင်ပဲ တော်လှပြီ၊ ကျန်တာကတော့ ကိုယ့်ဘာသာ ကြိုးစားကြည့်ရမှာပေါ့၊ မနက်ဖြန်တော့ ဟိုမိန်းကလေးနဲ့လိုက်သွားပြီး အခြေအနေလေး အကဲခတ်ကြည်ကြတာပေါ့"

"ဒီရက်ထဲမှာ ဟိုဘက်ကမ်း ကူးသွားတဲ့ ဦးဗန်ကောင်း ပြန်ရောက်လာရင် အဆင်ပြေမှာပဲ၊ ဒေသခံတစ်ယောက်ပါတော့ ပိုကောင်းတာပေါ့"

"သူလာတော့လည်း ကောင်းတာပေါ့၊ မလာသေးခင်တော့ ကိုယ့်ဘာသာကြိုးစားရမှာပေါ့ မောင်ထင်ကျော်ရယ်"

ဟု ပြောဆိုကာ အိပ်ရာဝင်ကြလေသည်။

နောက်တစ်နေ့နံနက် ပိုင်းအချိန်တွင် လောကနန္ဒာစေတီတော်သို့ အရင်သွားကြသည်။ ထိုနေရာရောက်ပြီး ဘုရားဝပ်ပြုပြီးသောအချိန်တွင် မြသင်းကြူက သူတို့အနီးသို့ ရောက်လာလေသည်။ သူမလက်ထဲမှာတော့ ရောင်းစရာပန်းများ ပါလာသည်။

စံပယ်ပန်းနှင့်ခရေပန်းကုံးများက ရွာမှလာစဉ်ကတည်းက ပါလာခြင်းဖြစ်ပြီး မဥ္ဇူပန်းများကတော့ ဘုရားရောက်တော့မှ ကောက်ယူပြီး ရောင်းချခြင်းဖြစ်သည်။

"ကဲ . . ကဲ . . မင်းမှာပါတဲ့ပန်းတွေကို ဘုရားရင်ပြင်တော်ပေါ်မှာရှိတဲ့ ဂြိုဟ်တိုင်တွေအားလုံးမှာ လိုက်ချိတ်ပေတော့ ကျသမျှ ငါတို့ကပေးပါ့မယ်"

ဟုပြောရာ သွက်လက်စွာနှင့်ပင် ရင်ပြင်တော်ပေါ်





တက်သွားပြီး ဂြိုဟ်တိုင်များ၌ ပန်းကုံးများ ပန်းခိုင်များကို လိုက်လံကပ်လှူလေသည်။ ပြီးတော့မှ သူတို့ရှိရာသို့ ပြန်လာသည်။

"အစ်ကိုတို့ ကျွန်မတို့ရွာကို လိုက်ခဲ့မှာလား အဘိုးကိုတောင် အစ်ကိုတို့လာမယ်ဆိုတဲ့အကြောင်း ပြောပြထားသေးတယ်။

"ဒါထက် မင်းတို့ရွာကို ဘာနဲ့သွားကြမလဲ"

"ကျွန်မတော့ မနက်တိုင်း လမ်းလျှောက်လာတာပါပဲ အစ်ကိုတို့မလျှောက်နိုင်ရင်တော့ ဒီကနေ မြင်းလှည်းငှားသွားရင် မဝေးလှပါဘူး"

ဟု ပြောသဖြင့် မြင်းလှည်းတစ်စင်းငှားပြီးသွားကြလေသည်။ သူမတို့နေသော ရွှေညောင်ပင်ရွာမှာ မြင်းကပါရွာနှင့် သီရိပစ္စယာရွာကြား ပုဂံနှင့်ချောက်သို့တောက်လျှောက်သွားနိုင်သည့် လမ်းမကြီးနှင့်မဝေးလှသော ဧရာဝတီမြစ်ကမ်းအနီး၌တည်ရှိလေသည်။

အိမ်ခြေလေးဆယ်ကျော် ငါးဆယ်ခန့်ရှိပြီး သူကြီးအုပ်ချုပ်သည့်ရွာလည်းဖြစ်သည်။ သစ်ပင်ကြီးများဖြင့် စိမ်းစိမ်းစိုစိုရှိလှပြီး နေချင့်စဖွယ်ကောင်းလှသည့် ရွာတစ်ရွာလည်း ဖြစ်သည်။

ပုဂံနေပြည်တော်ကောင်းစားခဲ့စဉ် နေရာအနှံ့ဘုရားစေတီများတည်ကြရာ သစ်ပင်ကြီးများကို ခုတ်ထွင်ပစ်ခဲ့ကြသည်။ နှစ်ပေါင်းများစွာကြာပြီး ပုဂံပြည်ပျက်စီးခဲ့ပြီးနောက်ပိုင်း ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပုထိုးစေတီ အတော်များများ ပြိုကျပျက်စီးသွားသောအခါ အရိပ်ရသော သစ်ပင်ကြီးများမရှိတော့ဘဲ လွင်တီးခေါင်ကြီးအဖြစ် ကျန်ခဲ့တော့သည်။

နောက်ပိုင်း လူမနေသောအခါ ဆူးတောများနှင့်ထနောင်းပင်အချို့လောက်သာ တွေ့မြင်ရတော့သည်။ သို့သော်လည်း ဧရာဝတီမြစ်နှင့်နီးသော နေရာတစ်ဝိုက်မှာတော့ သစ်ပင်ကြီးများရှိနေကြသေးသည်။

အထူးသဖြင့် ဗူးဘုရား၊ လောကနန္ဒာဘုရား အစရှိသော ဧရာဝတီမြစ်ကမ်းပါးအနီး၌ရှိသော ဘုရားနေရာများမှာ ရှေးဟောင်းသစ်ပင်ကြီးများ ရှိနေကြသေးသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့ကြသော ညောင်ပင်နှင့် ကုက္ကိုပင်ကြီးများအား တွေ့နိုင်သေးသည်။ ရွှေညောင်ပင်ရွာမှာလည်း ထိုကဲ့သို့သော ရှေးဟောင်းသစ်ပင်ကြီးများရှိပြီး အုံ့အုံ့ဆိုင်းဆိုင်းဖြင့် အေးချမ်းလှသော နေရာဖြစ်သည်။

ရှေးအခါက ထိုနေရာတစ်ဝိုက်တွင် လူနေအိမ်ခြေမရှိဘဲ ဘုရားပြို ဘုရားပျက်များ၊ တောင်ပို့များ၊ အုတ်ကျိုးပုံများသာရှိသည်။ ရွာရှိသောနေရာမှာ အရှေ့ဘက်တွင် လမ်းမကြီးရှိပြီး အနောက်ဘက်တွင် ဧရာဝတီမြစ်ကမ်းပါးရှိသည်။ ဧရာဝတီမြစ်ကမ်းနှင့် အလျားလိုက်တည်ထားသော်လည်း နေအိမ်များက သင့်တော်သလို ဆောက်ထားသဖြင့် ရွာဝိုင်းကဲ့သို့ဖြစ်နေလေသည်။

လူသွားလမ်းများကတော့ အိမ်များကြားမှ သင့်တော်သ





လို ဖောက်ထားသည်။ အများအားဖြင့်တော့ လူသွားရန်အတွက်သာမက နွားလှည်းမြင်းလှည်းများ သွားလာရန် ဖောက်ထားသဖြင့် လှည်းဘီးရာများဖြင့် ပြည့်နေသည်။ ဖုန်တထောင်းထောင်းထနေသည်။ လှည်းတစ်စီး ဖြတ်သွားလျှင် ဖုန်လုံးကြီးများက အလိပ်လိုက် အလိပ်လိုက် ထလာပြီး လူနှင့်အိမ်များကို ဖုံးသွားတတ်ကြပေသည်။

ဖုန်များမှာ မြေနီမှုန့်များဖြစ်သောကြောင့် မြင်မြင်သမျှအနီရောင်များချည်း ဖြစ်နေသည်။ မြသင်းကြူတို့နေသောတဲကရွာဝိုင်းအတွင်းမှာ မဟုတ်ဘဲ ရွာအစွန်ဘက်တွင်ရှိသည်။ ဧရာဝတီမြစ်ကမ်းပါးအနီးတွင်ရှိပြီး ဝန်းခြံကအတော်လေးကျယ်ဝန်းသည်။ အိမ်ဆောက်ထားသော နေရာတစ်ဝိုက်မှာ ခရေပင်နှင့်ကံ့ကော်ပင်ကြီးများရှိသည်။

မြေပြင်ကို ဖုန်မထအောင် ရေလောင်းထားပြီး အမှိုက်များပြောင်နေအောင် လှည်းထားသောကြောင့် မြေပြင်ပေါ်မှာ ခရေပွင့်များ ကြွေကျနေသည်ကို တွေ့မြင်ရသည်။ ရနံ့ကလည်း မွှေးကြိုင်လှသည်။

အိမ်နှင့်မနီးမဝေးခြံ ဝန်းအတွင်းမှာတော့ စံပယ်ပန်းစိုက်ခင်းများရှိသည်။ ရေနိုင်သော စိုက်ခင်းများဖြစ်သဖြင့် စိမ်းစိုနေပြီး အဖူးအပွင့်များက ဝေဆာလှသည်။ မြင်းလှည်းသမားက အိမ်နှင့်မနီးမဝေးနေရာရောက်တော့ ရပ်ပေးသဖြင့် ထိုနေရာမှ ဆင်းလျှောက်သွားကြသည်။

တံပေါက်ဝရောက်သည်အထိ တံပေါ်မှာ လူမတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သေးပေ။ အတန်ကြာတော့မှ မြစ်ကမ်းဘက်မှာ အဘိုးအိုတစ်ယောက်တက်လာပြီး အိမ်ဘက်သို့ လျှောက်လာသည်။

အသက်(၇၀)ကျော်အရွယ်ခန့် ရှိပြီဖြစ်သော်လည်း ကျန်းမာနေဆဲပင်ရှိသေး၏။

"ဧည့်သည်တွေ ပါလာပြီလား"

"ဟုတ်တယ်အဘိုး ဒီအစ်ကိုတို့ပဲ"

မြသင်းကြူက ဒေါက်တာမင်းထင်ကျော်ကို လက်ညှိုးထိုးပြသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကိုင်း. . တဲပေါ်လာကြပါ။ ရေနွေးကြမ်းလည်း အဆင်သင့် ကျိုထားပါတယ်"

ဟုပြောပြီး ခေါ်သဖြင့် အိမ်ပေါ်တက်ပြီး အရှေ့ဘက် ကြမ်းပြင်ပေါ်မှာ ထိုင်လိုက်ကြသည်။ အခင်းမှာ ဝါးကြမ်းခင်းဖြစ်သည်ကတစ်ကြောင်း၊ ကြမ်းကြားမှလေတိုးနေသောကြောင့် အေးနေသည်။ မြသင်းကြူကပင် မိတ်ဆက်ပေးသောကြောင့် သူမ၏အဘိုးအမည်မှာ ဦးဖိုးမျှင်ဖြစ်ကြောင်းသိကြရသည်။

ဦးဖိုးမျှင်က မြသင်းကြူက ကြိုတင်ပြောပြထားသဖြင့် ဧည့်သည်များ ရောက်လာမည်ကို သိနေသဖြင့် လက်ဖက်ရည်ကြမ်း၊ ထန်းလျက်၊ မြေပဲလှော် စသည်တို့ကို ပြင်ဆင်ထားသည်။ ယွန်းအစ်ဟောင်းတစ်လုံးဖြင့် ထည့်ထားသော လက်ဖက်ပွဲလည်းပါသည်။ ကျွန်ုပ်တို့လည်း ၎င်းတို့ချကျွေးသော အစားအသောက်များကို စားသောက်ရင်း သိချင်တာများကို မေးမြန်းရလေသည်။





"မောင်ရင်တို့က ကုသလရွာဟောင်းအကြောင်း သိချင်ကြတယ်လို့ ကျုပ်မြေးမလေးကပြောထားပါတယ်"

"ဟုတ်ပါ"

"ကုသလရွာဟောင်းမရှိတော့ဘူးကွယ့် မြစ်ကမ်းပါးပြိုလို့ ဧရာဝတီမြစ်ထဲပါသွားတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ"

"အရင်ကဘယ်နေရာလောက်မှာ ရှိခဲ့တာလဲအဘ"

"အခု ကျုပ်တို့နေတဲ့ ညောင်ပင်ရွာရဲ့ အနောက်ဘက်တည့်တည့်လောက်မှာ ရှိခဲ့တယ်လို့တော့ ရှေးဘိုးဘွားတွေအဆက်ဆက်ပြောခဲ့ကြတာပဲ"

"ကုသလရွာနဲ့ပတ်သက်ပြီး အဘသိသမျှ ပြောပြပါဦး"

"အရင် ရှင်ဘုရင်တွေရှိစဉ်ကတော့ ဘုရားကျွန်၊ ကျောင်းကျွန်တွေချည်း ထားတဲ့နေရာလို့သိရတယ်၊ ဘယ်သူမှလည်း စိတ်မဝင်စားကြပါဘူး၊ နောက်ပိုင်းရောက်လာမှ အဲဒီရွာနဲ့ အနီးတစ်ဝိုက်မှာ ပတ္တမြားတွေသပိတ်တစ်လုံးစာ မြှုပ်ထားတယ်ဆိုပြီး လာရှာကြရင်းက လူသိများလာတာပဲကွယ်"

"အဲဒါကရော အမှန်ဖြစ်နိုင်ပါသလား"

ဆရာကြီးသူရဋ္ဌကဝင်ပြီး စကားထောက်လိုက်သည်။

"ကျုပ်သိသမျှပြောပြရရင်တော့ ကုသလရွာနဲ့ ပတ်သက်ပြီး ဖြစ်ခဲ့တဲ့အကြောင်းအရာတွေဟာ အမှန်တွေဖြစ်ပါတယ်၊ လူတွေယုံတာမယုံတာကတော့ တစ်ပိုင်းပေါ့လေ၊ အခုထိလပြည့်လကွယ်ညတွေမှာ အထက်ဘက်က လှေတစ်စင်း ဆန်ဆင်းလာတာကို တွေ့ကြရတယ်၊ လှေပေါ်မှာ ယောက်ျားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် မိန်းမတစ်ယောက် ပါလာတယ်၊ ဟိုးအောက်ဘက်နား က ပလ္လင်မျော်ဝဲနေရာရောက်တာ အဲဒီလှေက ဝဲပါပြီးနစ်သွား တော့တာပဲ"

"ဟင်. . အထူးအဆန်းပါလား"

"ဟုတ်တယ်. . ဒါကြောင့် လပြည့်လကွယ်ညတွေမှာ ပလ္လင်မျော်ဝဲဘက်ကနေ မိန်းမတစ်ယောက်ရဲ့အော်သံကို ကြား နေရတုန်းပါပဲ"

"ဒီအတိုင်းမှန်ရင်တော့ အတော့်ကို စိတ်ဝင်စားစရာပဲ"

"မောင်ရင်တို့ စိတ်ဝင်စားမယ်ဆိုရင် ဒီကနေ့ ညက လကွယ်နေ့ညပဲ စောင့်ကြည့်ချင်ကြည့်ကြပါလား၊ မောင်ရင်တို့နဲ့ တိုက်ဆိုင်မှုရှိရင်တော့ မြင်ရကြားရမှာပေါ့"

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်တို့လည်း ကြုံ ကြိုက်နေသော အခွင့်အရေးတစ်ခုကို လက်လွှတ်မပေးလိုသော ကြောင့် အချင်းချင်းတိုင်ပင်ကာ စောင့်ကြည့်ကြရန် ဆုံးဖြတ် လိုက်ကြလေသည်။







# အခန်း (၁၀)

# ပလ္လင်မျော်ဝဲမှအော်သံ

BURMESE CLASSIC .com

နေဝင်တော့မည်။

တိမ်တိုက်များကြားမှ တစ်စွန်းတစ်စထွက်ပေါ်နေသော နေရောင်ခြည်သည် ဧရာဝတီမြစ်ရေပြင်ပေါ်သို့ ဖြာကျနေ သည်။ ရွှေအိုရောင်သမ်းနေသောရောင်ခြည်များကြောင့် အဖြူ ရောင်အနီရောင်များ ရောထွေးလျက်ရှိနေသည်။

ဧရာဝတီမြစ်ရေကတော့ ပုံမှန် အတိုင်းစီးဆင်းလျက် ရှိနေလေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက စီး

www.burmeseclassic.com

www.burmeseclassic.com



ဆင်းနေသော ဧရာဝတီမြစ်ရေသည် ယခုတိုင် စီးဆင်းနေမြဲပင်။ နောင်လည်း စီးဆင်းနေဦးမည် ဖြစ်ပေသည်။ မြစ်တွင်းမှာတော့ လှေငယ်ကလေးအချို့ စုန်ဆင်းသွားသည်ကို လှမ်းမြင်ရလေသည်။

ဟို အနောက်ဘက်ကမ်းကိုတော့ ဆည်းဆာရောင်ဖျော့ အောက်မှာ မသဲမကွဲလှမ်းမြင်ရသည်။ တန့်ကြည့်တောင်ထိပ်ပေါ်မှ ရွှေရောင်တဝင်းဝင်းနှင့် တန့်ကြည့်တောင်စေတီတော်ကို အဝေးမှဖူးမျှော်ရသည်မှာ ကြည်ညိုဖွယ်ရာရှိသည်။

ကျွန်ုပ်တို့သုံးယောက်မြစ်ကမ်းဘက်သို့ ဆင်းလာတော့ မြသင်းကြူနှင့်ဦးဖိုးမှျင်တို့ မြေးအဘိုးပါ ကမ်းခြေဘက်သို့ လိုက်လာလေသည်။ ကျန်သုံးယောက်က တစ်နေရာမှာရှိနေကြစဉ် ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့နှစ်ယောက်က ကမ်းပါးပ်မှတစ်ဆင့် တောင်ပြင်ပေါ်သို့ ဆင်းသွားကြသည်။ နွေရာသီ ရေနည်းနေသောအချိန် ရောက်နေပြီဖြစ်သောကြောင့် မြစ်ထဲမှာ ရေနည်းနေပြီဖြစ်ရာ ရေစပ်ရောက်သည်အထိ သောင်ပြန့်ကအတော်ကျယ်သည်။

ကမ်းခြေတစ်လျှောက်မှာရှိသော သောင်ပြန့်ကြီးမှာ တစ်မျှော်တစ်ခေါ် ရှည်လျားလေသည်။ ရေစပ်တွင် အချို့နေရာများတွင် ရေချိုးနေသူများ၊ နွားလှည်းများဖြင့် ရေဆင်းတိုက်နေကြသူအချို့လည်း ရှိနေကြသေးသည်။ ထိုနေရာမှ တောင်ဘက်တွင်ရှိသော လောကနန္ဒာဘုရားကမ်းခြေကို လှမ်းမြင်ရသည်။ သစ်ပင်ကြီးများ ကွယ်နေသဖြင့် ဘုရားကိုမမြင်ရသော်လည်း





ကမ်းစပ်မှာရှိသော အဆောက်အအုံအချို့ကိုတော့ တစ်စွန်းတစ်စလှမ်းမြင်ရသည်။ လောကနန္ဒာစေတီတော်ရှိသည့် ကမ်းခြေမှာ ပုဂံခေတ်ကောင်းစားစဉ်က သင်္ဘောဆိပ်ဖြစ်ခဲ့ဘူးပြီး စည်ကားသောနေရာဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့နှစ်ယောက်သည် ရေစပ်သဲသောင်ပြင်ပေါ်မှလျှောက်ကာ ပလ္လင်မှော်ဝဲရှိသောနေရာဘက်သို့ လျှောက်လာကြသည်။ ဝဲရှိသောနေရာမှာ ရွှေညောင်ပင်ရွာရှိသော ကမ်းခြေအောက်ဘက် အနည်းငယ်ဝေးသော နေရာ၌ရှိသည်။ ထိုနေရာတစ်ဝိုက်မှာ ဂလိုင်ကြီးဖြစ်နေသည်။

သဲသောင်ပြင်က ထိုနေရာမှာဆုံးသွားသဖြင့် ရှေ့ဆက်သွား၍မရတော့ပေ။ ရှေ့တွင် ရေတိုက်စားသဖြင့် ကမ်းပါးပြိုနေရာ အချို့နေရာတွင် ချောက်ကမ်းပါးကြီးများမှာ အတော်မြင့်သည်။ ကမ်းပါးမှာရှိသောသစ်ပင်ကြီးများမှာ အချို့ကမ်းပေါ်မှာ ထိုးထိုးထောင်ထောင်ကျန်နေပြီး အချို့ကကမ်းပြိုသည့်အထဲပါသွားသောကြောင့် ရေထဲရောက်နေသည်။

ကမ်းပြိုထားသောနေရာမှ ကမ်းပါးကြီးများမှာ မြေနီရောင်များဖြစ်သောကြောင့် မုန့်စိမ်းပေါင်းကို အလယ်မှ ဓားဖြင့်လှီးဖြတ်ထားသည်နှင့်ပင် တူနေသည်။

ထိုနေရာမှာ ဝဲကလိုင်ကြီး ဖြစ်နေသည်။ အထက်မှစီးဆင်းလာသောရေမှာ ထိုနေရာမှာဝဲလှည့်ပြီးမှ အောက်ဘက်သို့စီးသွားလေသည်။ ဝဲစပ်တွင် ပြိုကျနေသော ဘုရားပြိုဘုရားပျက်၊



www.burmeseclassic.com

www.burmeseclassic.com



စေတီပြိုစေတီပျက်များရှိနေသည်။ အချို့ ရေထဲတစ်ဝက်တစ်ဖွက် မြုပ်နေသည်။ ကမ်းခြေတစ်နေရာမှာတော့ အောက်ခံပလ္လင်နှင့် စေတီတစ်ဆူရှိနေသေးသည်။ ကမ်းနဖူးမှာရှိသဖြင့် ယခုအချိန် ရေစပ်မှကြည့်လျှင် အတော်ကလေးမြင့်သည်။

"မိုးအခါ ရေပြည့်လာရင် အဲဒီဘုရားပလ္လင်အထိ ရေလာတိုက်တယ်"

ဟု မြသင်းကြူကပြောပြသည်။

"အတော်မြင့်တာပဲနော်"

"ဟုတ်တယ်အစ်ကို ရေကြီးလာရင် ကမ်းခြေကိုကျော်ပြီး ရွာတွေအထိရောက်လာတယ်၊ မိုးတွင်းရောက်လို့ အဲဒီဘုရားပလ္လင်တော် ရေမြုပ်ပြီဆိုရင် ဒီနေရာမှာ ဝဲသိပ်ကြမ်းတယ်"

"ဘုရားရဲ့ဘွဲ့တော်က ဘာတဲ့လဲ"

"ပလ္လင်မြှော်ဝဲမှာရှိလို့ ပလ္လင်မြှော်ဘုရားလို့ပဲ ခေါ်ကြတယ်၊ မိုးရာသီ ဝဲကြမ်းလာရင် ဒီနေရာကဘယ်သူမှ ဖြတ်မသွားကြတော့ဘူး၊ အဲဒီဘုရားရဲ့အောက်မှာ လိုဏ်ခေါင်းကြီးလည်းရှိတယ်လို့ ပြောကြတယ်"

ဒေါက်တာမင်းထင်ကျော်က လှမ်းကြည့်တော့ မှောင်ရီသန်းနေသော ထိုနေရာတစ်ဝိုက်မှာတော့ လိုဏ်ခေါင်းမမြင်ရပေ။ ရေအောက်မှာရှိနိုင်သည်ဟုတော့ ခန့်မှန်းမိသည်။

"ဒီနေရာက ရာဇဝင်တွေလည်းရှိတယ်"

"ဘယ်လိုရာဇဝင်မျိုးတွေလည်း ပြောပြပါဦး"

"ဒီနေရာတစ်ဝိုက်မှာ သိုက်ရှိတယ်လို့လည်း ပြောကြ





တယ် မိုးတွင်းရောက်ရင် ဒီနေရာမှာ လူတစ်ယောက်တော့ သေတတ်တယ်၊ အဲဒါကို သိုက်ကလူစားတယ်. . လူစားလဲတယ်လို့လည်းပြောကြတယ်၊ ဟုတ်မဟုတ်တော့ ကျွန်မလည်းမသိဘူး"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

"မိုးရာသီ ရေကြီးလာလို့ ဘုရားပလ္လင်ရေမြုပ်လာရင် ဝဲဟီးသံတွေ ကြားရတယ်၊ အဲဒါဆိုရင် သိုက်ကလူခေါ်နေပြီ၊ လူစားတော့မယ်လို့ ပြောကြတယ်၊ အဲဒီအချိန်ကျရင် ရွာခံလူတွေက အဲဒီဘက်ကို မသွားဝံ့ကြတော့ဘူး၊ ရပ်ဝေးကလာတဲ့လူတွေသာ ဖြတ်သွားရင်းနဲ့ အဲဒီဝဲစုပ်လို့လှေမြုပ်ပြီး သေကြရတာများတယ်"

"ဝဲစုပ်လို့လှေမြုပ်ပြီး. သေကြရတာလည်းဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်က ထိုသို့ခပ်ပေါ့ပေါ့ ပြောလိုက်သောအခါ မြသင်းကြူက တစ်ချက်ကြည့်ပြီးမေးသည်။

"အစ်ကိုက အဲဒါမျိုးတွေ မယုံဘူးလား"

"မယုံလို့တော့ မဟုတ်ပါဘူး၊ ဖြစ်နိုင်တာကို တွေးကြည့်မိတာပါ"

"ဘယ်လိုဖြစ်နိုင်တာလဲဟင်"

"စောစောကမြသင်းကြူပြောတဲ့ အထဲမှာပါတာပဲ. . ဘုရားအောက်တည့်တည့်မှာ လိုဏ်ခေါင်းပေါက်ကြီးရှိတယ်ဆို"

"ဟုတ်တယ် လူကြီးတွေပြောကြတယ်"

"ရေကြီးလာတဲ့အခါ လိုဏ်ခေါင်းကြီးက စုပ်လိုက်တဲ့အခါ အသံတွေပေါ်ထွက်လာတတ်တယ်၊ အဲဒီအသံတွေက လိုဏ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းသံပါနေတော့ အဝေးကနားထောင်ရင် အမျိုးမျိုးကြားရ တတ်တယ်"

"အဘိုးတို့ပြောသံကြားဖူးတာတော့ အချို့အဲဒီထဲကို ရောက်သွားဖူးတယ်လို့ပြောတယ်၊ ပြန်ထွက်လာတော့ အသက် မသေပေမယ့် စိတ်မနှံ့သလိုဖြစ်နေတယ်၊ ဘာမှလည်း မေးလို့မ ရတော့ဘူး"

"အကြောက်လွန်သွားတာဖြစ်မှာပေါ့"

"တစ်ခါတလေ သူသတိရတဲ့အခါမှာတော့ သူမြင်ခဲ့ရ တဲ့အကြောင်းတွေကို ပြောပြတတ်တယ်"

"ဘယ်လိုတဲ့လဲ ပြောပါဦး"

ထိုအခါ မြသင်းကြူက အောက်ပါအဖြစ်အပျက်အချို့ ကို အတိုချုပ်ပြီးပြောပြသည်။

ထိုသူ၏အမည်မှာ ဖိုးခင် ဆိုသူဖြစ်သည်။ သူသည် အသက်(၃၀)ကျော်အရွယ်ခန့်ရှိပြီး လှေတစ်စင်းနှင့် ဧရာဝတီ မြစ်ထဲမှာ ငါးရှာနေသူဖြစ်သည်။ သူသည် အလုပ်က ငါးရှာနေ သော်လည်း ဘုရားတရားတော့ မမေ့ပေ။ မြစ်ထဲမှာ ဖော့မျှော ထားရင်း လှေပေါ်မှာနားနေစဉ် ရသမျှ ဘုရားစာတရားစာများ ရွတ်နေလေ့ရှိသည်။

တစ်နေ့တော့ ဖော့မျှောထားရင်း အိပ်ပျော်သွားရာ လှေက ရေစီးနှင့်ပါသွားပြီး ပလ္လင်မှော်ဝဲအတွင်း ရောက်သွား လေတော့သည်။ ထိုအခါမှ ကြောက်လန့်တကြားဖြင့် ပြန်လှော် ထွက်သော်လည်း မရတော့ဘဲ ဝဲစုပ်သည့်အထဲပါသွားလေတော့





သည်။ ခဏကြာတော့ ရေအောက်မြုပ်သွားပြီးလိုဏ်ခေါင်းကြီး တစ်ခုတွင်းသို့ ရောက်သွားလေတော့သည်။ လိုဏ်ခေါင်းအ တွင်းမှာ ရေတစ်ဝက်သာရှိပြီး မည်းမှောင်နေလေသည်။ တစ်နေ ရာမှာတော့ အလင်းရောင်အချို့တွေ့ရသည်။ လှေကရေစီးနှင့် မျောသွားရင်းနှင့် အလင်းရောင်ရှိသော နေရာသို့ရောက်သွား သည်။

အတွင်းနေရာမှာတော့ လူများနေသော ခန်းမဆောင် နှင့်တူသော နေရာတစ်ခုတွေ့ရပြီး အလင်းရောင်များက ထိုနေ ရာမှ ထွက်နေခြင်းဖြစ်သည်။ လှေကထိုနေရာသို့ရောက်သွား သောအခါ ဘီလူးမျက်နှာမျိုးနှင့် ကြောက်စရာကောင်းသော လူ မည်းကြီးနှစ်ယောက်က သူ့ကိုဖမ်းခေါ်သွားကြလေသည်။ အ တွင်းပိုင်းမှာရွှေငွေရတနာများထည့်ထားသော သေတ္တာများအ ပြင် ရွှေကလပ်တစ်ခုပေါ်မှာတင်ထားသော ပတ္တမြားများအ ပြည့်ရှိနေသော သပိတ်တစ်လုံးကိုပါ တွေ့မြင်ရလေသည်။ လူ မည်းကြီးနှစ်ယောက်က သတ်ဖြတ်ရန် ပြင်နေစဉ် အမျိုးသမီး တစ်ယောက်ရောက်လာသည်။

"သူ့ကိုသတ်လို့မဖြစ်ဘူး"

"ဘာကြောင့်လည်း အရှင်မ"

"သူကသားငါးရှာနေပေမယ့် ဘုရားတရားမမေ့တဲ့သူ ဖြစ်တယ်၊ သူ့ကိုသတ်ရင် အပြစ်ပေးခံရလိမ့်မယ် ပြန်လွှတ်ပေးရ မယ်"

"ပြန်လွှတ်ပေးလိုက်ရင် ဒီသိုက်အကြောင်းတွေတခြား



www.burmeseclassic.com

www.burmeseclassic.com



သူတွေပြောလိမ့်မယ်"

"သူ့အသက်မသတ်ဘဲ စိတ်မနှံ့အောင်လုပ်ပြီး သူနေရာ ရောက်အောင် ပြန်ပို့ပေးလိုက်"

ဟုပြောပြီး ထိုအမျိုးသမီးက အတွင်းသို့ပြန်ဝင်သွား သည်။ ထိုအခါ လူမည်းကြီးနှစ်ယောက်က သူ့ကိုပြန်ဆွဲခေါ်လာ ပြီး တစ်နေရာရောက်တော့ သစ်သီးတစ်လုံး ကျွေးရာ မစားချ သော်လည်း ကြောက်ရွံ့သဖြင့် စားလိုက်ရာ အိပ်ပျော်သွား တော့သည်။

"အဲဒီနောက်တော့ သူ့ရဲ့လှေကိုဝဲနဲ့ မနီးမဝေး သော ပြင်ပေါ်မှာ တင်နေတာကိုတွေ့ကြရတယ်၊ အဲဒီအချိန်ထိ သူ အိပ်ပျော်နေတုန်းပဲ"

"အင်း. . ဆက်ပြောပါဦး"

"လူတွေက နှိုးတော့ ပြန်နိုးလာပေမယ့် ဘာမှသတိမ တော့ပဲ စိတ်မနှံ့သူလိုဖြစ်နေတော့တယ်၊ စာစောကကျွန်မပြော ပြတဲ့အကြောင်းတွေက တစ်ခါတလေ စိတ်ကောင်းဝင်နေ အချိန်မှာ ပြောပြတာတွေပါ"

ဟု မြသင်းကြူကပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က ပထမတော့ သာမန် ဖြစ်အပျက်တစ်ခု နားထောင်နေသလိုရှိသော်လည်း ဖိုးခင်ဆို တွေ့ခဲ့ရသော ပတ္တမြားသပိတ်တော်အကြောင်းကိုတော့ စိတ် စားမိလေသည်။

"ဒါထက်. . အဲဒီဖိုးခင်ဆိုတဲ့ လူကရော အခုရှိသေးသ





သား"

"ရှိသေးတယ် ဒါပေမယ့် သူက ဟိုဘက်ရွာမှာနေတယ် စ်ကိုသွားချင်ရင်တော့ ကျွန်မလိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးပါပဲ နောက်တစ်နေ့မှ သွားကြတာပေါ့"

နှစ်ယောက်သား စကားကောင်းနေကြစဉ်မှာ နေဝင် သွားပြီဖြစ်သောကြောင့် မြစ်ရေပြင်ပေါ်မှာ အမှောင်ရိပ်များ င်းစပြုလာချေပြီ။

"ဒီကနေ့ လကွယ်နေ့ညဆိုတော့ အော်သံတွေကြားရ

"ကြားရမယ်တော့ ထင်တာပဲ"

"ဒီနေရာကပဲ စောင့်ကြည့်ကြရင် ပိုမကောင်းဘူးလား၊ သင်းကြူကြောက်ရင် ပြန်ချင်ပြန်လေ"

"ဟင့်အင်း မပြန်ပါဘူး၊ ကျွန်မက မကြောက်တတ်ပါ ကျွန်မက ထူးထူးဆန်းဆန်းတွေကို မြင်ဖူးချင် ကြားဖူးချင် တာ အဖော်မရှိလို့ မကြည့်ရတာ၊ အခုအစ်ကိုရှိနေတော့ တော်ပဲ ဖြစ်သွားတာ"

ဟုပြောရင်း ကမ်းစပ်တစ်နေရာမှာရှိသော ကျောက် တစ်တုံးပေါ်မှာထိုင်ရင်း စကားပြောနေကြသည်။ မြသင်းကြူ ငယ်စဉ်ကတည်းက မိဘနှစ်ပါးမရှိတော့သဖြင့် အဘိုးဖြစ် ခေါ်ယူစောင့်ရှောက်ထားခဲ့သောကြောင့် ဆင်းရဲချို့တဲ့ နှင့်ပင် ကြီးပြင်းခဲ့ရကြောင်း၊ အရွယ်ရောက်လာတော့ မြို့ထွက် များကို ဘုရားမှာရောင်းချပြီး မြေးအဘိုးနှစ်ယောက် ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တည်ခဲ့ရပုံများကို ပြောပြလေသည်။

"ဘဝဆိုတာ ဒီလိုပါပဲ၊ အနိမ့်အမြင့်ဆိုတာ ရှိကြတာချည်းပါပဲ ဘာမှ အားငယ်စရာမလိုပါဘူး၊ ရိုးသားဖြူစင်စွာနဲ့ ဘဝကို ဖြတ်သန်းနေသူတွေအတွက် တစ်နေ့နေ့မှာတော့ အခွင့်အရေးကောင်းတွေ ရလာနိုင်ပါတယ်"

"ကျွန်မတို့မြေးအဘိုးအတွက်ကတော့ အခွင့်အရေးကောင်းရဖို့ဆိုတာ အိပ်မက်တစ်ခုလိုပါပဲ အစ်ကိုရယ်"

"လူတစ်ယောက်ရဲ့အနာဂတ်ဆိုတာ ဘာမှကြိုတင်မျှော်မှန်းလို့ မရနိုင်ဘူး၊ အခုဆင်းရဲတဲ့ဘဝမှာ နေရပေမယ့် တစ်နေ့မှာ ချမ်းသာတဲ့ဘဝကို မရောက်ဘူးလို့ ဘယ်သူမှကြိုမပြောနိုင်ကြပါဘူး"

ထိုသို့ ပြောနေစဉ် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများက ဖုံးလွှမ်းသွားလေသည်။ လရောင်မရှိသဖြင့် အမှောင်ထုများနေသော်လည်း ကောင်းကင်မှ ကြယ်ရောင်များကြောင့် မြစ်ရေပြင်ကိုတော့ ဝိုးတဝါးမြင်နေကြရသည်။

ထိုအချိန်တွင် မြစ်ညာဘက်မှ လှေတစ်စင်းဆင်းလာသည်ကို လှမ်းမြင်ကြရသည်။ လှေမှာ ကမ်းနှင့်မဝေးလှသောကြောင့် အတော်အသင့်လှမ်းမြင်ရသည်။

"အဲဒီလှေများ ဖြစ်မလား"

မြသင်းကြူက တိုးတိုးရေရွတ်လိုက်သည်။

"ငါးဖမ်းလှေလည်း ဖြစ်နိုင်တာပဲ ဟုတ်မဟုတ်တော့ စောင့်ကြည့်ရမှာပဲ"





ဟုပြောရင်း စောင့်ကြည့်နေကြစဉ် စုန်ဆင်းလာသောလှေပလ္လင်မှော်ဝဲရှိရာဘက်သို့ တဖြည်းဖြည်းနှင့် နီးကပ်လာချေပြီ။ ထိုအခါ လှေပေါ်မှာပါလာသူနှစ်ယောက်က ဝဲနှင့်ဝေးရန်ကြိုးစား၍လှော်ခတ်ကြသော်လည်း မရတော့ဘဲ ဝဲအတွင်းသို့ရောက်သွားကြလေတော့သည်။

"ဟင်. . သူတို့လှေ ဝဲအတွင်းရောက်သွားပြီ"

မြသင်းကြူက အထိတ်တလန့် ရေရွတ်လိုက်သည်။ ထိုအခိုက်မှာပင် လှေကဝဲအတွင်းမှာ ချာချာလည်နေရာမှ အလယ်ခေါင်ရောက်သောအခါ နစ်မြုပ်သွားလေတော့သည်။

"ကယ်တော်မူကြပါရှင်. . ကယ်တော်မူကြပါ၊ သေရပါတော့မယ် ကယ်ကြပါ"

ဟူသော အမျိုးသမီးတစ်ယောက်၏ စူးစူးဝါးဝါး အော်သံကိုကြားကြရသည်။ ဒေါက်တာမင်းထင်ကျော် ထူးဆန်းသောမြင်ကွင်းကိုကြည့်ရင်း စိတ်ထဲမှာအံ့ဩနေလေသည်။

အတန်ကြာတော့ အခြေအနေက မူလအတိုင်းပြန်လည်ငြိမ်သက်သွားသည်။ ရေပြင်ပေါ်မှာလည်း ဘာမှမတွေ့ရတော့ပေ။ သူတို့နှစ်ယောက်မှာ နေရာမှမထသေးဘဲ အချိန်အတော်ကြာအောင် စောင့်ကြည့်ကြသော်လည်း နောက်ထပ်အခြေအနေမထူးတော့မှ နေရာမှထကာ အဖော်များရှိရာဘက်သို့ ပြန်ခဲ့ကြသည်။ အဖော်များနှင့်တွေ့ပြီး မေးကြည့်သောအခါ ၎င်းတို့လည်း ထိုမြင်ကွင်းကို ကောင်းစွာမြင်ရပြီး အမျိုးသမီးတစ်ယောက်၏အော်သံကို အတိုင်းသားကြားရကြောင်း ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက်မှာတော့ ကမ်းစပ်မှ ရွာဘက်သို့ ပြန်လာခဲ့ကြလေသည်။ ညဉ့်နက်ပိုင်းရောက်ပြီဖြစ်သောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ရိပ်က ပိုများနေလေပြီ။





# အခန်း (၁၁)

# မင်္ဂလာတရားတော်မှာအဖြေရှာ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် ဒေါက်တာမင်းထင်ကျော်တို့ တည်းခိုနေသော အိမ်ရှေ့သို့ လူသုံးယောက်ရောက်လာကြသည်။ ၎င်းတို့ကိုမြင်သောအခါ ဦးဖိုးမျှင်တို့ မြေးအဘိုးမှာ များစွာအံ့သြကြလေသည်။ အဘယ်ကြောင့်ဆိုသော် ရောက်လာသူမှာ အခြားမဟုတ်ဘဲ ရွှေညောင်ပင်ရွာသူကြီး ဦးထွန်းခကိုယ်တိုင် ဖြစ်နေသောကြောင့်ဖြစ်သည်။

"အလို ရွာသူကြီးပါလား ဘယ်လိုအကြောင်းကိစ္စရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ရောက်လာကြတာပါလဲ"

"ခင်ဗျားအိမ်မှာ လူစိမ်းသည့်သည်တွေ ရောက်နေကြတယ်သတင်းကြားလို့လာပြီး စုံစမ်းတာပါ၊ သူတို့ပြန်သွားကြပြီလား"

"မပြန်သေးပါဘူး . . ရှိကြပါသေးတယ်၊ ဟို အိမ်ရှေ့မှာ ထိုင်နေကြပါတယ်"

ဟုပြောသဖြင့် ဦးထွန်းခကိုယ်တိုင် အိမ်ပေါ်တက်လာလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ရှေ့ ရောက်သောအခါ ဝင်ထိုင်ပြီးပြောသည်။

"ကျုပ်က ဒီရွာကသူကြီးပါပဲ ကျုပ်နာမည်က ဦးထွန်းခလို့ ခေါ်ပါတယ်"

"တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်တို့က ရန်ကုန်က လာကြတာပါ"

ဒေါက်တာမင်းထင်ကျော်က အားလုံးနာမည်များကို ပြောပြီး မိတ်ဆက်ပေးလိုက်သည်။

"ဒါထက် ခင်ဗျားတို့က အစိုးရဝန်ထမ်းတွေလား"

"မဟုတ်ပါဘူး ဒီမှာတော့ သုတေသနဌာနက ဦးမင်းဟန်နဲ့ ရင်းနှီးခင်မင်ပါတယ်"

"ဒါထက် ဒီရွာကို ဘာအတွက်ရောက်လာကြတာလဲ"

"ဒလေ့လာရေးအတွက်ပါ"

"သိုက်တူးဖို့လာတာတော့ မဟုတ်ပါဘူးနော်"

"ဘာကြောင့်မေးတာပါလဲ"





"ကျုပ်တို့ရွာမှာ စည်းကမ်းချက်တွေ ထုတ်ထားတာ ရှိပါတယ်၊ ရွှေညောင်ပင်ရွာရဲ့ အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ ဘယ်သူမှ သိုက်တူးခွင့်မပေးပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ဒီရွာတစ်ဝိုက်မှာ ရှေးဟောင်းဘုရားပြိုဘုရားပျက်တွေရှိတော့ သိုက်တူးတဲ့လူတွေက ဘုရားဌာပနာပစ္စည်းတွေကို မကြာခဏ ခိုးယူသွားကြလို့ အခုလိုတားမြစ်ထားတာပါ"

"ကျွန်တော်တို့က သိုက်တူးတဲ့လူတွေမဟုတ်ပါဘူး"

ဒေါက်တာမင်းထင်ကျော်က စီးကရက်ဖွာရင်း အေးအေးဆေးဆေးပင် ပြောပြလိုက်သည်။

"ကျုပ်တစ်ခုတော့ပြောပါရစေ ခင်ဗျားတို့ဒီရွာမှာ ကြာဦးမယ်ဆိုရင် ကျုပ်အိမ်မှာ လာတည်းနိုင်ပါတယ် ဒီမှာတော့မတည်းပါနဲ့"

"ဘယ်လိုဖြစ်လို့ပါလဲ"

ထိုအခါ ဦးထွန်းခက ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်လေသည်။

ဦးဖိုးမျှင်နှင့်မြသင်းကြူတို့မြေးအဘိုးက အောက်မှာပင်ရှိနေကြသည်။

"ဒီရွာက အရင်ကဆိုရင် ဘုရားကျွန်၊ ကျောင်းကျွန်နဲ့ သူဘရာဇာတွေချည်း နေကြတဲ့ရွာပါ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က အံ့သြသွားလေသည်။

"ကျွန်တော်လေ့လာမိသလောက်တော့ ဒီနေရာမှာ အ



www.burmeseclassic.com

www.burmeseclassic.com



ရင်က ကုသလရွာဆိုတာရှိခဲ့ဖူးတယ်၊ အဲဒီရွာမှာတော့ စောစောက ခင်ဗျားပြောတဲ့ဘုရားကျွန်၊ ကျောင်းကျွန်တွေချည်း ထားတယ်လို့တော့ ပြောသံကြားမိပါတယ်”

“မှန်ပါတယ် ဒါပေမယ့် အဲဒီကုသလရွာက ဧရာဝတီမြစ်ထဲ ပါသွားပြီမို့မရှိတော့ပါဘူး၊ ဒါပေမယ့် အဲဒီရွာမှာနေသွားကြတဲ့ လူတွေရဲ့မျိုးဆက်တွေ၊ အဆက်အနွယ်တွေကတော့ တချို့ဒီရွာမှာပဲ ရှိနေကြသေးတယ်”

ထိုစကားမှာ မထူးဆန်းသော်လည်း အံ့သြစရာတော့ ဖြစ်နေသည်။

ဦးထွန်းခကတော့ လက်ဖက်ရည်ကြမ်းတစ်ပန်းကန်ကို ယူပြီးတော့ သောက်လိုက်ပြီးမှ စကားပြန်ဆက်သည်။

“ခင်ဗျားတို့ကတော့ ရပ်ဝေးနေကြတာဆိုတော့ ဒီရွာက အကြောင်းတွေကို သိကြမှာမဟုတ်ဘူး၊ အခုခင်ဗျားတို့ တည်းခိုနေတဲ့အိမ်က ဦးဖိုးမျှင်တို့မြေးအဘိုးက တခြားမဟုတ်ဘူး၊ ကုသလရွာက သူတောင်းစားအမျိုးအနွယ်တွေပါပဲ၊ ကယ်ပါမျိုးနွယ်တွေပဲ ဆိုပါတော့”

ဒေါက်တာမင်းထင်ကျော်က အိမ်အောက်မှာရှိနေကြသော မြသင်းကြူတို့မြေးအဘိုးရှိရာသို့ လှမ်းကြည့်လိုက်သည်။ သူတို့ မျက်နှာများပေါ်မှာ စိုးရိမ်သောက ရောက်နေကြသော အမူအရာများ အတိုင်းသားပေါ်နေသည်။

“အခုအချိန်ထိ ခုနစ်အိမ်စေ့လောက်အောင်တော့ တောင်းနေရတုန်းပါပဲ”





“ကျွန်တော်တို့က အဲဒါမျိုးတွေ အယူမသီးတတ်ပါဘူး၊ ရှင်ဘုရင်ပဲဖြစ်ဖြစ်၊ သူတောင်းစားပဲဖြစ်ဖြစ် သူ့ရဲ့အတိတ်ဘဝကံ အတိုင်းဖြစ်ကြရတာပါပဲ”

“ဒါပေမယ့် မသင့်လို့လာပြောတာပါ၊ ခင်ဗျားတို့လို မြို့ကြီးပြကြီးကလူတွေက ကယ်ပါမျိုးနွယ်တွေအိမ်မှာ တည်းခိုနေတာ ကိုမြင်တွေ့သွားရင် အမြင်မသင့်ပါဘူး ကျုပ်မှာလည်း တာဝန်ရှိတယ်လို့ထင်လို့ပါ”

“အခုလိုစေတနာနဲ့လာပြီး ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကတော့ သူတို့နဲ့လည်းခင်မင်နေတော့ ဒီမှာပဲ ဆက်ပြီးတည်းပါ့မယ်”

ထိုသို့ စကားကို ပြီးပြတ်အောင်ပြောသော်လည်း မပြတ်သေးဘဲ ဦးထွန်းခက ပြောပြန်သည်။

“ခင်ဗျားတို့ ပတ္တမြားသပိတ်တော်ကိစ္စနဲ့ ဒီရွာကိုရောက်လာကြတယ်ဆိုတာတော့ ကျုပ်တို့လည်း သိတန်သလောက်သိပါတယ်၊ တစ်ခုတော့ သတိပေးခဲ့ပါရစေ၊ ဒီကိစ္စအတွက်လာတာ မှန်ရင်တော့ အေးအေးဆေးဆေးပဲပြန်သွားကြတာ အကောင်းဆုံးပါပဲ”

“ဘာကြောင့်လဲ”

“ဒီသပိတ်တော်ကို လာပြီးရှာဖွေတာ အတော်များလှပြီ သေရင်သေ၊ မသေရင် ပြန်ပြေးရတာပဲ ခင်ဗျားတို့အန္တရာယ်ဖြစ်မှာ စိုးလို့ ကြိုတင်ပြီး သတိပေးတာပါ”

“အခုလို သတိပေးတာကျေးဇူးတင်ပါတယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့က ရတနာပစ္စည်းရှာဖွေတဲ့ သိုက်ဆရာတွေလည်းမဟုတ်ပါဘူး၊ ပတ္တမြားသပိတ်တော်ကို စိတ်ဝင်စားတယ်ဆိုပေမယ့် ရှာတွေ့ရင်လည်း ကိုယ်ကျိုးအတွက် လုံးဝသုံးမှာမဟုတ်ပါဘူး"

ဟု ပြောတော့မှ ဦးထွန်းခလည်း မျက်နှာမသာမယာဖြင့် ထပြန်သွားလေသည်။ သူ့အခြေအနေကြည့်ရသည်မှာ ဒေါက်တာမင်းထင်ကျော်တို့ကို မတားသာသောကြောင့်သာ သူကြီးအာဏာသုံးပြီး မတားခဲ့ရသော်လည်း ယခုကဲ့သို့ ရောက်နေသည်ကို သိပ်ပြီးကျေနပ်ပုံ မရှိလှပေ။

"ဒီလူကြည့်ရတာ ပတ္တမြားသပိတ်တော်အကြောင်းကို အတော်လေးသိထားပုံရတယ်"

ဆရာကြီးသူရဋ္ဌက မှတ်ချက်ချသည်။

"ဟုတ်တယ် ဆရာကြီး၊ ဒီနေရာကို ပတ္တမြားသပိတ်တော် လာရှာတဲ့သူတွေကို မလာစေချင်ပုံလည်းရတယ်"

"သာမန်လူတွေဆိုရင်တော့ သူကြီးဩဇာအာဏာသုံးပြီး နှင်လွှတ်မယ့်ပုံပဲ ကျွန်တော်တို့ကတော့ အစိုးရဌာနက ဦးမင်းဟန်နဲ့အဆက်အသွယ်ရှိပြီး ရောက်လာကြတာဆိုတော့ သွယ်ဝိုက်ပြီး သတိပေးသွားတာဖြစ်မယ်"

ဟုပြောဆိုပြီး မိမိတို့လေ့လာရမည့် နေရာမှာ ရွှေညောင်ပင်ရွာတစ်ဝိုက်မှာပင် ရှိနေသောကြောင့် မြသင်းကြူတို့ အိမ်မှာပင်ဆက်ပြီး နေကြရန်ဆုံးဖြတ်ကြလေသည်။

"ဒီမှာနေမယ်ဆိုရင်တော့ ဘုန်းကြီးကျောင်းပြန်ပြီး ပစ္စည်းတွေယူရင်းနဲ့ အကျိုးအကြောင်းပြောပြရမယ် တကယ်လို့





ကပ္ပိယကြီး ဦးဗန်ကောင်းပြန်ရောက်လာရင်လည်း သူ့ဆီက အကူအညီတောင်းရမယ်"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က အိမ်အောက်သို့ပြန်ဆင်းလာကာ မြသင်းကြူနှင့်တွေ့တော့ သူမမှာ မျက်နှာမကောင်းလှပေ. . . .။

"အစ်ကိုတို့ ပြန်ကြတော့မှာလားဟင်"

ဟု အသံတိုးတိုးဖြင့်မေးသည်။

"မပြန်ပါဘူး ဒီအိမ်မှာဆက်နေဖို့ မြသင်းကြူတို့မြေးအဘိုးဆီမှာ ခွင့်တောင်းမလို့ပါ"

"ဟင်. . . တကယ်ပြောတာလားဟင်"

ဒေါက်တာမင်းထင်ကျော်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်လေသည်။

"တကယ်ပြောတာပေါ့ မြသင်းကြူတို့အတွက် အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ဒီမှာနေပြီး လုပ်စရာတွေလုပ်ကြမှာပါ"

"အစ်ကိုနေရင် ကြိုက်သလောက်နေနိုင်ကြပါတယ်၊ ကျွန်မတို့မြေးအဘိုးအတွက် အပန်းမကြီးပါဘူး၊ ဒီလိုနေတဲ့အတွက် ကျွန်မတို့ကဝမ်းသာရမှာပါ။ ဒါထက်လူကြီးက ဘာတွေပြောသွားသလဲဟင်"

"မြသင်းကြူတို့ မြေးအဖိုးအကြောင်းတွေလည်း ပါတယ်"

"ကျွန်မတို့ရဲ့ဘဝအမှန်ကို သိသွားကြပြီပေါ့နော်"

"လောကမှာဒါတွေကအရေးမကြီးပါဘူး၊ ဘယ်ဘဝမျိုး



www.burmeseclassic.com

www.burmeseclassic.com



မှာပဲရောက်နေနေ စိတ်ထားဖြူစင်ပြီး ရိုးသားတဲ့သူတွေအတွက် ဂုဏ်မငယ်ပါဘူး၊ တကယ်တော့ မြသင်းကြူတို့မြေအဘိုးရဲ့ဘဝဟာ ရိုးသားဖြူစင်ပြီး အေးချမ်းမှုရှိကြပါတယ်"

ဟု ပြောလိုက်တော့မှ စိတ်သက်သာရာရသွားပြီး မျက်နှာလေးမှာ ပြန်လည်ကြည်လင်လာသည်။

"ကျွန်မလည်း ဒီအကြောင်းတွေကို ဘာမှမသိပါဘူး အစ်ကိုရယ် အဘိုးကပြောပြထားလို့သာ တစ်စွန်းတစ်စ သိထားရတာပါ"

"ဒါထက် သူပြောသလို . . ခုနစ်အိမ်စေ့အောင် လိုက်တောင်းရတယ်ဆိုတာရော တကယ်ပဲလား"

"သူကြီးက အမိန့်အာဏာသုံးပြီး မတောင်းရင်မနေရဘူးဆိုလို့ အပြင်ထွက်တောင်းရပါတယ်၊ ဒါပေမယ့် ကျွန်မတို့မြေအဘိုးက မတောင်းပါဘူး၊ ဘုရားတွေမှာ ဝေယျာဝစ္စလုပ်ပြီး ပြန်လာကြတာပါပဲ"

"ဒါသက်သက်မဲ့ ချို့တဲ့တဲ့သူတွေကို ဘဝပါနလန်မထူနိုင်အောင် မတရားလုပ်ထားတာပဲ၊ သူပြောတဲ့အတိုင်းထွက်မတောင်းပဲနေရင် ဘယ်လိုဖြစ်မလဲ"

"အဲဒီလိုထွက်မတောင်းရင် ဒီရွာမှာမနေရဘူးလို့ပြောထားတယ်၊ ကျွန်မတို့မြေအဘိုးလည်း တခြားနေရာတွေမှာ ဘာမှအားကိုးအားထားမရှိတာနဲ့ သူပြောတဲ့အတိုင်း လုပ်နေကြရတာပဲ"

"သူက ဘာကြောင့် ဒီလိုလုပ်နေရတာလဲ"





"မျိုးရိုးမပျောက်အောင် တောင်းခိုင်းတာလို့ပြောပါတယ်၊ ကျွန်မတို့ကို သူတောင်းစားမျိုးရိုးမှန်းသိရင် ဆက်ဆံမှုမလုပ်ကြဘဲ ဝေးဝေးကရှောင်နေကြဖို့ အဲဒီလိုလုပ်တာပါပဲ"

ဟုပြောရင်း မြသင်းကြူပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာလေသည်။

"မငိုပါနဲ့တော့ မြသင်းကြူရယ်၊ ဒါကတော့ ရှေးဘုရင်တွေလက်ထက်ကတည်းက လူလူချင်းအဆင့်အတန်းခွဲခြားပြီး မတရားလုပ်ကြတဲ့ စနစ်တွေက အခုအချိန်ထိ အကြွင်းအကျန်တွေရှိနေသေးလို့ ဖြစ်နေရတာပါ၊ သူတို့နဲ့ ဝေးတဲ့နေရာမှာသွားနေနိုင်ရင် ဒီဒုက္ခတွေကင်းလွတ်သွားမှာပါ"

"ကျွန်မတို့မြေအဘိုးမှာ အားကိုးမရှိလေတော့"

"စိတ်မပူပါနဲ့ မင်းတို့မြေအဘိုးက အစ်ကိုတို့ကို တတ်နိုင်သမျှ အကူအညီပေးနိုင်သလို အစ်ကိုတို့ကလည်း အကူအညီပြန်ပေးပါမယ်၊ ကဲ . . အခုတော့ ဘုန်းကြီးကျောင်းသွားရဦးမယ် မင်းလိုက်ခဲ့မလား"

ဟုခေါ်ရာ မြသင်းကြူကပါလိုက်လာသဖြင့် နှစ်ယောက်သားမြင်းလှည်းတစ်စီးငှားပြီး ယခင်တည်းခိုခဲ့သောဘုန်းကြီးကျောင်းသို့ ပြန်သွားလေသည်။

ဘုန်းကြီးကျောင်းရောက်တော့ . . ကပ္ပိယကြီး ဦးဇန်ကောင်းပြန်ရောက်နေသည်ကို အဆင်သင့်တွေ့ရလေသည်။

"ရန်ကုန်ကလာတဲ့ ဧည့်သည်တွေဆိုတာ မောင်ရင်တို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဘုန်းကြီးက ကြိုပြောထားလို့ ကျုပ်ကလည်း တွေ့ချင်နေတာပါ၊ ဘယ်လိုအကြောင်းကိစ္စနဲ့ သိရိပစ္စာယာရောက်လာကြတာလဲ"

ဒေါက်တာမင်းထင်ကျော်က ဦးမင်းဟန်နှင့်တွေ့ရပုံမှစပြီး ပတ္တမြားသပိတ်တော်အကြောင်းကိုပါ ပြောပြလိုက်သည်။

"ဒီကိစ္စက သာမန်ကိစ္စမျိုးတော့မဟုတ်ဘူး၊ လွယ်လွယ်နဲ့လည်း ရှာတွေ့မယ်လို့မထင်ဘူး၊ မောင်ရင်တို့ဒီရောက်တာကြာပြီဆိုတော့ ထူးခြားမှုတွေကိုရော တွေ့ရပြီးပြီလား၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကရော လာပြီးအဆက်အသွယ်လုပ်ကြပြီလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"သက်ဆိုင်သူတွေနဲ့ တွေ့ရပြီးပါပြီ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းပင် အံ့သြသွားဟန် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ကျောင်းဝင်းထဲရောက်စညက အမျိုးသမီးတစ်ယောက်နှင့်တွေ့ရပြီး သူမပြောပြသွားသော စကားများကိုပါ ပြန်ပြောပြလိုက်သည်။

"ဝိဉာဉ်လောကသားတွေဆိုတာ သိပ်ပြီးဆန်းကြယ်တယ်၊ လူလူချင်းသာလိမ်လို့ ညာလို့ရချင်ရမယ် ပရလောကသားတွေကိုတော့ ညာလို့မရနိုင်ဘူး၊ မောင်ရင်တို့ ဒီကိုရောက်လာကြတဲ့ ရည်ရွယ်ချက်မှန်ကန်လို့သာ အခုလိုသူတို့က လာဆက်သွယ်ပြီးတော့ သဲလွန်စပေးသွားတာဖြစ်မယ်"





ဟု မှတ်ချက်ချလေသည်။

"ဒါထက် အဘမှာရော ဘယ်လိုထူးခြားမှုတွေကို သိထားတာရှိသေးလဲ"

"ကျုပ်ဆီမှာလည်း စုဆောင်းထားတဲ့ အချက်တွေတော့ရှိပါတယ်၊ ကျုပ်တစ်ယောက်တည်းနဲ့တော့ အဖြေမထုတ်နိုင်လို့ သိမ်းထားတာတွေရှိပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က ဝမ်းသာသွားလေသည်။

ထို့နောက် ဦးဗန်ကောင်းက သူနေသော တဲရှိရာသို့ခေါ်သွားလေသည်။ သူနေသောနေရာမှာ ကျောင်းနံဘေးမှာရှိသော တဲတစ်လုံးအတွင်းမှာဖြစ်ပြီး အတွင်းမှာ ဖိုထိုးသောစာစွည်းများဖြင့် ပြည့်နေလေသည်။

ပုဂံသည် အင်္ဂါရတ်ပညာဖြင့် ထွက်ရပ်ပေါက်ခဲ့ပြီး ပုဂံပြည်သူပြည်သားတို့အား အင်္ဂါရတ်ပညာဖြင့် အကျိုးပြုခဲ့သော ရှင်အနော်ရထာ၏ ဘုမိနက်သန်နေရာမှန် ဖြစ်ခဲ့သောကြောင့် ပုဂံမှာနေသော ဦးဗန်ကောင်းတစ်ယောက် ထိုကဲ့သို့အင်္ဂါရတ်ပညာကို ကျားကုတ်ကျားခဲ လုပ်ကိုင်နေသည်မှာ ထူးဆန်းသည်တော့ မဟုတ်ပေ။

အတွင်းသို့ရောက်သောအခါ ဘုရားစင်အောက်မှာထားသော အထုပ်တစ်ထုပ်ကို အပြင်သို့ဆွဲထုတ်ယူလိုက်သည်။ ထိုအထုပ်မှာ ဖုံမှုအထပ်ထပ်တက်နေသည်ကို ကြည့်ရုံဖြင့် အနှစ်အတော်ကြာကြာကပင် တင်ထားခဲ့သည့် အထုပ်ဖြစ်ကြောင်း

www.burmeseclassic.com



သိရှိနိုင်လေသည်။ ဦးဗန်ကောင်းက ထိုအထုပ်ကို အလင်းရောင်ရသောနေရာသို့ ယူလာပြီး အဝတ်စကို ဖြည်လိုက်သည်။ အတွင်းမှာ ယွန်းသေတ္တာဟောင်းတစ်လုံးရှိသည်။ အလျားတစ်ပေခန့်သာရှိသည်။ ထိုယွန်းသေတ္တာထဲမှာတော့ ကြေးပုရပိုဒ်တစ်ချပ်ရှိနေပြီး ဦးဗန်ကောင်းကယူပြီး ဒေါက်တာမင်းထင်ကျော်ကပေးလိုက်သည်။

"ဖတ်ကြည့်ပါဦး"

ဟုပြောသဖြင့် ဖုန်များကိုအဝတ်စဖြင့် ထုပ်ပြီးကြည့်တော့ ကြေးပုရပိုက်ပေါ်မှာ ရှေးလက်ရေးများဖြင့် ရေးထားသောစာများကို တွေ့ရသည်။

"ပတိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊ အတ္တသမ္မာ ပဏိဓိစ၊ ဧတံ မင်္ဂလမုတ္တမံ"

"မင်္ဂလာတရားတော်ထဲမှာ အဖြေရှာ၊ သင့်တင့်လျော်ပတ်သော နေရာမှာရတနာ"

ဟူသော စာများကိုတွေ့ရလေသည်။

"ဒါ ပတ္တမြားသပိတ်တော်နဲ့ ပတ်သက်ပြီး ညွှန်းထားတဲ့ကြေးပုရပိုက်စာပဲ၊ အဓိပ္ပါယ်ကတော့ ကျုပ်လည်းအခုထိစဉ်းစားနေတုန်းပဲ"

ဟုပြောပြီး ကွမ်းတစ်ယာဝါးနေလေသည်။

ဒေါက်တာမင်းထင်ကျော်က ကြေးပုရပိုက်ပေါ်မှ စာများကို တစ်ခေါက်ထပ်ဖတ်လိုက်ပြန်သည်။ ရေးထားသောစာများကတော့ ရိုးရိုးပင်ဖြစ်သည်။ မင်္ဂလာတရားတော်ထဲမှ စာပိုဒ်





ကို ရေးထားခြင်းပင်ဖြစ်၏။

"မောင်ရင်ရော ဘယ်လိုသဘောရလဲ"

"အဓိပ္ပါယ်တော့ရှိမှာပါ၊ အကြောင်းမဲ့တော့ ဒီအမျိုးရေးထားခဲ့မှာ မဟုတ်ဘူးထင်တယ်၊ အခုလောလောဆယ်တော့ ချက်ချင်းအဖြေရမယ်မထင်ဘူး၊ ကျွန်တော်တို့တည်းတဲ့နေရာကို ယူသွားပြီး အားလုံးဝိုင်းပြီးစဉ်းစားရင်တော့ အဖြေတစ်ခုခုတော့ ရနိုင်ပါတယ်"

"အခုဘယ်မှာတည်းနေကြသလဲ"

"ရွှေညောင်ပင်ရွာမှာပါ"

"ပိုပြီးအဆင်ပြေတာပေါ့ ပတ္တမြားသပိတ်တော်ကိုရှာချင်ရင် အဲဒီနေရာကရွာတာ ပိုပြီးအဆင်ပြေနိုင်တယ်"

"အဘပါလိုက်လာခဲ့ရင် ပိုကောင်းမယ်ထင်တယ်"

"လိုက်မှာပေါ့ မောင်ရာ ကျုပ်ကလည်း ဒီလိုအလုပ်မျိုးတွေလုပ်ဖို့ဆိုရင် ဘယ်နေရာလိုက်ရလိုက်ရ၊ ဘယ်အလုပ်မျိုးလုပ်ရလုပ်ရ ဝန်မလေးလှပါဘူး"

ဟုပြောဆိုကာ လွယ်အိတ်ဟောင်းကြီးတစ်လုံးကို လွယ်ကာ ဒေါက်တာမင်းထင်ကျော်တို့နှင့်အတူ လိုက်လာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

# ကွယ်ပျောက်သွားသော ရွှေညှောင်ပင်

ဒေါက်တာမင်းထင်ကျော်တို့ရှိရာသို့ ကပ္ပိယကြီး ဦးဇန်ကောင်းပါ ရောက်လာခဲ့ပြီးနောက် ပြောဆိုတိုင်ပင်ရတာပိုပြီး အဆင်ပြေလာသည်။ ဆရာကြီး သူရဇ္ဇကိုယ်တိုင်က ဦးဇန်ကောင်းနှင့်တွေ့ရသဖြင့် ကျေနပ်နေဟန်ရှိလေသည်။

"ခင်ဗျားရောက်လာတာ ကျုပ်တို့အတွက် အားပိုရှိတာပေါ့ဗျာ"

"ကျုပ်ကလည်း ဆရာကြီးတို့နဲ့ အခုလိုတွေ့ရတာဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာပါတယ်၊ အမှန်ပြောရရင် ပတ္တမြားသပိတ်တော်ကိုစကိုအရင် ကတည်းက ကျုပ်လည်း စိတ်ဝင်စားနေတာပါ"

"ပြောပါဦး"

"ကိုယ့်အစွမ်းအစနဲ့ လိုက်ရှာဖို့ဆိုတာကလည်း ဘယ်နည်းနဲ့မှမဖြစ်နိုင်လေတော့ ဒီအတိုင်းပဲကြည့်နေရတာ၊ အခုဆရာကြီးတို့ ရောက်လာတာကိုတော့ သိပ်ပြီးဝမ်းသာတာပဲ"

"ကျုပ်တို့ကလည်း ဝမ်းသာတာပေါ့ဗျာ၊ ဒါထက် ခင်ဗျားအနေနဲ့ ပတ္တမြားသပိတ်တော်နဲ့ပတ်သက်ပြီး သိထားတာတွေများရှိရင် ပြောပြပါဦး"

ဦးဗန်ကောင်းက ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာစားပြီးမှ ပြောပြသည်။

"ပတ္တမြားသပိတ်တော်အကြောင်းက လူအတော်များများသိနေကြပြီး စိတ်ဝင်စားနေကြတယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လိုက်ပြီးရှာနေကြတာတွေလည်း အများကြီးပဲ"

"လောဘသားတွေအတွက် မက်လောက်စရာလည်း ဖြစ်နေတာကိုးဗျ"

"ဒါပေမယ့် သူတို့တစ်တွေ ကြိုးစားရှာပေမယ့် အခုထိတော့ အစအနတောင် မတွေ့ရသေးပါဘူး၊ တချို့ဆိုရင် ဘေးအန္တရာယ်တွေနဲ့ တွေ့ပြီး သေကျေပျက်စီးမှုတွေတောင် ဖြစ်ကြရတယ်"

"ဒါထက် ဦးဗန်ကောင်းဆီက ကြေးပုရပိုက်ကရော ဘယ်ကနေရထားတာလဲဗျ"





"ညဘက် တစ်ယောက်တည်း ဖိုထိုးနေတုန်း အဘိုးကြီးတစ်ယောက်လာပေးသွားတာပါ"

ဦးဗန်ကောင်းက ထိုအကြောင်းကို ပြောပြသည်။

ထိုနေ့ညက ညဉ့်နက်ပိုင်းအချိန်ထိ ဖိုထိုးနေရာ ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအခိုက်မှာပင်,သျှောင်တစောင်းထုံးကာ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးကြီးတစ်ယောက် တဲအတွင်းသို့ ဝင်လာလေသည်။

တောင်ဝှေးထောက်သံကြားရသဖြင့် ဖိုဆွဲနေခြင်းကို ရပ်ပြီး လှည့်ကြည့်လိုက်တော့ အရပ်အမောင်းမြင့်မားလှသော အဘိုးကြီးတစ်ယောက် တဲပေါက်ဝမှာ ရပ်နေသည်ကိုတွေ့ရသည်။

အပြင်မှာထိုးကျနေသော လရောင်ကြောင့် အရိပ်ရှည်ကြီးက တဲအတွင်းသို့ ထိုးကျနေသည်။ သူ့ကိုမြင်တော့ ဦးဗန်ကောင်းက ဖိုဆွဲနေခြင်းကို ရပ်လိုက်သည်။

"မင်းဖိုထိုးနေတာ နွားခေါင်းကျပ်ခိုးစွဲတဲ့ အဆင့်လောက်ပဲ ရှိပါသေးလား"

တဲအတွင်းသို့ဝင်လာရင်း ပြောသည်။

"ဟုတ်ပါတယ် ကြိုးစားတုန်းပဲရှိပါသေးတယ်"

"ကြိုးစားရမှာပေါ့၊ မကြိုးစားပဲနဲ့တော့ဘာမှ ရမှာမဟုတ်ဘူး၊ ဒါထက် ပေါက်မြောက်အောင်မြင်ရင်ကော ဘာတွေလုပ်မှာလဲ"

"ကိုယ့်အတွက် ပြည့်စုံရင်တော့ သာသနာအကျိုး၊ အ



www.burmeseclassic.com

www.burmeseclassic.com



များအကျိုးဆောင်ရွက်ပေးဖို့ စိတ်ကူးထားပါတယ်"

"ကောင်းတဲ့ရည်ရွယ်ချက်ပါပဲ ဒီလိုဆိုတော့လည်း ငါက မင်းကိုတစ်ခုတော့ အကူအညီပေးပါမယ် တခြားမဟုတ်ပါဘူး။ အလိုရှိရာသုံးနိုင်တဲ့ ပြဒါးဖမ်းတဲ့နည်းပေးပါ့မယ်"

ထိုစကားကြားသောအခါ ဦးဇန်ကောင်းစိတ်ထဲမှာ ကျိတ်၍ဝမ်းသာသွားလေသည်။"

"ငါ့ကိုတော့ ဝိဇ္ဇာလာမပြီးနဲ့တူတယ်"

ဟုလည်း တွေးလိုက်မိသည်။

"ဒါပေမယ့် အခုတော့မပေးသေးပါဘူး၊ မင်းမှာလုပ်စရာတွေရှိသေးတယ် အဲဒါတွေအောင်မြင်ပြီးမှပေးမယ်"

"ဘာတွေလုပ်ရမှာလဲဟင်"

ထိုအခါက အဘိုးကြီးကသူယူလာသော ကြေးပုရပိုက်တစ်ချပ်ကိုပေးသဖြင့် ယူထားလိုက်သည်။

"အဲဒီကြေးပုရပိုက်ထဲမှာပါတဲ့အတိုင်း လုပ်ရမယ်၊ ဒါပေမယ့် မင်းတစ်ယောက်တည်းနဲ့တော့ လုပ်လို့ရမှာမဟုတ်ဘူး၊ သူတို့လာတဲ့အထိတော့ စောင့်ရမယ်"

"ဘယ်သူတွေလဲဟင်"

"ပဋ္ဌာန်းဆက်ရှိတဲ့လူတွေပေါ့၊ သူတို့မလာမချင်း ဒီပုရပိုက်လေးကို သိမ်းထားပေတော့ သူတို့ရောက်လာပြီး ဒီကိစ္စတွေအောင်မြင်အောင် ဆောင်ရွက်ပေးပြီးရင်တော့ မင်းကိုပြဒါးဖမ်းတဲ့နည်းလာပေးမယ်"

ဟုပြောပြီး နောက်သို့ပြန်လှည့်ပြင်နေစဉ် ဦးဇန်ကောင်း





က မေးလိုက်သည်။

"ဒါထက် အဘကဘယ်သူလဲဟင်"

"ငါက ညောင်ပင်စောင့်ရုက္ခစိုးကြီးပဲ"

ထိုသို့ပြောပြီးအပြင်သို့ ပြန်ထွက်သွားလေသည်။ ဦးဇန်ကောင်းစိတ်ထဲမှာ များစွာအံ့ဩသွားသော်လည်း ကျောင်းဝင်းအတွင်းမှာရော အပြင်မှာပါ အထိကရ ညောင်ပင်ကြီးများစွာရှိသဖြင့် မည်သည့်ညောင်ပင်မှ ရုက္ခစိုးမှန်းတော့ မသိလိုက်ရပေ။

"ဒီပုရပိုက်က ရုက္ခစိုးကြီး လာပေးသွားတာပါ၊ ဘယ်ညောင်ပင်က ရုက္ခစိုးမှန်းတော့ မသိရပါဘူး"

"ခင်ဗျား ပုရပိုက်ရပုံကတော့ အတော်ကလေးထူးဆန်းတာပဲ၊ ဒါထက် ခင်ဗျားဖတ်ကြည့်ပြီးတော့ အဓိပ္ပါယ်လေးဘာလေး ဖော်နိုင်ပြီလား"

ဟု ဆရာကြီး သုရဇ္ဇကမေးသည်။

"ကျုပ်လည်း အချိန်ရတာနဲ့ ဖတ်ကြည့်တာပါပဲ၊ မင်္ဂလာတရားတော်ထဲမှာပါတဲ့ စာတွေကလွဲပြီး တခြားတော့အဓိပ္ပါယ်မဖော်နိုင်ပါဘူး ဆရာကြီးရယ်"

"ဒီပုရပိုက်မှာ ပတိရူပဒေသဝါသော စ . . ဆိုတဲ့ စာပိုဒ်ရေးထည့်ထားတာ အကြောင်းမဲ့တော့ မဟုတ်တန်ဘူးဗျ၊ မင်္ဂလာတရားတော်ထဲမှာ အဖြေမှာ 'သင့်တင့်လျောက်ပတ်သောနေရာမှာ ရတနာ' ဆိုတဲ့ စာပိုဒ်တွေမှာ လျှို့ဝှက်တဲ့အဓိပ္ပါယ်ရှိရမယ်"

ဆရာကြီး သုရဇ္ဇကသူထင်မြင်ချက်ကိုပြောသည်။

"အဲဒါတော့ ဆရာကြီးပဲ စဉ်းစားပေးပါခင်ဗျား၊ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလောက်ဉာဏ်မကျယ်လေတော့ ရှိုးရိုးအဓိပ္ပါယ်လောက်ပဲ နားလည်ပါတယ်"

ဦးဗန်ကောင်းက ထိုကဲ့သို့ပြောသောအခါ ဆရာကြီးက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်လိုက်ပြီး ပုရပိုက်ကမ်းပေးလိုက်သည်။ အဖြေရှာခိုင်းသည့် သဘောပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်မှာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်လာခဲ့သည်မှာ အတော်ကြာနေပြီဖြစ်သဖြင့် ထိုကဲ့သို့သော လျှို့ဝှက်စာ အမျိုးမျိုးနှင့် တွေ့ကြုံခဲ့ရဖူးပြီဖြစ်၏။ သူ့အနေနှင့် စုံထောက်တစ်ပိုင်း ဖြစ်နေသောကြောင့် ထိုကဲ့သို့ လျှို့ဝှက်ချက်များအား အဖြေရှာရသည်ကိုလည်း များစွာဝါသနာပါလေသည်။

သူသည် ကြေးပုရပိုက်ကိုကိုင်ကာ အခေါက်ခေါက်အခါခါ ဖတ်ကြည့်ပြီး အတန်ကြာအောင်စဉ်းစားနေသည်။

"လျှို့ဝှက်စာတိုင်းမှာ အဓိကကျတာတစ်ခုကို ဘာမှမပတ်သက်တဲ့အရာတွေက ဝန်းခံထားလေ့ရှိတယ်၊ ရှေးကလူတွေကတော့ သူတို့ရဲ့အရေးကြီးတာတွေကို အခြားသူတွေမသိစေချင်ရင် လျှို့ဝှက်စာရေးနည်းတွေနဲ့ ရေးထားခဲ့ကြတယ်၊"

"ဟုတ်ပါတယ် ဒါကြောင့်လျှို့ဝှက်စာရေးနည်းတွေအများကြီး ပေါ်ပေါက်ခဲ့တာပါပဲ"

(ရှေးကလျှို့ဝှက်စာရေးပုံရေးနည်းများအား အခြားစာအုပ်များ၌ သင့်တင့်လျောက်ပတ်စွာ ရေးသားဖော်ပြပေးခဲ့ပြီးဖြစ်သောကြောင့် ယခုတော့ အသေးစိတ်မရေးတော့ပြီ။)





"ဒါပေမဲ့ ဘယ်လို အရာမျိုးပဲဖြစ်ဖြစ်၊ ဘယ်လိုလျှို့ဝှက်စာပဲဖြစ်ဖြစ် သဲလွန်စတွေတော့ရှိကြတာချည်းပါပဲ ကြည့်တတ်ရင် မြင်နိုင်ပါတယ်"

"ဘယ်လိုကြည့်ရမလဲမောင်ရင်ရဲ့၊ ကျုပ်တို့လည်း သဘောပေါက်အောင် ပြောပြပါဦး"

ဦးဗန်ကောင်းကဝင်ပြောသည်။

"ဒီလျှို့ဝှက်စာက သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို အခြေပြုပြီး ရေးထားတာပါ၊ ဒီမှာအရေးကြီးတဲ့စာတွေကို အရင်ထုတ်ကြည့်ရအောင်၊ ပထမစာပိုဒ်မှာ အသေဝနာစဗာလာနံ. . . လူမိုက်ကိုမဆည်းကပ်ရခြင်း၊ ဒုတိယမှာ ပဏ္ဍိတာနဉ္စသေဝနာ. . ပညာရှိတို့ကို ဆည်းကပ်ရခြင်းဆိုတဲ့ အဓိပ္ပါယ်တွေရှိသလို. . တတိယစာပိုဒ်မှာ ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုပြီး ရှိကြတယ်"

"မှန်ပါတယ်"

"စတုတ္ထအနေနဲ့ ပတိရူပဒေသဝါသောစဆိုပြီး ရေးထားတယ်၊ သင့်တင့်လျောက်ပတ်သောအရပ်နဲ့နေခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ရှေ့ဆက်ပြီး အဓိပ္ပါယ်ဖွင့်ကြည့်ရင် သင့်တင့်လျောက်ပတ်တဲ့ အရပ်ဒေသမှာနေတဲ့သူတွေမှသာ ဥစ္စာပစ္စည်း၊ ပညာရနိုင်တယ်လို့ဆိုပါတယ်၊ ဒီကြေးပုရပိုက်ရဲ့ လျှို့ဝှက်အဓိပ္ပါယ်ကဒါပါပဲ၊ သင့်တင့်လျောက်ပတ်တဲ့နေရာမှာ ရှာဖွေမှသာ ရတနာတွေ တွေ့နိုင်မယ်ဆိုတဲ့ သဘောပါပဲ"

ထိုသို့ပြောပြတော့မှ ကျန်သူများမှာသဘောပေါက်စပြု



www.burmeseclassic.com

www.burmeseclassic.com



လာကြလေသည်။

"ဒါကတော့ ဟုတ်ပါပြီ၊ အဓိကအချက်ကို ဘယ်လိုရှာမလဲ"

"မြတ်စွာဘုရားဟောကြားတဲ့ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ရဲ့ ပထမစာပိုဒ်မှာ သုံးခုပါတယ်၊ လေးခုမြောက်မှာ သင့်တော်ရာအရပ်မှာနေခြင်းလို့ပါတယ်၊ ဒါပေမဲ့ သင့်တင့်လျောက်ပတ်တဲ့နေရာရဲ့ ပါဠိစာကို ထုတ်လိုက်ရင် ပတိရူပဒေသဝါသောစ ကိုတွေ့ရပါတယ်"

"ဟုတ်ပါတယ်"

"ဒီကြေးပုရပိုက်ရဲ့ အဓိကအချက်က ဒါပါပဲ၊ အဓိပ္ပါယ်ကတော့ သင့်တင့်လျောက်ပတ်တဲ့ နေရာမှာရှာမှ ရတနာပစ္စည်းတွေ တွေ့ရမယ်လို့ ဆိုထားတာပါပဲ"

ဒေါက်တာမင်းထင်ကျော်က စကားကိုရပ်လိုက်ပြီး လက်ဖက်ရည်တစ်ပန်းကန်ယူပြီး သောက်လိုက်သည်။

"သင့်တင့်လျောက်ပတ်တဲ့နေရာမှာ ရှာရမှာကတော့ ဟုတ်ပါပြီ၊ ဘယ်နေရာမျိုးမှာ ရှာရမှာလဲ သင့်တင့်လျောက်ပတ်တဲ့နေရာက ဘယ်နေရာလဲ"

"ကျန်တဲ့စကားလုံးတွေကိုဖယ်လိုက်ရင် အဓိကျတဲ့စာလုံးလေးလုံးရှိတယ်(သင့်တင့်လျောက်ပတ်)ဆိုတဲ့ စကားလုံးလေးလုံးပဲ"

ထိုစကားကြားသောအခါ နက္ခတ်ပညာတတ်ကျွမ်းသော ဆရာကြီးသူရဇ္ဇက ဝင်ပြောသည်။





"သင့်တင့်လျောက်ပတ်ဆိုတဲ့ အရပ်လေးမျက်နှာကို ညွှန်းခဲ့တာများ ဖြစ်မလား၊ သင့်ကသောကြာဆိုတော့ မြောက်အရပ်၊ တင့်ကစနေဆိုတော့ အနောင်တောင်အရပ်၊ လျောက်ကဗုဒ္ဓဟူးဆိုတော့ တောင်အရပ်၊ ပတ်ကကြာသပတေးဆိုတော့ အနောက်အရပ်၊ မြောက်အရပ်၊ အနောက်တောင်အရပ်၊ တောင်အရပ်၊ အနောက်အရပ် လေးမျက်နှာရဲ့ အလယ်မှာရှိနိုင်မယ်ထင်တယ်"

"ဒါလည်း ဖြစ်နိုင်ပါတယ်၊ အရပ်လေးမျက်နှာဆိုရင် အကျယ်ကြီးဆိုတော့ ရှာရခက်မှာပဲ၊ ကျွန်တော်ထင်တာတော့ အမှတ်အသားတစ်ခုခုကို ညွှန်းခဲ့တာဖြစ်မယ်လို့ယူဆမိတယ်"

"ဘယ်လိုအမှတ်အသားမျိုး ဖြစ်နိုင်မလဲ"

"ရှေးကလူတွေက ဥစ္စာပစ္စည်းတွေ သိုဝှက်မြှုပ်နှံတဲ့အခါ သစ်ပင်ကို အမှတ်အသားပြုကြတာ များတယ်၊ ရှင်ရာဟုလာတဖြစ်လဲ ဦးဝေလက ရဟန်းဘဝမှာရလာတဲ့ သပိတ်တစ်လုံးစာ ပတ္တမြားတွေကို ညောင်ပင်ကြီးတစ်ပင်အောက်မှာ မြှုပ်ခဲ့တယ်လို့ မှတ်တမ်းထဲမှာ တွေ့ခဲ့ရတယ်"

"အင်း. . . ဒါလည်းဖြစ်နိုင်တာပါပဲ၊ ကိုင်း ဒီလိုဖြင့် စဉ်းစားကြည့်ကြရအောင်၊ ဒီလိုစဉ်းစားတဲ့နေရာမှာလည်း နှစ်ပေါင်းများစွာကြာအောင် အသက်ရှည်နိုင်တဲ့ အပင်မျိုးကို ဦးစားပေးစဉ်းစားကြည့်ကြတာပေါ့"

"သောကြာနံအပင်တွေထဲမှာ သရက်ပင်နဲ့ သီဟိုဠ်ပင်တွေရှိတယ် သရက်ပင်ကတော့ နှစ်ပေါင်းများစွာ အသက်ရှင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အပင်ကြီးမျိုးပဲ”

“ဒီလိုဆိုရင်တော့ စနေနံအပင်တွေထဲမှာ ထိန်ပင်ဟာ ကမ္ဘာဦးသစ်ပင်တွေထဲမှာ ပါတယ်”

“ဗုဒ္ဓဟူးနံသစ်ပင်တွေမှာတော့ လက်ပံပင်ဟာ သက်တမ်းအရှည်ဆုံးပဲတဲ့”

“နောက်ဆုံးကြာသပတေးနံသစ်ပင်တွေမှာ မဟော်ဂနီပင်နဲ့ မဥ္ဇူပင်ဟာ သက်တမ်းအရှည်ဆုံးပဲ၊ ဒီနှစ်ခုက တစ်ခုခုတော့ ဖြစ်မှာပဲ”

ဟုပြောဆိုပြီး စာရွက်တစ်ရွက်ပေါ်မှာ ရေးချကြည့်ရာ အောက်ပါအတိုင်းပေါ်လာလေသည်။




“ကိုင်း ဒီလိုဖြင့် အရင်က ရှိခဲ့ဖူးတဲ့ ကုသလရွာနဲ့ အနီးဆုံးနေရာတွေမှာ ရှာကြည့်ရင်တော့ သဲလွန်စတွေ တွေ့ရနိုင်တယ်”

ထိုအခါ မနီးမဝေးမှာ ရှိနေသော ဦးဖိုးမျှင်ကပင်ပြောလေသည်။





“ရှေးကဘိုးဘွားတွေ ပြောခဲ့ပုံအရဆိုရင် ကုသလရွာဟောင်း ရှိခဲ့တဲ့နေရာက အခုကျုပ်တို့နေတဲ့ ရွှေညောင်ပင်ရွာရဲ့ အနောက်ဘက်မှာလို့တော့ သိရတာပဲ”

“ဒါဖြင့် ဦးဝေလ ပတ္တမြားတွေမြှုပ်ခဲ့တဲ့ ညောင်ပင်ကြီးက ဘယ်နေရာလောက်မှာရှိမလဲ”

“အရင်ကတော့ ဒီရွာနဲ့ မနီးမဝေးနေရာလောက်မှာ အထိကရ ညောင်ပင်ကြီးတစ်ပင် ရှိခဲ့ဖူးတယ်၊ အစောင့်အရှောက်တွေလည်း အတော်ကြမ်းတယ်လို့ ပြောကြတယ်၊ တချို့က ပင်စည်နဲ့သစ်ကိုင်းတွေမှာ ရွှေချထားကြတယ်၊ ဒီရွာတည်တော့ အဲဒီ ညောင်ပင်ကြီး ရှိနေသေးတယ်၊ ဒါကြောင့် ဒီရွာရဲ့ အမည်ကို ‘ရွှေညောင်ပင်ရွာ’ လို့ နာမည်ပေးခဲ့တာလို့တော့ ပြောကြတယ်”

ဦးဖိုးမျှင်ပြောပြသော စကားမှာ သူတို့အတွက် အားရှိစရာ စကားမျိုး၊ ဒါမှမဟုတ် မျှော်လင့်ချက်ရှိစရာ စကားမျိုးပင်ဖြစ်တော့သည်။

“ဒီစကားကြားရတာ ကျုပ်တို့ယူဆချက်တွေနဲ့တော့ အတော်ကလေးနီးစပ်မှုရှိတယ်၊ ဒါထက် အဲဒီညောင်ပင်ကြီးက အခုကော ရှိသေးသလား”

“မရှိတော့ပါဘူး အဲဒီနေရာမှာ ရတနာတွေရှိတယ်ထင်ပြီး တူးကြဆွကြရင်းကနေ အမြစ်တွေပြတ်၊ အကိုင်းတွေပါဖြတ်ခဲ့ရာကနေ နောက်တော့ တဖြည်းဖြည်းသေသွားခဲ့တာပဲ၊ အခုတော့ နေရာလောက်ပဲ ကျန်ခဲ့တော့တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာလောက်မှာ ရှိမယ်ထင်သလဲ မှတ်မိသေး
သလား"

"နည်းနည်းတော့မှတ်မိပါတယ်၊ အနောက်ဘက်မှာရှိတဲ့ ပလ္လင်မှော်ဝဲထိပ်တည့်တည့်နေရာလောက်မှာရှိတဲ့ စေတီလေးနဲ့ မဝေးလှပါဘူး၊ အဲဒီနေရာလည်း ဘယ်သူမှ မသွားဝံ့ကြပါဘူး"

"ဘယ်လိုကြောင့်လဲဟင်"

"မြေအောက်မှာ သိုက်ရှိတယ်လို့ ပြောသံကြားတယ် လူတွေကတော့ ပလ္လင်မှော်သိုက်လို့ပဲ ခေါ်ကြတယ်၊ အဲဒီသိုက်က ကြမ်းတယ်၊ အခြောက်အလှန့်လည်း ကြမ်းတယ်၊ သိုက်တူးဖို့လာ တဲ့ လူမှန်သမျှ သေကြတာများတယ်၊ ဒါကြောင့် နောက်ထပ်လူ တွေ သေမှာစိုးလို့ လူကြီးကတောင် သိုက်မတူးရဘူးလို့ အမိန့် ထုတ်ထားတယ်"

"ဒီသိုက်နဲ့ပတ်သက်ပြီး ဦးဖိုးမျှင်ကရော ဘာတွေများသိ ထားတာရှိသလဲ"

"ကျုပ်တော့ဘာမှ မသိပါဘူး၊ ပလ္လင်မှော်သိုက်ထဲကို တော့ ရောက်သွားဖူးတဲ့သူရှိတယ်"

"ဘယ်သူတဲ့လဲ"

"သူ့နာမည်က ဖိုးခင်တဲ့၊ ငါးဖမ်းရင်းနဲ့ သိုက်ထဲရောက် သွားတာ၊ ကံကောင်းလို့ အသက်မသေပေမယ့် ရူးသွားရှာတယ် သူက ဟိုဘက်ရွာမှာနေတယ်"

"အေးဗျာ. . ဦးဖိုးမျှင် ပြောပြတာတွေကတော့ ကျုပ်တို့ အတွက် အတော်ကလေး အကျိုးရှိပါပေတယ်၊ ခင်ဗျားကိုလည်း





ကျေးဇူးတင်ပါပေတယ်"

ဟု ဆရာကြီး သူရဇ္ဇကပြောလိုက်သည်။

"ဒါထက် ဆရာကြီးတို့က အဲဒီသိုက်ကိုတူးကြမလို့လား ဟင်၊ ကျုပ်သဘောကတော့ မတူးစေချင်ဘူး အန္တရာယ်များလွန်း လှပါတယ်"

"စိတ်မပူပါနဲ့ ဦးဖိုးမျှင်၊ ကျုပ်တို့က တကယ်လို့အောင် မြင်ရင်တောင် ကိုယ်ကျိုးအတွက် တစ်ခုမှ မသုံးပါဘူးဗျာ၊ ဒီအ တွက် သစ္စာလည်းပြုဝံ့ပါတယ်"


ဟု ပြောလိုက်တော့မှ စိတ်သက်သာရာရသွားဟန်ရှိ လေသည်။

ထို့နောက်. . . အခြားအကြောင်းအရာများကို တိုင်ပင် ဆွေးနွေးပြီး စကားဝိုင်းသိမ်းလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

# ဖိုးခင်နှင့် မမြင်ရသောလက်မည်းကြီးများ

နံ့သာကုန်းရွာမှာ ရွှေညောင်ပင်ရွာနှင့် မဝေးလှပေ။ မြောက်ဘက်တွင်ရှိပြီး၊ ဧရာဝတီမြစ်ကမ်းနှင့်လည်းနီးသည်၊ ထိုရွာနှင့် အနီးတစ်ဝိုက်မှာလည်း စေတီအပြိုအပျက်များ ဘုရားပုထိုးအပြိုအပျက်များစွာတို့ ရှိသည်။ ရွာကတော့ မကြီးလှပဲ၊ လက်လုပ်လက်စားများသာ နေကြသော ရွာလည်းဖြစ်သည်။

ထိုရွာမှာ အရူးဖိုးခင်ရှိသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခင်သည် အသက် (၃၀)ကျော် အရွယ်ခန့်သာရှိသေးပြီး ယခင်က ဧရာဝတီမြစ်ထဲမှာ ငါးဖမ်းသောအလုပ်လုပ်သူဖြစ်သည်။ တစ်နေ့တော့ ပလ္လင်မှော်ဝဲအတွင်း ရောက်သွားပြီး ထိုမှတစ်ဆင့် လိုဏ်ဂူအတွင်းသို့ ရောက်သွားခဲ့သည်။ ထိုမှ အသက်မသေဘဲ ပြန်ထွက်လာနိုင်ပြီး ရွာသို့ပြန်ရောက်လာသောအခါ စိတ်မနှံ့တော့ဘဲ ပြောချင်ရာပြောနေတော့သည်။

မိဘများက အလုပ်ဆင်းရန်ပြောသောအခါ ကြောက်လန့်တကြားနှင့် မျက်လုံးပြူး မျက်ဆံပြူး ပြန်ပြောသည်။

"အမေကလည်းဗျာ. . . ကျုပ် ဧရာဝတီမြစ်ထဲမဆင်းတော့ဘူး"

"ဟဲ့. . နင်တစ်သက်လုံး မြစ်ထဲမှာပဲနေခဲ့တာ အခုမှဘာတွေဖြစ်ပြီး ကြောက်နေရတာလဲ"

"အမေ မသိပါဘူး၊ မြစ်ထဲမှာ ဘီလူးတွေရှိတယ်ဗျ"

"ဟယ်. . မဟုတ်တာ၊ မြစ်ထဲမှာ ဘယ်က ဘီလူးရှိရမှာလဲ"

"ကျုပ်မျက်စိနဲ့ တွေ့ခဲ့ရတာဗျ တချို့ဘီလူးကြီးတွေဆိုရင် ထန်းပင်လောက်ကိုအရပ်မြင့်တာ၊ နောက်ဆိုရင် ဘယ်တော့မှ ဧရာဝတီမြစ်ထဲမဆင်းတော့ဘူး"

ဟု ပြောလေသည်။

ပြောသည့်အတိုင်းလည်း နောက်ပိုင်းမှာ ဘယ်လိုခိုင်းလို့မှ မြစ်ထဲမဆင်းတော့သဖြင့် ဖခင်ဖြစ်သူက ငါးရှာထွက်ရလေသည်။





သူကတော့ သစ်ပင်အောက်မှာ ထိုင်ရင်း ပါးစပ်ကတတွတ်တွတ်နှင့် ပြောချင်ရာပြောနေတော့သည်။

တစ်နေ့သ၌ ဖိုးခင်နေသာရွာသို့ လူလေးယောက်ရောက်လာသည်။

ခေါင်းဆောင်လာသူမှာ ဆရာတစ်ဦးဖြစ်ပြီး ၎င်း၏အမည်မှာ သံပချိုင်ဖြစ်သည်။

သူ့နောက်မှ ပါလာသော တပည့်သုံးယောက်ကတော့ ရွှေညောင်ပင်ရွာမှဖြစ်ပြီး သူကြီးဦးထွန်းခ၏တပည့်များဖြစ်ကြလေသည်။

၎င်းတို့သည်ရွာထဲမှာ မေးမြန်းစုံစမ်းရင်းနဲ့ ဖိုးခင်ရှိရာသို့ ရောက်လာကြသည်။

ဖိုးခင်က မန်ကျည်းပင်အောက်မှာ ထိုင်နေရင်း သူတို့ကို မြင်တော့ မျက်လုံးပြူးသွားသည်။

"ဟော. . ငါ့ကိုသတ်မယ့် ဘီလူးတွေ လိုက်လာကြပြီကြောက်တယ်ဗျ. . ကြောက်တယ်"

"မကြောက်ပါနဲ့ကွာ ငါတို့ကလူတွေပါ ဘီလူးတွေမဟုတ်ပါဘူး၊ မင်းကိုမေးစရာရှိလို့ လာတာပါ၊ ဒီမှာ မင်းစားဖို့မုန့်တွေတောင် ပါလာသေးတယ်"

သံပချိုင်က သူယူလာသော မုန့်များကို ဖိုးခင်ကိုပေးသောအခါ ယူပြီး အားရပါးရ စားသောက်နေသည်။

"မင်းကိုမေးစရာရှိလို့ လာတာပါကွာ၊ ငါမေးတာကိုမင်းပြောရင် မင်းကိုနောက်ထပ် မုန့်တွေအများကြီး ဝယ်ကျွေးဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

ဖိုးခင်က မျက်လုံးပြူးကြီးဖြင့် တစ်ချက်ကြည့်သည်။

"ငါမေးမှာတခြားတော့မဟုတ်ပါဘူး၊ မင်းသိုက်နန်းထဲရောက်ခဲ့တယ်ဆိုတာ တကယ်ပဲလား"

"မပြောဝံ့ပါဘူးဗျာ"

"ဘာဖြစ်လို့လဲကွ. . ."

"ဟို သစ်ပင်ပေါ်က ဘီလူးကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်ပြီး မျက်လုံးပြူးကြီးနဲ့ လှမ်းကြည့်နေတယ်ဗျ"

သံပချိုင်တို့က ဖိုးခင်လက်ညှိုးထိုးပြသောနေရာဘက်သို့ လှမ်းကြည့်တော့ ထနောင်းပင်တစ်ပင်သာတွေ့ရပြီး အခြားဘာမှတော့မရှိပေ။

"ဘာမှမရှိပါဘူးကွာ၊ မင်းစိတ်ထဲက ထင်နေလို့ပါ. . ကြောက်ရင် ငါ့ဘက်လှည့်ပြီး ငါမေးတာကိုပြော"

"ဘာပြောရမှာလဲဗျ"

"မင်းသိုက်ထဲရောက်သွားတော့ ဘာတွေတွေ့ခဲ့ရသလဲ"

"ဘီလူးတွေ အများကြီးပဲ"

"နောက်ကော ဘာတွေရှိသေးသလဲ"

"ရွှေငွေရတနာတွေ အများကြီးပဲဗျ"

"အဲဒါ ဘယ်နေရာမှာလဲဟင်"

"ပလ္လင်မှော်ဘုရားအောက်က လိုဏ်ခေါင်းထဲမှာ"

"ဒါပဲပြောပြီး ဖိုးခင်က လက်ထဲမှ မုန့်များကိုပါးစပ်ထဲသို့ ထည့်ကာ မျှချလိုက်စဉ် တအီးအီးနှင့် နင်နေလေတော့သည်။





"မင်းကမုန့်တွေအများကြီး ပါးစပ်ထဲထည့်တော့ နင်သွားတာပေါ့ကွာ ရေသောက်လိုက်ရင် ကျသွားမှာပါ. . ."

ဟုပြောပြီး ရေတစ်ခွက်ယူလာပြီး တိုက်သော်လည်း မသောက်နိုင်တော့ပေ။

"အီး. . အီး. . အီး. . . ."

ထိုအခါ တစ်ယောက်ကပြောသည်။

"သူအစာနင်နေတာမဟုတ်ဘူး၊ သူ့လည်ပင်းကိုတစ်ယောက်ယောက်က ညှစ်ထားတာဗျ"

ဒီတော့မှသံပချိုင်က ကြည့်လိုက်ရာ ဖိုးခင်မှာ အစာနင်နေခြင်းမဟုတ်ဘဲ လည်ပင်းကို တစ်စုံတစ်ယောက်ကညှစ်ထားဟန်ဖြင့် မျက်လုံးပြူးထွက်နေခြင်းဖြစ်သည်။ ဒီတော့မှ လက်ထဲမှကိုင်ထားသော ရေခွက်ကိုမန်းပြီး ဖိုးခင်ဦးခေါင်းပေါ်မှ လောင်းချလိုက်သည်။

"ဖြောင်း"

"အောင်မယ်လေးဗျ"

ဖိုးခင်မှာ တစ်ချက်သာအော်နိုင်ပြီး ပါးစပ်ထဲရောက်နေသော မုန့်များ အပြင်သို့ ပြန်ထွက်ကျလာသည်။

သူသည် အသက်ပြန်ရှူ၍ရလာသော်လည်း လည်ပင်းနှင့်ပါးတစ်ဖက်တွင် လက်ငါးချောင်းရာကြီး ထင်ကျန်ခဲ့လေသည်။

"အောင်မယ်လေးဗျ ကြောက်ပါပြီ နောက်မပြောတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ပြောဆိုကာ သံပချိုင်တို့အနီးမှ ထွက်ပြေးသွားလေတော့သည်။

နောက်ထပ်လည်း ဆက်မေး၍ရတော့မည်မဟုတ်တော့သဖြင့် သံပချိုင်တို့လည်း ပြန်သွားကြလေတော့သည်။ ထိုအချိန်မှစပြီး ဖိုးခင်အခြေအနေမှာ ပိုမိုဆိုးဝါးလာလေတော့သည်။

ကြောက်လန့်တကြားအော်ဟစ်ကာ ဆောက်တည်ရာမရအောင် ဖြစ်နေတော့သည်။

လည်ပင်းမှာ အညိုအမည်းစွဲနေသော လက်ငါးချောင်းရာကြီးကြောင့်လည်း ဘာမှစားသောက်၍မရတော့ပေ။

ညအချိန်ရောက်လာပါက စူးစူးဝါးဝါးအော်နေတော့သည်။ လည်ပင်းမှာ လက်ငါးချောင်းရာထင်သည်အထိ အညိုမည်း စွဲနေသောကြောင့် စကားကိုပင် ပီအောင်မပြောနိုင်တော့ပေ။

"ဟဲ့. . ဖိုးခင် စူးစူးဝါးဝါးနဲ့ ဘယ်လိုဖြစ်နေတာလဲ"

ဖိုးခင်က သူ့လည်ပင်းကိုပြသည်။

"ဟင်. . . နင့်လည်ပင်းမှာ လက်ငါးချောင်းရာတွေထင်နေပါလား၊ ဘယ်သူလာညှစ်သွားတာလဲဟင်"

ဖိုးခင်က အသံမပြုတော့သဖြင့် မျက်နှာက မကောင်းဆိုးဝါးတစ်ယောက်ကဲ့သို့ လုပ်ပြသည်။

ထိုအမူအရာဖြစ်တော့မှ မိဘနှစ်ယောက်စလုံးမှာ မျက်စိတ်မျက်နှာပျက်သွားကြသည်။





"ကိုဘထင် တော့်သားကို မကောင်းဆိုးဝါးတွေက လာပြီးလည်ပင်းညှစ်သွားတာဖြစ်မယ်၊ ဟိုတလောကတည်းက နေ့သလိုလို ဖြစ်နေတာ၊ မြစ်ထဲမှာ ငါးဖမ်းသွားရင်းနဲ့ တစ်ခုခုအမှားအယွင်း လုပ်လာခဲ့ပြီနဲ့တူတယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"တတ်ကျွမ်းနားလည်တဲ့ ဆရာလေးဘာလေးနဲ့ ခေါ်ပြပြီး ကုသရမှာပေါ့၊ ဒီလိုသာ မစားနိုင်မသောက်နိုင် ဖြစ်နေရင်ကြာရင် သေမှာပေါ့"

"ငါတို့ရွာမှာ ဆေးဆရာမှ မရှိတာ"

"ရွှေညောင်ပင်ရွာမှာတော့ ရှိမှာပေါ့၊ မေးမြန်းစုံစမ်းပြီးသွားခေါ်ပါဦး၊ ကြာရင် ကျုပ်သားလေး ဒုက္ခရောက်ရတော့မယ်"

ဟုပြောသဖြင့် ဦးဘထင်လည်း ရွှေညောင်ပင်ရွာသို့ သွားရောက်စုံစမ်းရာ ရွာသားတစ်ယောက်က ဦးဖိုးမှုင်တို့နေသောအိမ်သို့ လမ်းညွှန်ပေးလိုက်သည်။

"အဲဒီအိမ်မှာတော့ ဧည့်သည်တွေ ရောက်နေတာတွေ့ရတယ်၊ ဆရာတွေလား ဘာတွေလားတော့မသိဘူး"

သို့ကြောင့် ထိုအိမ်သို့ ရောက်လာရာ ဆရာကြီးသူရဋ္ဌနှင့် တွေ့ရလေသည်။

"ဆရာကြီးတို့က ဆေးဆရာတွေလားဗျာ"

"ဘယ်လိုအကြောင်းကိစ္စရှိလို့လဲ"

"ကျွန်တော့်သားလေး ပယောဂဖမ်းစားပြီး မစားနိုင်မသောက်နိုင်ဖြစ်နေလို့ ကြည့်နိုင်ရင် လိုက်ကြည့်ပေးကြပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်တာကတော့ ဟုတ်ပါပြီ၊ သူကဘယ်လိုဖြစ်ခဲ့တယ်ဆိုတာလည်း ပြောပြပါဦး"

ထိုအခါ ကိုဘထင်က သူသိသမျှ အကြောင်းများကိုပြန်ပြောပြလိုက်လေသည်။

"ဟင်. . ဒါဖြင့် ခင်ဗျားသားက ငါးဖမ်းသွားရင်း သိုက်ထဲရောက်သွားတယ်ဆိုတဲ့ သူငယ်လား"

"ကျွန်တော်တို့လည်း သေသေချာချာတော့ မသိပါဘူး၊ ပလ္လင်မှော်ဘုရားအောက်က လိုဏ်ခေါင်းကြီးထဲ ရောက်သွားတယ်လို့တော့ သူပြောနိုင်တုန်းကတော့ ပြောပြပါတယ်"

"ကောင်းပြီလေ ခင်ဗျားတို့ရွာကို ကျုပ်တို့လိုက်ခဲ့ပါ့မယ်"

ဟုပြောပြီး ဆရာကြီးသူရဋ္ဌက သူ့မှာပါလာသော ဆေးပစ္စည်းအချို့ကို ပြင်ဆင်လေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်ကိုပါခေါ်ပြီး နှံ့သာကုန်းရွာသို့ လိုက်သွားကြသည်။

ထိုရွာရောက်တော့ ဖိုးခင်ကို အသေအချာကြည့်သည်၊ ဖိုးခင်ကတော့ သူတို့ကို မြင်သောအခါ များစွာကြောက်ရွံ့ထိတ်လန့်နေသည်။

"မကြောက်ပါနဲ့ကွာ မင်းကိုဆေးကုပေးမလို့ပါ"

ဟုပြောပြီး ဖိုးခင်ကို ဆေးတစ်ခွက်တိုက်ပေးလိုက်သည်။ ရေသောက်၍ မရသော ဖိုးခင်မှာ ဆရာကြီးသူရဋ္ဌပေးသော ဆေးကိုတော့ လည်ချောင်းထဲရောက်အောင် သောက်ချ





လိုက်သည်။

ထိုဆေးသောက်ပြီးသည်နှင့် ဖိုးခင်လည်ချောင်းမှာ အတော်သက်သာသွားကာ အိပ်ပျော်သွားလေတော့သည်။

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ကျွန်မသားလေး ဘာကြောင့်များ ဒီလိုဒုက္ခတွေနဲ့တွေ့နေရတာလဲမသိဘူး၊ အရင်က ဒီလောက်အခြေအနေ မဆိုးလှဘူး၊ ဟိုတစ်နေ့က ဆရာတွေဆိုလားပဲ လူလေးယောက်ရောက်လာပြီးမှ အခုလိုဖြစ်သွားတာပါပဲ"

မိခင်ဖြစ်သူက သံပချိုင်တို့ရောက်လာပြီး သူတို့သိလိုသော အကြောင်းများကို မေးမြန်းပြီးနောက်မှ ယခုကဲ့သို့ ဖြစ်ပွားပုံ ကိုပြောပြကြသည်။

"ရွှေညောင်ပင်ရွာက သူကြီးအိမ်မှာ ရောက်နေတဲ့လူတွေပဲဖြစ်မယ်ထင်တယ်"

"ကျုပ်အထင်ပြောရရင် အဲဒီလူတွေဟာ ပတ္တမြားသပိတ်တော်ကို လိုက်ရှာနေတဲ့ သိုက်ဆရာတွေဖြစ်နိုင်တယ်"

"ဟုတ်တယ်ဆရာကြီး သူကြီးက သူတို့ရွာကို တခြားသိုက်တူးတဲ့လူတွေ မလာရဘူးလို့ တားမြစ်ထားပေမယ့် အဲဒီလူတွေကို အိမ်မှာခေါ်ထားပုံထောက်တော့ တစ်ခုခုအကြံအစည်ရှိတဲ့ပုံပဲ"

"ဒါတော့ သူတို့အကြောင်းပဲပေါ့ မောင်ထင်ကျော်ရယ်၊ ကျုပ်တို့အနေနဲ့လည်း ဒီကိစ္စကိုလုပ်တဲ့နေရာမှာတော့ သိသိဖို့လိုတယ်၊ သူတို့သိသွားရင် အန္တရာယ်အနှောင့်အယှက်တွေ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်တယ်"

"သူ့အခြေအနေကရော ပြန်ကောင်းနိုင်ပါ့မလား"

"ဆေးတစ်ခွက်တိုက်ပြီးပြီဆိုတော့ ပြန်ကောင်းသွားမှာပါ၊ ညရောက်ရင်တော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တွေ့လို့ရရင် တွေ့ရမယ်"

ဟုပြောသည်။

ညနေပိုင်းအချိန်ရောက်တော့ ဖိုးခင်မှာ အိပ်ပျော်နေရာမှပြန်နိုးလာသည်။

လည်ပင်းမှာပေါ်နေသော လက်ဝါးချောင်းရာများ ပျောက်သွားပြီး အခြေအနေမှာလည်း ပုံမှန်အခြေအနေပြန်ဖြစ်သွားလေသည်။

ဆရာကြီး သူရဋ္ဌက အခြေအနေအချို့ကို ပြောပြလိုက်သောအခါ များစွာကျေးဇူးတင်နေဟန်ရှိသည်။

"ကျေး. . ကျေးဇူးတင်ပါတယ်ဆရာကြီးရယ်"

"ကဲ. . ကျေးဇူးတင်ရင် မင်းတွေ့ခဲ့ရ မြင်ခဲ့ရတာတွေကို ပြောပြပါ"

"ပြောလို့မဖြစ်ဘူးထင်တယ် ဟိုလူတွေကိုပြောပြမိလို့ လည်ပင်းညှစ်တာခံရပြီးပြီ"

"ငါတို့ကိုပြောလို့ဘာမှမဖြစ်စေရပါဘူးကွယ်"

"ဆရာကြီးတို့က သိုက်ဆရာတွေလားဟင်"

"ငါတို့က ဥစ္စာရှာဖွေနေတဲ့ သိုက်ဆရာတွေ မဟုတ်ပါဘူး"





ထိုသို့ပြောတော့မှ အနည်းငယ်စိတ်သက်သက်ရာရသွားဟန်ဖြင့် သူကြုံတွေ့ရသောအဖြစ်အပျက်များကို ပြန်ပြောပြသည်။

ထိုအကြောင်းအရာများမှာ ဒေါက်တာမင်းထင်ကျော်ကို မြသင်းကြူပြောပြခဲ့သည့် အကြောင်းအရာများပင်ဖြစ်သည်။

"ကျွန်တော်လှေဝဲမိပြီး ဂူကြီးတစ်ဂူထဲကို ရောက်သွားခဲ့တဲ့ အဲဒီဂူထဲမှာ ကြောက်စရာကောင်းတဲ့ဘီလူးကြီးတွေ သရဲသဘက်တွေလည်းရှိတယ်၊ ရွှေငွေရတနာတွေလည်း အများကြီးတွေ့ခဲ့ရတယ်၊ နောက်ပြီး ရွှေကလပ်ပေါ်မှာတင်ထားတဲ့ သပိတ်တစ်လုံးလည်းတွေ့ခဲ့ရတယ် အဲဒီသပိတ်ထဲမှာ ပတ္တမြားတွေအပြည့်ရှိတယ်"

ထိုစကားကြားသောအခါ ဆရာကြီး သူရဋ္ဌရော ဒေါက်တာမင်းထင်ကျော်ပါ ကျေနပ်သွားကြလေသည်။

"မင်းဘယ်လိုကြောင့် ပြန်လွတ်လာတာလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"အဲဒီဂူထဲမှာ မိန်းမတစ်ယောက်တွေ့ခဲ့ရတယ်၊ သူ့ကို သူ့ရဲ့သဘက်တွေ ဘီလူးတွေကပါ ကြောက်ရွံ့ကြတယ်၊ သူ ပြန်လွှတ်ပေးလို့ အသက်မသေဘဲ ပြန်ထွက်လာနိုင်တာ"

"မင်းကို ဘာတွေမှာလိုက်သေးသလဲ"

"အဲဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောရဘူးလို့မှာလိုက်ပါတယ်"

"အဲသည်လိုမှာလိုက်ရင် နောက်ဘယ်သူကမှမေးမေး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်းတွေကို မပြောမိအောင် ထိန်းထားပေါ့ကွာ”

“မပြောဝံ့တော့ပါဘူး၊ အခုတောင်ဆရာကြီးတို့မို့ ပြန်ပြောတာပါ”

“ဒီလိုလုပ်ပါ နောက်ထပ်ဒီရက်ထဲမှာ မင်းကိုဘယ်သူကမှ လာပြီး နှောင့်ယှက်လို့မရအောင် ဘုန်းကြီးကျောင်းသွားပြီး ဘုန်းကြီးဝတ်နေတာ ပိုကောင်းတယ်”

“ဆရာကြီးတို့ ဝတ်ပေးရင် ဝတ်ပါ့မယ်”

ဟုပြောလေသည်။

ဖိုးခင်၏ မိဘများကလည်း သားဖြစ်သူ ကျန်းမာရေး ပြန်ကောင်းလာသည်ကိုတွေ့ရသဖြင့် ဝမ်းသာနေကာဒေါက်တာ မင်းထင်ကျော်တို့နှင့် ထည့်လိုက်သဖြင့် နံ့သာကုန်းရွာမှ ပြန်ထွက်ခဲ့ကြသည်။

ရွှေညောင်ပင်ရွာသို့ ရောက်သောအခါ ဦးဇန်ကောင်းကို အကျိုးအကြောင်းပြောပြကာ သူနေသော ကျောင်းသို့ခေါ်သွားကာ ဖိုးခင်ကိုရဟန်းဝတ်ပေးလိုက်ကြသည်။

“ဖိုးခင်ဆီက ဘာတွေသိခဲ့ရပြီလည်း မောင်ထင်ကျော်”

“ပတ္တမြားသပိတ်တော် ရှိတယ်ဆိုတာတော့ သေချာသွားပြီ၊ ဖိုးခင် တွေ့လာခဲ့ရတယ်”

“ဘယ်နေရာမှာလဲ”

“ပလ္လင်မှော်ဝဲနားမှာပဲ ရှိမယ်ထင်တယ်၊ သူပြောတာတော့ ပလ္လင်မှော်ဘုရားအောက်က လိုဏ်ခေါင်းထဲမှာတွေ့ခဲ့ရတယ်လို့ ပြောတယ်၊ ဦးဇန်ကောင်းဆီမှာရှိတဲ့ ကြေးပုရပိုက်အ





ညွှန်းအတိုင်း ကြိုးစားရှာကြတာပေါ့”

“ဒီအတိုင်း ရှာနေရင် ခရီးကြာမယ်၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ပင့်ဖိတ်ခေါ်ပြီး မေးကြည့်ရင် ပိုကောင်းမယ်ထင်တယ်”

“ဒါလည်းကောင်းတာပဲ ဘုမ္မိယပုဂ္ဂိုလ်တွေဆိုတာ သူတို့နဲ့သက်ဆိုင်တာတွေကို သူတို့သဘောတူရင် အလွယ်တကူရနိုင်ပေမယ့် သဘောမတူရင်တော့ ဘေးအန္တရာယ်တွေနဲ့ တွေ့နိုင်တယ်”

ဟု ပြောဆိုတိုင်ပင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

# ရှုကွက်စိုးဘဝ ရောက်နေသောသူ

ဒေါက်တာမင်းထင်ကျော် ဆရာကြီးသူရရှု၊ ဦးဇန်ကောင်းနှင့်ကျွန်ုပ်တို့လေးယောက်သည် ဦးစွာပလ္လင်မြှော်ဝဲရှိသော နေရာသို့သွားကြသည်။

ထိုနေရာမှာတော့ ထူးထူးခြားခြား မတွေ့ရပေ။

သို့ကြောင့် ကမ်းပါးပေါ်မှာရှိသော စေတီရှိရာသို့ တက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးမှာ မြင့်မားရုံမက မတ်စောက်လှသောကြောင့် အပေါ်ရောက်အောင် ခက်ခက်ခဲခဲ တက်ကြရလေသည်။ ထိုနေရာမှာ လူသူအရောက်အပေါက်နည်းသောကြောင့် သီးသန့်ပြုလုပ်ထားသော လမ်းမရှိသောကြောင့် အဆင်ပြေသလိုတက်ကြရသည်။

အပေါ်ရောက်သွားသောအခါ ချုံနွယ်ပိတ်ပေါင်းများစွာတို့အပြင် မြင့်မားသောသစ်ပင်ကြီးများကို တွေ့ရလေသည်။

ဘုရားပတ်ဝန်းကျင်တစ်ဝိုက်မှာပင် ချုံနွယ်ပိတ်ပေါင်းများရှိနေသည်။

စေတီမှာ ကိုးတောင်ပြည့်စေတီဖြစ်ပြီး ယခင်ကထုံးသကန်းကပ်ထားသော်လည်း ယခုတော့ ပြုပြင်မည့်သူမရှိသောကြောင့် ရေညှိရေမှော်များ တက်နေသည်။ အချို့နေရာများမှာအုတ်ချပ်များပင် ကွာကျနေသည်။

ဘုရားအနီးဝန်းကျင်တစ်ဝိုက်မှာတော့ လူတစ်ရပ်မြင့်သော ဆူးချုံများက ပိတ်ဆီးနေသည်။

ယခုအခြေအနေဖြင့် ဘုရားရှိရာသို့ အရောက်သွားဖို့ပင်မလွယ်တော့ပေ။

"အခြေအနေကြည့်ရတာတော့ ဒီနေရာကို လူသူအရောက်အပေါက်ရှိပုံမရဘူး၊ ကဲကျုပ်တို့ အယူအဆမှန်မမှန်သိရအောင် သစ်ပင်ကြီးတွေကို အရင်ရှာကြည့်ကြရအောင်"

ဟုပြောပြီးဘုရားအနီးဝန်းကျင်မှပင် အရင်ရှာကြည့်ကြသည်။ ထိုနေရာတစ်ဝိုက်မှာလည်း မြင့်မားသော သစ်ပင်ကြီး





အချို့ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော်က သူတို့ရောက်နေသော နေရာကို ကြည့်တော့ အနောက်ဘက်အရပ်ဖြစ်သည်။

သို့ကြောင့် ကြာသပတေးနံနှင့်သက်ဆိုင်သော အပင်ကြီးမျိုးကို ရှာရမည်ဖြစ်သည်။

ဥပမာ ကြာသပတေးနံပါသော သစ်ပင်အမျိုးအစားများစွာရှိသော်လည်း နှစ်ပေါင်းများစွာကြာအောင် သက်တမ်းရှည်သည့် သစ်ပင်မျိုးတော့မဟုတ်ပေ။

ကြာသပတေးနံတွင် (ပဖဗဘမ)စသော အက္ခရာများပါလေရာ ပေါက်ပင်၊ မရမ်းပင် စသော အပင်များကို ယေဘုယျကြာသပတေးနံပါသော သစ်ပင်ဟု ယူဆလျှင်ရနိုင်သော်လည်း သက်တမ်းရှည်သော အပင်ကြီးမျိုးတော့ မဟုတ်ပေ။

ကမ္ဘာတည်သရွေ့အသက်ရှည်သော သစ်ပင်ကြီးများကို ရေးသားကြရာတွင်. . ကုက္ကိုပင်၊ ဇမ္ဗူသပြေပင်၊ ဗောဓိညောင်ပင်၊ ကသစ်ပင်၊ အင်ကြင်းပင်၊ လက်ပံပင်၊ သရက်ပင်၊ ထိန်ပင်၊ မဟော်ဂနီပင် စသော သစ်ပင်ကြီးများပါသည်။

ထို့နောက်မှာတော့ အခြားသက်တမ်း ရှည်သောသစ်ပင်ကြီးများ ရှိကြလေသည်။ ဒေါက်တာမင်းထင်ကျော်က အနီးတစ်ဝိုက်မှာရှိသော သက်တမ်းရင့် အပင်ကြီးများကို လိုက်ကြည့်ရာ ကမ်းနှင့်မနီးမဝေးနေရာတွင် မဟော်ဂနီပင်ကြီးကို တွေ့ရလေသည်။

"ဆရာကြီး ဒီမှာ မဟော်ဂနီပင်ကို တွေ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လှမ်းပြောသဖြင့် အားလုံးအနီးသို့သွားကြည့်သောအခါ သက်တမ်းရင့်လှပြီဖြစ်သော မဟော်ဂနီပင်ကြီးတစ်ပင်ကို တွေ့ကြရသည်။

ထိုအပင်ကို တွေ့သောအခါ ဆရာကြီး သူရဇ္ဇက သူရေးထားသော ဗေဒင်ဇယားကွက်ထဲမှ ကြာသပတေးနံဂြိုဟ်ကွက်ထဲသို့ အမှန်ခြစ်ထားလိုက်သည်။

"သူနဲ့အနီးဆုံးနေရာမှာ စနေဂြိုဟ်ကွက်ရှိတယ် ဒီတော့တောင်ဘက်ကိုသွားပြီး ရှာကြည့်သေးတာပေါ့"

"ဇယားကွက်ထဲမှာ ဆရာကြီးရေးထားတဲ့ သစ်ပင်နာမည်က ဘယ်လိုတဲ့လဲ"

"လောလောဆယ် ထိန်ပင်လို့ ရေးထားတယ်၊ ဟုတ်မဟုတ်တော့ ရှာကြည့်မှသိရမှာပဲ"

ဟုပြောပြီး တောင်ဘက်သို့နေရာရွှေ့ပြီး နေရာအနှံ့လိုက်ရှာသော်လည်း ထိန်ပင်တစ်ပင်မှ မတွေ့ရပေ။

"ထိန်ပင်တော့မတွေ့ရဘူး၊ ဒီအပင်များ ဖြစ်နိုင်မလားပဲ"

ကျွန်ုပ်ကလှမ်းပြောလိုက်သဖြင့် ကျန်သုံးယောက်က အနားလာကြည့်ကြသည်။

"ဒါ. . နွယ်နီနတ်ပန်းပင်ပဲ၊ မဥ္စူပင်လို့လည်း ခေါ်ကြတယ်၊ နွယ်နီနတ်ပန်းဆိုတော့ စနေနံနဲ့သက်ဆိုင်တဲ့ အပင်မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပေါ့ နွယ်နီနတ်ပန်းပင်လည်း ကမ္ဘာဦးသစ်





ပင်အမျိုးအစားမှာ ပါတာပဲ၊ ဒီအပင်ပဲဖြစ်ဖို့များတယ်"

ထိုသို့ပြောပြီး ဆရာကြီး သူရဇ္ဇက သူရေးထားသောဇယားကွက်၏ စနေနံအကွက်တွင် ရေးထည့်ထားသော ထိန်ပင်ကိုဖျက်ပြီး နွယ်နီနတ်ပန်းပင် ဟုရေးထည့်လိုက်သည်။

"ကိုင်း. . မဟော်ဂနီနဲ့နွယ်နီပင် တွေ့ရပြီဆိုတော့ ဦးဇန်ကောင်း ပုရပိုက်မှာပါတဲ့ အညွှန်းစာတွေဟာ ဖြစ်နိုင်ခြေများလာပြီပေါ့၊ ကိုင်း. . ဆက်ပြီး ကြိုးစားကြည့်ရအောင်"

"စနေအရပ်နဲ့ အနီးဆုံးနေရာမှာ ဗုဒ္ဓဟူးမှာရှိတယ်၊ ဆက်ရှာကြည့်ရအောင်"

ထိုသို့ ပြောပြီး ရှာဖွေကြရာ ထိုနေရာနှင့်မနီးမဝေးနေရာတွင် အထိကရ လက်ပံပင်ကြီး တစ်ပင်ကို တွေ့ကြရလေရာ ၎င်းတို့ယူဆသည့်အတိုင်း မှန်ကန်နေသည်ကိုတွေ့ကြရသဖြင့် အားရှိလာကြလေသည်။

သို့နောက်မှာတော့ မြောက်ဘက်အရပ်သို့ သွားရောက်ရှာဖွေကြရာ သရက်ပင်ကို မတွေ့ရဘဲ သပြေပင်ကြီးတစ်ပင်ကိုသာ တွေ့ကြရသည်။

သို့ကြောင့် ဆရာကြီး သူရဇ္ဇက သူ့ဇယားကွက်ထဲမှာ သရက်ပင်အစား၊ သပြေပင်ဟုရေးထည့်လိုက်သည်။


မင်္ဂလာတရားတော်ထဲမှာပါသော သင့်တင့်လျောက်ပတ်ဆိုသော စကားအမိပ္ပါယ်အတိုင်း သစ်ပင်ကြီးလေးပင်ကို တွေ့ရပြီဖြစ်သောကြောင့် ဇယားကွက်မှာ အောက်ပါအတိုင်း ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com






“ဇယားကွက်ကတော့ ပေါ်လာပြီ၊ ကြေးပုရပိုက်အညွှန်းအတိုင်းဆိုရင် ဒီဇယားကွက်အလယ်နေရာမှာ ပတ္တမြားသပိတ်တော်မြှုတ်ထားခဲ့တယ်ဆိုတာ သေချာတယ်”

ဟုဆရာကြီး သူရန္တကပြောသည်။

ကြည့်လိုက်တော့ သစ်ပင်ကြီးလေးပင်ရှိနေသောနေရာ၏ အလယ်ခေါင်မှာ အတော်ကျယ်ဝန်းလှသည်။ တစ်ပင်နှင့်တစ်ပင် သစ်ပင်အဖျားများကို မြင်နိုင်လောက်သောအနေအထားမျိုးသာရှိသည်။ အလယ်နေရာမှာလည်း အခြားသစ်ပင်များရှိနေသည့်အပြင် ချုံနွယ်ပိတ်ပေါင်းများနှင့် ဆူးချုံများကလည်း နေရာလပ်မရှိအောင် ဖုံးအုပ်လျက်ရှိနေသည်။

“ဒါပေမယ့် မြေကွက်က ကျယ်လေတော့ ဘယ်နေရာမှာရှိတယ်ဆိုတာတော့ သေသေချာချာသိအောင်ကြိုးစားရမယ်”

“မှတ်တမ်းဟောင်းတွေထဲမှာ ဦးဝေလဟာ သူရလာတဲ့ပတ္တမြားတွေကို ကုသလရွာနဲ့ မနီးမဝေးမှာရှိတဲ့ ညောင်ပင်ကြီးတစ်ပင်အောက်မှာ မြှုပ်ထားတယ်လို့တွေ့ရတယ်၊ ပတ္တမြားတွေသွားယူတော့ ညောင်ပင်စောင့်ရုက္ခစိုးနတ်ကြီးကတောင် ကိုယ်





ထင်ပြပြီး တားသေးတယ်လို့တွေ့ရတယ်”

“ဒါပြင် အရင်က ဒီနေရာတစ်ဝိုက်မှာ ညောင်ပင်ကြီးတစ်ပင်ရှိခဲ့တာ သေချာတယ်၊ နှစ်ပေါင်းများစွာကြာလို့ ပျောက်သွားတာဖြစ်မယ်”

“ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“ညအချိန်ထိစောင့်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ပင့်ခေါ်ကြည့်ရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ သူတို့ဆီကသိရမှ ဆက်လုပ်တာပိုကောင်းမယ်”

ဟု ပြောဆိုတိုင်ပင်ပြီး သပြေပင်ကြီးအောက်မှာပင် ဝင်ရောက်နားနေကြလေသည်။

ညဦးပိုင်းအချိန် ရောက်သောအခါ ဆရာကြီး သူရန္တက ပြုလုပ်ရမည့်ကိစ္စများကို စတင်ပြုလုပ်လေသည်။ ကျွန်ုပ်အပါအဝင် ကျန်သုံးယောက်ကတော့ ဆရာကြီးစေခိုင်းသမျှ ဝိုင်းဝန်းလုပ်ပေးကြရသည်။

ဆရာကြီးက ကျွန်ုပ်တို့ရှိသောနေရာတစ်ဝိုက်ကို စည်းချခြင်း၊ ဂါထာမန္တန်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်လေသည်။

ထို့ပြင် ပတ်ဝန်းကျင်မှာရှိသော. . မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်တို့အား မေတ္တာပို့အမျှဝေခြင်းများ ပြုလုပ်လေသည်။

ညဦးပိုင်းအချိန်ရောက်တော့ လရောင်က ရှိနေသောကြောင့် ပတ်ဝန်းကျင်မှာ အလင်းရောင်ရလာလေသည်။

ထိုနေရာတစ်ဝိုက်သည် လူသွားလူလာမရှိသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တိတ်ဆိတ်နေသည်။ သို့သော် သစ်ပင်ချုံနွယ်များ ထူထပ်သောကြောင့် မြွေတွန်သံများနှင့် အခြားတိရစ္ဆာန်များ အော်သံကိုတော့ ကြားကြရသည်။

ခဏကြာတော့ မြွေတွန်သံများ အဆက်မပြတ်ကြားလာရပြီး သစ်ပင်များကြားမှ ထိုးထွက်လာသော အသံများကို ကြားရသည်။ ကြားရသောအသံများမှာ အပေါ်ပိုင်းမှကြားရခြင်း မဟုတ်ဘဲ မြေပြင်မှ ရှပ်တိုက်လာသောအသံများဖြစ်သည်။

ဆရာကြီး သူရဋ္ဌ ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့မှာ ထိုအတွေ့အကြုံမျိုး တွေ့ကြုံဖူးကြသည်မို့ ထွေထွေထူးထူး ကြောက်ရွံ့ခြင်းတော့ မဖြစ်မိတော့ပေ။

ကပ္ပိယကြီး ဦးဗန်ကောင်းကြည့်တော့လည်း စိုးရိမ်ထိတ်လန့်သော အမူအရာမျိုး မတွေ့ရပေ။

ခဏကြာတော့ ချုံများနောက်မှ မြွေကြီးသုံးကောင် တပြိုင်နက်တည်း ထွက်လာကြသည်။

အလုံးအရွယ်အစားအတော်ကြီးပြီး ဦးခေါင်းထိပ်မှာ အမောက်ပါသော မြွေပြိတ္တာမျိုးဖြစ်သည်။

"ဒါသာမန်ရိုးရိုးမြွေတွေမဖြစ်နိုင်ဘူး၊ ဘာမှမကြောက်ကြနဲ့"

ဟု ဆရာကြီးသူရဋ္ဌက တိုးတိုးပြောသည်။

မြွေကြီးသုံးကောင်က တစ်နေရာစီမှ ထွက်လာကြသော်လည်း ကျွန်ုပ်တို့ရှိရာသို့ ဦးတည်လာနေကြခြင်းဖြစ်သည်။ စည်းဝိုင်းနားရောက်တော ရှေ့တိုးမလာဘဲ ရပ်တံ့သွားကာ တဖြည်း





ဖြည်းနှင့် ပါးပျဉ်းထောင်ထလိုက်ရာ လူတစ်ရပ်ကျော်သည်အထိ မြင့်တက်သွားသည်။ ပါးပျဉ်းတွေကလည်းကြီးလှသည်။

အကယ်၍သာ မိုးပြီးပေါက်ချလိုက်မည်ဆိုပါက စည်းဝိုင်းအတွင်းမှလူများ လွတ်စရာအကြောင်းမရှိနိုင်ပေ။ သို့သော်လည်း ပေါက်ချခြင်းမပြုဘဲ ပါးပျဉ်းများကိုယိမ်းထိုးနေလေသည်။

ထိုအခါ ဆရာကြီးသူရဋ္ဌ မျက်စိမှိတ်ကာ ဂါထာမန္တန်များ ရေရွတ်နေသည်။ အတန်ကြာသောအခါ မြွေကြီးသုံးကောင်မှာ ပါးပျဉ်းသိမ်းပြီး လာလမ်းအတိုင်း ပြန်လှည့်သွားကြလေသည်။

ထိုအခါမှပင် သက်ပြင်းချနိုင်တော့သည်။ သို့သော်လည်း ထိုမျှနှင့် ပြီးမသွားပေ။ ဒီတစ်ကြိမ်မှာတော့ ပတ်ဝန်းကျင်သစ်ပင်များအပေါ်မှ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် သရဲသဘက်များ ဆင်းလာပြီး အနီးသို့လာကာ ခြောက်လှန့်ကြပြန်လေသည်။ အပုပ်နံ့များပေးခြင်း၊ မျက်လုံးပြူးပြခြင်း၊ လျှာထုတ်ပြခြင်း၊ သွားနှင့်အစွယ်များပေါ်အောင် ပါးစပ်ကြီးများဖြဲပြခြင်း၊ လက်တံရှည်ကြီးများဖြင့် လှမ်းဆွဲရန်ပြင်ခြင်းများဖြင့် အမျိုးမျိုး ခြောက်လှန့်ကြသည်။

သဘက်ကြီးများမှာ ကြီးမားသောနားရွက်ကြီးများကို ဆင်နားရွက်ကဲ့သို့ တဖျပ်ဖျပ်ခတ်ကာ စည်းဝိုင်းအနီးမှ ဆောင့်ကြောင့် ထိုင်လျက်လာကြည့်နေရာ စည်းတစ်ခုက ခြားနေသဖြင့် အတိုင်းသားမြင်နေရသည်။

ခေါင်းကြီးကြီး ကိုယ်လုံးသေးသေးနှင့် မျှင်[illegible]လေး



www.burmeseclassic.com

www.burmeseclassic.com



များကတော့ စည်းဝိုင်းကိုပတ်ပြေးနေကြသောကြောင့် ၄င်းတို့ကိုကြည့်ရသည်ကပင် ခေါင်းမူးစရာဖြစ်နေတော့သည်။

အတန်ကြာသော မနီးမဝေးမှာရှိသော ထိန်ပင်ပေါ်မှ အရပ်အမောင်းမြင့်လှသော သရဲတစ်ကောင် ဇောက်ထိုးဆင်းလာနေသည်ကို လရောင်ဖြင့် ဝိုးတဝါးလှမ်းမြင်ရသည်။ သူက အောက်ရောက်လာသောအခါ ခေါင်းတစ်လုံးကို ပခုံးမှာထမ်းပြီး ပြေးလာသည်။ မနီးမဝေးရောက်သောအခါ ထမ်းလာသော ခေါင်းဖြင့် လှမ်းပစ်လိုက်သည်။

"ဝှီး"

ခေါင်းက ကျွန်ုပ်တို့တည့်တည့်သို့ဝဲလာပြီးမှ မရောက်ပဲ စည်းအစပ်နားမှာ ပြုတ်ကျသွားသည်။

"ဘုန်း"

မိမိတို့ထံမရောက်လာသဖြင့် စိတ်သက်သာရရသွားရုံရှိသေးသည် နောက်ထပ် ခေါင်းတစ်လုံးဖြင့် ပစ်ပေါက်ပြန်သည်။ စည်းအစပ်မှာပင် ပြုတ်ကျသွားပြန်သည်။ နောက်တစ်လုံးဖြင့်ပစ်ရန် ပြင်နေစဉ်မှာတော့ မနီးမဝေးမှ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးကြီးတစ်ယောက် ထွက်လာလေသည်။

ဖြူဖွေးနေသော ဆံပင်များကို ဦးခေါင်းထိပ်ပေါ်မှ ထုံးထားပြီး တောင်ဝှေးတစ်ချောင်းကိုင်ထားသည်။ မနီးမဝေးရောက်လာသောအခါ ဦးဇန်ကောင်းက တိုးတိုးပြောသည်။

"ကျုပ်ကို ကြေးပုရပိုက်လာပေးသွားတာ အဲဒီအဘိုးကြီးပဲ"





ထိုအဘိုးကြီးရောက်လာပြီး. . .

"ဟဲ့. . မိစ္ဆာကောင်တွေ ကိုယ့်နေရာကိုယ်ပြန်သွားကြစမ်း"

ဟု တောင်ဝှေးဖြင့် ဝှေ့ယမ်း၍ပြောလိုက်ရာ စောစောက ခြောက်လှန့်နေကြသော မိစ္ဆာများမှာ ပျောက်ကွယ်သွားကြလေတော့သည်။

ထိုအခါမှ အဘိုးကြီးက စည်းဝိုင်းအနီး၌ ရပ်ပြီးမေးသည်။

"ဘယ်လိုအကြောင်းကိစ္စများ ရှိလို့ပါလဲ"

"ပတ္တမြားသပိတ်တော်နဲ့သက်ဆိုင်တဲ့ ပုဂ္ဂိုလ်လား"

"မှန်ပါတယ် ပတ္တမြားသပိတ်တော်က ကျုပ်ပိုင်ဆိုင်တဲ့ပစ္စည်းပါပဲ"

"အဘိုးက ဘယ်သူပါလဲ"

"ရှင်ရာဟုလာဘဝက ဦးဝေလဆိုတဲ့ လူတစ်ယောက်ဘဝကို ရောက်ခဲ့တာကျုပ်ပါပဲ"

ထိုစကားကြားသောအခါ များစွာအံ့ဩသွားကြပြီး လက်အုပ်ချီလျက် ရှိခိုးလိုက်ကြသည်။

စိတ်ထဲမှာလည်း လွန်ခဲ့သောနှစ်ပေါင်း (၈၀၀)ကျော်အချိန်အခါက ပိဋကတ်စာပေများကို တတ်ကျွမ်းခဲ့သောရဟန်းတစ်ပါးကို ပြန်လည်ဖူးတွေ့ရသကဲ့သို့ ခံစားရသည်။

"အခုလို ကာယကံရှင်နဲ့ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ဘယ်လိုကြောင့် ဒီဘဝရောက်နေတာပါလဲ၊ လေ့မှော[illegible]ပြီး ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားခဲ့တာလား"

"ဝမိပြီး လေ့မှောက်တော့ ဘရဏီတစ်ယောက်ပဲ သေသွားခဲ့ပြီး ကျုပ်ကတော့ သေကံမရောက်လို့ လွတ်မြောက်ခဲ့ပါတယ်၊ ဒါကြောင့် ပတ္တမြားတွေကို တခြားနေရာကိုရွှေ့ပြောင်းထားခဲ့တယ်၊ နောက်ပိုင်း ရဟန်းဘဝနဲ့ဘယ်သူမှ မသိအောင်တောထဲမှာ သွားနေပါသေးတယ်"

"နောက်တော့ ဘယ်လိုဖြစ်ခဲ့တာလဲ"

"တောထဲမှာ ရဟန်းဘဝနဲ့ နေပေမယ့် ပတ္တမြားတွေကို စိတ်မဖြောင့်တာနဲ့ တရားအလုပ်မလုပ်နိုင်ခဲ့ပါဘူး၊ ဒါကြောင့် ပျံလွန်တော်မူပြီးတဲ့နောက်မှာ ရုက္ခစိုးဘဝရောက်နေခဲ့ရတာပါပဲ"

"အခုလိုကြားရတာ စိတ်မကောင်းပါဘူး"

"ဒါကတော့ ကံစီမံရာအတိုင်းပဲပေါ့လေ"

"ဒါထက် ကျုပ်ကို ကြေးပုရပိုက်လာပေးသွားသေးတာ ဘယ်လိုကြောင့်ပါလဲ"

"ဒီပတ္တမြားတွေကို ဒီအတိုင်းထားဖို့ မဟုတ်ပါဘူး၊ သာသနာပြုလုပ်ငန်းတွေ ပေါ်ပေါက်လာရင် သုံးစွဲရမှာဖြစ်ပါတယ်၊ လောလောဆယ် ကျုပ်ကို အကူအညီပေးနိုင်တာ မိတ်ဆွေတို့ပဲရှိပါတယ်၊ ဒါကြောင့် အကြောင်းတိုက်ဆိုင်ရင် ရှာဖွေလို့လွယ်အောင် ကြိုတင်ပြီး လာပေးထားတာပါ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဘယ်လိုအကူအညီ ပေးစေချင်ပါသလဲ"

"ပတ္တမြားတွေရရင် ဒီနေရာတစ်ဝိုက်မှာစေတီတစ်ဆူ





တည်ပေးပါ၊ ပတ္တမြားစေတီတော်လို့ ဘွဲ့အမည်ပေးပါ၊ ပတ္တမြားတွေကိုလည်း အချို့ဌာပနာထည့်ပေးပါ"

"ကောင်းပါပြီ ဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်ပေးပါ့မယ်"

"နောက်ပိုင်းမှာ ငလျင်တွေအန္တရာယ်ကြောင့် ပုဂံမှာ ဘုရားစေတီတွေ ပြိုကျပျက်စီးပါလိမ့်မည်၊ အဲဒီအခါကျရင်လည်း ပတ္တမြားတွေကိုရောင်းချပြီး တတ်နိုင်သလောက် ပြုပြင်ပေးပါ"

ထိုအချိန်က ပုဂံငလျင်လှုပ်သည်ဆိုသော်လည်း ပြင်းပြင်းထန်ထန်တော့ မရှိသေးပေ။

သက္ကရာဇ် (၁၂၀၀)ပြည့်နှစ်တွင် တစ်ကြိမ်လှုပ်သော်လည်း အပျက်အစီးမများလှပေ။ ခေတ်အဆက်ဆက်တွင် ပုဂံငလျင် လှုပ်ခဲ့သော်လည်း (၁၉၇၅) ခု ဇူလိုင်လ(၈)ရက်နေ့ ညနေပိုင်းအချိန်တွင် လှုပ်ခဲ့သောပုဂံငလျင်လောက် မပြင်းထန်ခဲ့ပေ။

ထိုငလျင်ကြောင့် ပုဂံမြေမှာရှိသော ဘုရားစေတီတိုင်းအနည်းနှင့်အများ ပျက်စီးခဲ့ကြသည်။

"နောက်ပိုင်းနှစ်အတော်ကြာတဲ့ ပုဂံမှာ ကြီးစွာသောငလျင်ကြီး လှုပ်ပါလိမ့်မယ်၊ အဲဒီအခါ ဘုရားပြိုဘုရားပျက်တွေအများ ကြီးရှိလာလိမ့်မယ်၊ ပြုပြင်ပေးပါ"

ရုက္ခစိုးနှင့်တွေ့သောအချိန်မှာ (၁၉၅၁)ခုနှစ်ဝန်းကျင်ဖြစ်သည်။ နောင်ထပ်နှစ်ပေါင်း (၂၅)နှစ်ကြာမှ ပုဂံငလျင်ကြီးလှုပ်ခဲ့ခြင်း ဖြစ်ပေသည်။

"ကောင်းပါပြီ ကျွန်တော်တို့နဲ့ ကြုံကြိုက်ရင် ဆန္ဒရှိတဲ့အတိုင်း တတ်နိုင်သမျှ ပြုပြင်ဆောင်ရွက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"ဒါထက် ပတ္တမြားတွေရှိတဲ့နေရာကို ဘယ်လိုရောက်အောင် သွားရပ့ါမလဲ"

"မကြာခင်သက်ဆိုင်ရာပုဂ္ဂိုလ်တွေရောက်လာပြီး အကူအညီပေးပါလိမ့်မယ်"

ဟု ပြောဆိုကာ အမှောင်ရိပ်အတွင်းသို့ ပြန်လည်ဝင်ရောက်ကာ ပျောက်ကွယ်သွားလေတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ကျန်ရစ်ခဲ့လေသည်။





## အခန်း (၁၅)

# ပလ္လင်မှော်တိုက်အတွင်းမှ ပတ္တမြားသပိတ်တော်

နောက်တစ်နေ့ညအချိန်ရောက်သောအခါ ထိုနေရာမှာပင် သွားစောင့်ကြလေသည်။

ဆရာကြီးသူရဇ္ဇကာစည်းချထားပြီး ပုတီးစိပ်နေလေသည်။ ကျွန်ုပ်တို့သုံးယောက်ကလည်း ငြိမ်သက်စွာထိုင်နေကြသည်။

ထိုသို့ထိုင်နေရင်းမှပင် မနေ့ညကကဲ့သို့ ခြောက်လှန့်



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်မည့် မိစ္ဆာများ ရောက်လာကြလေဦးမည်လားဟု ပတ်ဝန်းကျင်ကို ကြည့်ကြရသည်။

သို့သော်လည်း ထိုညအဖို့တော့ ဘာမှထူးခြားမှုမတွေ့ရပဲ ပတ်ဝန်းကျင်မှာ ငြိမ်သက်လျက်ရှိနေသည်။

သစ်ပင်ကြီးများကြားမှ လရောင်ကဖြာကျနေရာ. . . ပတ်ဝန်းကျင်ကို အတန်အသင့်မြင်ရလေသည်။

ကျွန်ုပ်တို့ရောက်နေသောနေရာနှင့် မနီးမဝေးမှာကွက်လပ်တစ်ခုရှိပြီး ထိုကွက်လပ်နေရာမှာတောင်ကုန်းသဏ္ဌာန်ဖြစ်ပေါ်နေသည်။

ညဥ့်နက်ပိုင်းရောက်လာသောအခါ ထိုနေရာမှ မီးခိုးငွေ့ငွေ့ကလေးများ ထွက်လာသည်။

မီးခိုးများထွက်လာသောအခါ ဆရာကြီးသူရဇ္ဇက တိုးတိုးပြောသည်။

"သူတို့ရဲ့ မူလရုပ်တွေပြတော့မယ်. . . မီးခိုးငွေ့တွေထွက်နေတဲ့နေရာကို အာရုံပြုပြီးကြည့်ကြပါ. . ."

ထိုသို့ပြောသဖြင့် မီးခိုးများစိမ့်ထွက်နေသော တောင်ကုန်းနေရာကို မျက်တောင်မခတ်ပဲနှင့် လှမ်းကြည့်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုကဲ့သို့သောအတွေ့အကြုံမျိုး ကြုံတွေ့ခဲ့ဖူးသောကြောင့် မီးခိုးထွက်နေသောနေရာမှာ သက်ဆိုင်သောနေရာဖြစ်မည်ဟု ခန့်မှန်းမိလေသည်။

အတန်ကြာတော့ မီးခိုးငွေ့များပိုများလာပြီး ထိုနေရာတစ်ဝိုက်ကိုဘာမှ သဲသဲကွဲကွဲမမြင်ရတော့ပေ။





ကြည့်နေရင်းမှာပင် မီးခိုးငွေ့များကြားမှ ကြီးမားသောညောင်ပင်ကြီးတစ်ပင် ပေါ်လာလေသည်။

"ဟင်. . . ညောင်ပင်ကြီးပါလား. . ."

ကျွန်ုပ်ကအသံထွက်သွားရာ ဆရာကြီးသူရဇ္ဇက အသံမထွက်စေရန် ဟန်အမူအရာဖြင့် ပြလိုက်တော့မှ နောက်ထပ်အသံ မထွက်မိစေရန် သတိထားနေရတော့သည်။

မြင်နေရသောညောင်ပင်ကြီးမှာ စောစောကမြင်နေရသော ကွက်လပ်တစ်ခုလုံး ပြည့်နေလောက်အောင်ကြီးမားလှသည်။

ပင်စည်အလုံးအထည်ကြီးသလောက် အကိုင်းအခက်တို့ကလည်း ဝေဖြာလှသည်။

အရွက်များကလည်း နေပြောက်မထိုးအောင်ရှိနေသည်။

ခဏကြာတော့ ထိုနေရာသို့ လူတစ်ယောက်လျှောက်လာလေသည်။

ခေါင်းတုံးတုံးထားပြီး ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားသူဖြစ်သည်။

၄င်းလက်ထဲမှာ သပိတ်တစ်လုံးပိုက်လာလေသည်။

သပိတ်ထဲမှာ ဘာတွေပါလာသည်ကိုတော့ မမြင်ရပေ။

ထိုလူက သူယူလာသောသပိတ်ကို ညောင်ပင်ကြီးအောက်တစ်နေရာမှာ မြှုပ်နှံထားခဲ့ပြီး ထိုနေရာမှပြန်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် ထိုနေရာသို့ လူတစ်စုရောက်လာပြီး ညောင်ပင်အောက်တစ်ဝိုက်ကို တူးဆွရှာဖွေကြလေသည်။

ထိုသို့သဲကြီးမဲကြီးရှာဖွေနေစဉ် သစ်ပင်ပေါ်မှ မည်းမည်းသဏ္ဍာန်များဆင်းလာပြီး သတ်ဖြတ်ရာ သေသူသေပြီး ကျန်သူများက ထွက်ပြေးကြလေသည်။

နောက်တစ်ကြိမ်လည်း ထိုသို့လာရောက်ရှာဖွေကြရာ ညောင်ပင်မှာရှိနေသော ဘီလူး၊ သရဲသဘက်များ ဆင်းလာပြီး သတ်ဖြတ်သဖြင့် သေကြရပြန်လေသည်။

နောက်ပိုင်းမှာတော့ ညောင်ပင်ကြီးကိုအကိုင်းအခက်များခုတ်ကာ မီးရှို့လိုက်ကြလေသည်။

ညောင်ပင်ကြီးမရှိတော့သည့်အခါမှ လူအချို့ရောက်လာပြီး ထိုနေရာတစ်ဝိုက်ကိုမြေလှန်ပြီး တူးဆွရှာဖွေကြလေသည်၊

သို့သော်လည်း ပထမဆုံးလူလာရောက်မြှုပ်နှံထားသောသပိတ်ကိုတော့မရကြပေ. . .

နောက်ဆုံးဘယ်လိုမှ ရှာမတွေ့တော့မှ ထိုနေရာမှစိတ်ပျက်လက်ပျက်နှင့် ပြန်သွားကြလေတော့သည်။

ညောင်ပင်ကြီးမီးလောင်ပျက်စီးသွားသော်လည်း ထိုမှာနေသောဝိညာဉ်လောကသားများကတော့ ထိုနေရာတစ်ဝိုက်မှာကျန်ခဲ့လေသည်။

ၐင်းတို့မှာ ညောင်ပင်ကြီးကွယ်ပျောက်သွားပြီဖြစ်သော်လည်း ကျန်နေခဲ့ပြီး ကျွန်ုပ်တို့ရှိရာဘက်သို့ ဝိုင်းလာကြသည်။





မြင်နေရသည်။

စည်းဝိုင်း အစပ်နားအထိရောက်အောင်လာကြပြီးနောက် သဲကြီးမဲကြီး ခြောက်လှန့်ကြလေသည်။

ထိုသို့လာရောက်ခြောက်လှန့်ကြသော်လည်း ဆရာကြီးသူရဇ္ဇကတော့ဂရုမစိုက်ပဲ ပုတီးစိပ်နေရင်းနှင့် ဂါထာမန္တန်များကိုရွတ်ဖတ်နေလေသည်။

ထိုသို့ရွတ်ဖတ်နေသော်လည်း ထိုနေရာမှ ထွက်မသွားပဲစည်းဝိုင်းအတွင်းသို့ ဝင်ရောက်မလာသော်လည်း အပြင်မှ သဲကြီးမဲကြီး ခြောက်လှန့်ကြလေသည်။

ကျွန်ုပ်အဖို့မှာတော့ ပရလောကသားများနှင့်တွေ့ကြုံဖူးသော်လည်း ထိုကဲ့သို့အနီးကပ်မမြင်ဘူး မတွေ့ဘူးသောကြောင့် တအံ့တသြကြည့်နေမိလေသည်။

ဝိညာဉ်လောကထဲရောက်နေကြသော ပရလောကသားတိုင်း ဖန်ဆင်းထားခြင်းမရှိပဲ မူလရုပ်သွင်ကိုတွေ့မြင်ရပါက နှစ်လိုဖွယ်ရာ တစ်စက်ကလေးမှမရှိပေ။ ကြောက်စရာရွံစရာချည်းဖြစ်တော့သည်။

ထိုကဲ့သို့ မူလရုပ်သွင်အခြေအနေကကြောက်စရာရွံစရာ ကောင်းသောရုပ်များကို ကြောက်စရာကောင်းလောက်အောင် ပြုံးပြုပြသောအခါ ပို၍မသတီစရာဖြစ်သလို ကြောက်ရွံစရာလည်း ပိုကောင်းလာတော့သည်။

ကျွန်ုပ်တို့လေးယောက်မှာ စည်းဝိုင်းအတွင်းမှ သူတို့ခြောက်လှန့်သမျှကို ခံနေကြရပေရာ ဘယ်လိုမှမတတ်သာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသည်။

ထိုအခိုက်မှာပင်အမှောင်ရိပ်ထဲမှ အမျိုးသမီးငယ်တစ်ယောက်ထွက်လာပြီး စူးရှသောအသံဖြင့် ပြောလိုက်သည်။

"ဟဲ့ . . မိစ္ဆာကောင်တွေ ထွက်သွားကြစမ်း၊ သူတို့က လောဘစိတ်နဲ့ သိုက်တူးဖို့လာကြတဲ့သူတွေမှ မဟုတ်တာ၊ မိတ်ဆွေအဖြစ်နဲ့ အကူအညီပေးရအောင်လာတဲ့သူတွေကို ဒီလိုပဲ နှောင့်ယှက်ရသလား၊ အဝေးသွားကြစမ်း"

ဟု ပြောလိုက်ရာ အတော်များများမှာ ပျောက်သွားသော်လည်း အကောင်အရွယ်အစား ကြီးမားသောသရဲသဘက်သုံးကောင်ကတော့ ချက်ချင်းထွက် မသွားသေးပဲ . . ကျွန်ုပ်တို့ရှိရာနေရာကို လက်ညှိုးထိုးပြပြီး စူးစူးဝါးဝါးအသံကြီးများဖြင့် ပြောဆိုနေကြသေးသည်။

သူတို့အမူအရာကြည့်ရသည်မှာ အတော့်ကို ဒေါသဖြစ်နေဟန်ရှိကြသည်။

ထိုအခါအမျိုးသမီးကလက်ဖြင့် ဝေ့ရမ်းလိုက်သောအခါမှ နေရာမှပျောက်သွားကြလေသည်။

အမှောင်ရိပ်ထဲမှာမို့ သဲသဲကွဲကွဲ မမြင်လိုက်ရသော်လည်း ထိုနေရာမှ ပုတ်သင်ညိုသုံးကောင်ပြေးထွက်သွားကြလေသည်။

အန္တရာယ်များရှင်းသွားတော့မှ ထိုအမျိုးသမီးကစည်းဝိုင်းအစပ်နားအထိ တိုးလာပြီးပြောသည်။

"ကျွန်မနာမည်က ဘရဏီ လို့ခေါ်ပါတယ်ရှင် . . ."





"ဦးဝေလရဲ့ဇနီး ဘရဏီဆိုတာများလား"

"မှန်ပါတယ်ရှင်၊ သူနဲ့ရော တွေ့ကြရပြီးပြီထင်ပါတယ်"

"မနေ့ညက တွေ့ခဲ့ရပြီးပါပြီ . . ."

"ကျွန်မတို့အတွက် အကူအညီပေးဖို့ရောက်လာတာကို ကျေးဇူးလည်းတင်ပါတယ် . . ဝမ်းလည်းသာပါတယ်၊ အပြင်မှာဘာမှ အန္တရာယ်တွေမရှိတော့ပါဘူး၊ ကျွန်မတို့နေတဲ့နေရာကို သွားဖို့ အပြင်ကိုထွက်ခဲ့ကြပါရှင်"

ထိုသို့ပြောသဖြင့် ဘုရားတရားကိုအာရုံပြုပြီးအပြင်သို့ထွက်ကြလေသည်။

အပြင်သို့ရောက်တော့လည်း ဘယ်လိုအန္တရာယ်မှထပ်မတွေ့ကြရပေ။

ထို့နောက် ဘရဏီဆိုသောအမျိုးသမီးခေါ်ရာနောက်သို့ လိုက်သွားကြသည်။

စောစောက မီးခိုးများထွက်နေသောကွက်လပ်ရှိရာသို့ ခေါ်သွားကြရခြင်းဖြစ်သည်။

တောင်ကုန်းနေရာရောက်သွားတဲ့အထိ နောက်ထပ်အနှောင့်အယှက်မတွေ့ကြရပဲ ထိုနေရာသို့ရောက်သွားသောအခါ မြေအောက်သို့ဆင်းသော ကျောက်လှေကားထစ်များ တွေ့ကြရသည်။

အမျိုးသမီးက ထိုကျောက်လှေကားထစ်များအတိုင်း အောက်သို့ဆင်းသွားရာ နောက်မှလိုက်သွားကြသည်။

အောက်သို့ရောက်သောအခါ ပိတ်ထားသောကျောက်



www.burmeseclassic.com

www.burmeseclassic.com



လှေကားချပ်ကြီးကို တွေ့ကြရသည်။

တံခါးဝမှာစောင့်နေသော ဘီလူးတစ်ကောင်ကို တွေ့ရသော်လည်း မျက်လုံးပြူးကြီးဖြင့် ငုံ့ကြည့်နေရုံသာ ကြည့်နေကြသည်။

အမျိုးသမီးအနားရောက်သောအခါ ကျောက်တံခါးချပ်ကြီးနှစ်ချပ်က တကျွီကျွီနှင့် ဟသွားလေသည်။

ထိုဝင်ပေါက်မှ အတွင်းသို့ဝင်သွားကြပြီးသောအခါ ကျောက်တံခါးချပ်ကြီးက ပြန်ပိတ်သွားလေသည်။

ထို့နောက်မှာတော့ ဘရဏီဆိုသောအမျိုးသမီးက ကျွန်ုပ်တို့လေးယောက်ကို အတွင်းသို့ခေါ်သွားလေသည်။

အတွင်းပိုင်းမှာတော့ ကျယ်ဝန်းသောအခန်းကျယ်ကြီးတစ်ခုရှိပြီး အသုံးအဆောင်ပစ္စည်းများမှာ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည်။

ဘရဏီဆိုသောအမျိုးသမီး အခန်းတစ်ခုအတွင်းသို့ ခေါ်သွားပြီး အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံပြန်လေသည်။

ဆရာကြီးသူရဋ္ဌကိုယ်တိုင်က သံသယမရှိပဲစားသောက်သောအခါ ကျွန်ုပ်တို့လည်း သင့်လျော်သောအစားအသောက်အချို့ကို စားသောက်ကြရလေသည်။

စားသောက်ပြီးသောအခါ အခန်းထဲမှာရှိသောရွှေငွေရတနာပစ္စည်းများကို ပြသည်။

ကျွန်ုပ်တို့အနေဖြင့် စိတ်နှင့်ပင် မပစ်မှားမိအောင်ထိန်း





ကြရသည်။

တစ်နေရာရောက်တော့ စေတီတစ်ဆူတွေ့ရသည်။

"ဒါ . . ပတ္တမြားစေတီလို့ခေါ်ပါတယ်၊ ကြုံကြိုက်တုန်းဖူးကြပါ"

ဟု ပြောသဖြင့် ဖူးကြသည်။

ထိုနေရာမှ အခြားနေရာသို့ခေါ်သွားပြီး အခန်းတစ်ခုထဲမှာ သီးသန့်ထားသောအရာကို ပြသည်။

အခြားတော့မဟုတ်ပေ။

ရွှေကလပ်ပေါ်မှာ တင်ထားသော သပိတ်တစ်လုံးပင်ဖြစ်သည်။ သပိတ်တော်အတွင်းမှာတော့ အရွယ်အစားမျိုးစုံလှသော ပတ္တမြားများကို တွေ့ကြရသည်။

"ဒီပတ္တမြားတွေက ကျွန်မတို့ပိုင်ဆိုင်တဲ့ ပတ္တမြားတွေဖြစ်ပါတယ်၊ ရက္ခစိုးကြီးဆန္ဒရှိတဲ့အတိုင်းသာ ဆောင်ရွက်ပေးကြပါ"

"သူ့ဆန္ဒကတော့ ဒီနေရာတစ်ဝိုက်မှာ စေတီတစ်ဆူတည်ပေးဖို့ ပြောပါတယ်၊ ကျန်တာတွေကို ထိန်းသိမ်းထားပြီး နောက်တစ်ချိန် ပုဂံမှာ ငလျင်ကြီးစွာလှုပ်လို့ စေတီပုထိုးတွေပြိုကျပျက်စီးတဲ့အခါမှာ တတ်နိုင်သမျှ ပြုပြင်ပေးဖို့ မှာထားပါတယ်"

"ကောင်းပါပြီ. . ရှင် အဲဒီလို ပြုလုပ်ပြီးရင်သာ ကျွန်မတို့နှစ်ယောက်အတွက် အမျှအတန်းဝေပေးဖို့ မမေ့ပါနဲ့"

"ကောင်းပါပြီ ဆောင်ရွက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြင့် အပြင်ကိုပြန်ပို့ပေးပ့ါမယ်၊ သက်ဆိုင်သူတွေဆီမှာခွင့်တောင်းပြီး ပတ္တမြားတွေနဲ့ ရွှေငွေရတနာတွေ လာပို့ပေးပ့ါမယ်"

"ကောင်းပါပြီ"

ထို့နောက် သိုက်စောင့်ဘဝရောက်နေသော ဘရဏီက ကျွန်ုပ်တို့လေးယောက်ကို သိုက်အတွင်းသို့ လိုက်လံပြသပြီးနောက် အပြင်ရောက်အောင် ပြန်ပို့ပေးလေသည်။

ကျွန်ုပ်တို့လည်း ဦးဖိုးမျှင်တို့နေအိမ်သို့ ပြန်လာပြီးနောက် နားကြလေသည်။

ဦးဖိုးမျှင်နှင့်မြသင်းကြူတို့ မြေးအဘိုးကလည်း မအိပ်သေးဘဲ စောင့်နေကြရာ အကြောင်းစုံပြောပြလိုက်ကြလေသည်။

ထိုနေ့ညက မိုးလင်းကာနီးအချိန်မှ အိပ်ပျော်သွားကြလေသည်။ ထိုသို့ အိပ်ပျော်သွားစဉ် ဒေါက်တာမင်းထင်ကျော်မှာ အိပ်မက်တစ်ခု ထူးထူးဆန်းဆန်း မြင်မက်လေသည်။ အခြားမဟုတ်ပေ။ အိပ်မက်ထဲမှာ ရက္ခစိုးကြီးနှင့် ပြန်တွေ့ရပြီး သူကပြောသည်။

"ပလ္လင်မှော်ဝဲရဲ့ အစပ်နားမှာ သဲထဲမြုပ်နေတဲ့ လှေပျက်တစ်စင်းရှိပါတယ်၊ အဲဒီအထဲမှာ ပတ္တမြားနဲ့ရွှေငွေရတနာတွေ ထည့်ထားတဲ့ ရတနာထုပ် ထည့်ထားပါတယ်၊ အဲဒါကို ရှာဖွေယူပြီး အသုံးပြုလိုရာ ပြုပါ"

"ကျွန်တော်တို့ကို ဘာကြောင့် တစ်ခါတည်းလာမပေးတာပါပဲ"





"ကျုပ်တို့အနေနဲ့ ရတနာတွေ သက်ဆိုင်သူတွေဖြစ်ပေမယ့် ယခုအခါမှာတော့ စောင့်ရှောက်ပေးနေရတဲ့ သူတွေပဲမို့ ကိုယ့်သဘောနဲ့ကိုယ် ပေးချင်တဲ့သူတွေကို ပေးလို့မရပါဘူး"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသွားလေသည်။

"ဒါဖြင့် ဥစ္စာပစ္စည်းတွေကို စောင့်နေရတဲ့ ဥစ္စာစောင့်တွေက လူတွေကို ဥစ္စာပစ္စည်းတွေ ပေးချင်တိုင်းပေးလို့မရဘူးပေ့ါနော်"

"မရပါဘူး လူ့ဘဝမှာ ကိုယ်ပိုင်ဆိုင်တာတွေဖြစ်ခဲ့ပေမယ့် ဝိညာဉ်လောကသား ဘဝရောက်သွားရင် ပေးလို့မရပါဘူး၊ သူတို့သုံးစွဲခွင့်ရှိတဲ့ အနည်းငယ်လောက်သာ ပေးနိုင်ကြပါတယ်"

"ဒါဖြင့် များများရတဲ့ သူတွေကရော ဘယ်လိုနည်းနဲ့ ရကြတာလဲ"

"သူတို့အကူအညီပေးချင်တဲ့ သူတွေကို တခြားဘယ်သူမှမပိုင်မဆိုင်တဲ့ ရွှေငွေဥစ္စာရတနာတွေကို ညွှန်ပြပေးလို့ရကြတာပါ။ အခု ကျုပ်အနေနဲ့လည်း သပိတ်နဲ့ထည့်ထားတဲ့ ရတနာတွေကို လူ့ဘဝမှာပိုင်ဆိုင်ခဲ့ပေမယ့် အခုမပိုင်တော့ပါဘူး၊ စောင့်ရှောက်ပေးနေရတဲ့ ဘဝမျိုးပဲရှိပါတယ်၊ ဒါကြောင့် သိုက်ထဲမှာရှိနေတဲ့ ရတနာတွေကို မယူပေးနိုင်ပဲ တခြားပိုင်ရှင်မရှိတဲ့ ရတနာတွေရှိတဲ့နေရာကို ညွှန်ပြရပေးခြင်းဖြစ်ပါတယ်"

"ကောင်းပါပြီ အခုလို လာပြောတာ ကျေးဇူးတင်ပါတယ်၊ ရှာဖွေယူပြီး မှာကြားထားတဲ့အတိုင်း ကုသိုလ်ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြုလုပ်ပေးပါ့မယ်"

ဟု ကတိပေးလိုက်သောအခါ ကျေနပ်သောအမူအရာဖြင့် ပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ကျန်လူများကို အကျိုးအကြောင်းပြောပြကာ ပလ္လင်မော်ဝဲရှိရာဘက်သို့ ဆင်းလာကြလေသည်။

ထိုအခါ ဦးဖိုးမျှင်နဲ့မြသင်းကြူတို့ မြေအဘိုးလည်း အတူလိုက်လာကြလေသည်။ သူတို့တစ်တွေ အုပ်စုလိုက်ကြီး မြစ်ကမ်းဘက်သို့ ဆင်းလာကြသည်။ အခြားရွာသူရွာသားများ မြင်သောအခါ များစွာစိတ်ဝင်စားစွာကြည့်ကြသည်။

အချို့ကလည်း မျက်နှာလိုမျက်နှာရ သူကြီးဦးထွန်းခကို သွားပြောကြသည်။

"လူကြီးမင်း ဟို ဦးဖိုးမျှင်တို့အိမ်မှာ ရောက်နေတဲ့ ဧည့်သည်တွေ ပလ္လင်မော်ဝဲဘက် ဆင်းသွားတာတွေ့လိုက်ရသဗျ သူတို့နဲ့အတူ ဟိုမြေအဘိုးလည်းပါသွားကြတယ်. . ."

ထိုအခါ သူကြီးဦးထွန်းခက ၎င်းအိမ်မှာတည်းနေသော သံပချိုင်တို့ကို ပြောပြလိုက်ရာ. . . နောက်မှ လျှို့ဝှက်စွာဖြင့် မယောင်မလည်နှင့် လိုက်ကြည့်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ထိုအကြောင်းကို မသိကြပဲ သဲစပ်ရောက်အောင်ဆင်းသွားကြပြီး သဲပြင်အောက်မှာနစ်မြုပ်နေသောလှေကို လိုက်လံရှာဖွေကြလေသည်။

ထိုနေရာတစ်ဝိုက်တွင် သဲသောင်ပြင်ကျောက်တုံး





ကျောက်ခဲများနှင့် ကမ်းစပ်၌ ချုံနွယ်ပိတ်ပေါင်းများစွာ ထူထပ်စွာရှိကြလေသည်။

ထိုသို့လိုက်ရှာနေရင်း တစ်နေရာရောက်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ သဲပြင်အောက်မှ အစွန်းတစထွက်နေသော အရာတစ်ခုကို ခလုတ်တိုက်မိသဖြင့် ယိုင်ကျသွားသည်။

ကျောက်တုံးနှင့်တိုက်မိသည်အထင်နှင့် လှည့်ကြည့်လိုက်ရာ သဲပြင်ပေါ်မှာ တစ်စွန်းတစ်စထွက်နေသော အရာတစ်ခုကို သတိပြုမိသွားလေသည်။

ထိုအရာမှာကျောက်တုံးမဟုတ်ပေ. . .၊

သစ်သားငုတ်တစ်ခုပင်ဖြစ်၏။

သို့ကြောင့် အနီးသို့သွားကြည့်ရာ လှေဦးတုံးတစ်ခု ဖြစ်ကြောင်း သိရသဖြင့် ဝမ်းသာသွားလေသည်။

"ဒီမှာတွေ့ပြီ. . ."

အခြားသူများကိုပါ အကြောင်းကြားလိုက်သောအခါ အနားသို့ရောက်လာကြသည်။

လှေမှာ ဦးတုံးကလေးကအနည်းငယ်ပေါ်နေပြီး ကျန်တစ်စင်းလုံးကတော့ သဲပြင်အောက်ရောက်နေသည်။

ထို့ကြောင့် အားလုံးဝိုင်းပြီးသဲများကို တူးဆွယက်ပစ်ကြလေသည်။

ရေစိုနေသောသဲပြင်ဖြစ်သောကြောင့် ခက်ခက်ခဲခဲ တော့မတူးကြရပေ. . .။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင်တူးမိသောအခါ လှေတစ်စင်းလုံး အပေါ်ပိုင်းပေါ်လာပြီး လှေဝမ်းအလယ်တစ်နေရာမှာတော့ အဝတ်စတစ်ခုဖြင့်ထုပ်ထားသော ရတနာအိုးကို တွေ့ကြရလေတော့သည်။

အဝတ်စက ဆွေးမြေ့နေသော်လည်း အိုးကတော့ခြေရာလက်ရာမပျက်ပေ။

အတွင်းသို့ကြည့်သောအခါ ပတ္တမြားအချို့နှင့်ရွှေငွေရတနာပစ္စည်းအချို့ကို တွေ့ကြရလေတော့သည်။





# အခန်း (၁၉)

# ပျောက်ကွယ်သွားသော ရတနာများ

နောက်တစ်နေ့နံနက်စောစောအချိန်မှာပင် ဦးဖိုးမျှင်တို့အိမ်ရှေ့သို့ သူကြီးဦးထွန်းခခေါင်းဆောင်သော လူအချို့ရောက်လာကြသည်။

၄င်းတို့နှင့်အတူ သံပချိုင်တို့လည်းပါလာကြသည်။

“ခင်ဗျားတို့ကို ကျုပ်အတန်တန် သတိပေးထားတယ်၊ ဝတ္တရားရှိတဲ့အတိုင်းလည်း ပြောထားတယ်. . . ၊ ဒီနေ့ရာတစ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်မှာ သိုက်တူးဖော်ခွင့်မရှိပါဘူးလို့ ပြောထားပါရက်နဲ့ လုပ်ကြတယ်. . ."

ရောက်လာသည်နှင့် သူကြီးဦးထွန်းခက ဒေါသဖြစ်နေသောအသံဖြင့် ပြောလေသည်။

ထိုခေတ်အချိန်က ကျေးရွာများတွင် သူကြီးကဩဇာအာဏာအရှိဆုံးဖြစ်နေရာ သူ့ကိုပင်အားလုံးက ကြောက်ရွံ့နေကြသောအချိန်လည်းဖြစ်သည်။

အစိုးရနှင့်သက်ဆိုင်သောအုပ်ချုပ်သူများက ညောင်ဦးမြို့ပေါ်မှာသာ ရှိကြသဖြင့် ကျေးလက်တောရွာများမှာတော့ သူကြီး၏ ဩဇာအာဏာအတိုင်းသာ တည်ကြရသည်။

ထိုသို့မေးသောအခါ ဒေါက်တာမင်းထင်ကျော်ကပြောလိုက်သည်။

"ကျွန်တော်တို့က သိုက်တူးတဲ့သိုက်ဆရာတွေလည်းမဟုတ်ပါဘူး၊ သိုက်လည်းမတူးပါဘူး"

"ခင်ဗျားတို့ မနေ့က ပလ္လင်မော်ဝဲနားမှာ ဥစ္စာပစ္စည်းတွေရှာဖွေနေကြတာ ကျုပ်တို့မျက်စိနဲ့တွေ့ခဲ့ရပြီးပြီ. . . ခင်ဗျားတို့ တူးဖော်ရလာတဲ့ ဥစ္စာပစ္စည်းတွေကို ကျုပ်တို့လက်အပ်ပါ၊

ဒီနေရာတစ်ဝိုက်မှာရှိတဲ့ မြေပေါ်မြေအောက်က ရှာဖွေရတဲ့ ပစ္စည်းမှန်သမျှ အစိုးရမင်းတွေနဲ့ပဲ သက်ဆိုင်တယ်၊ ခင်ဗျားတို့ရလာတဲ့ ဥစ္စာပစ္စည်းတွေကို စာရင်းနဲ့တကွပြုစုရေးသားပြီး ညောင်ဦးမှာသွားအပ်ရမယ်"

ဟုပြောလေသည်။





"ကျုပ်တို့ရှာရတဲ့ပစ္စည်းတွေက ဘယ်သူ့ကိုမှအပ်ဖို့လည်းမဟုတ်ဘူး၊ ကျုပ်တို့လည်း သုံးဖို့မဟုတ်ပါဘူး၊ ဘုရားတည်ဖို့ပဲသုံးမှာပါ. . ."

"ဘာပဲဖြစ်ဖြစ်လေ. . ကျုပ်တို့အရပ်ဒေသမှာတော့ ဒီမှာရှိတဲ့ စည်းကမ်းအတိုင်းပဲလုပ်ရမှာပဲ"

ထိုသို့ပြောနေစဉ်မှာ သူကြီးနောက်မှပါလာသူများကတုတ်တပြက် ဓါးတပြက်ဖြစ်နေကြသောကြောင့် ဆရာကြီးသူရဋ္ဌက ဒေါက်တာမင်းထင်ကျော်အား နောက်ထပ်ဘာမှထပ်မပြောရန်ဝင်ပြောလိုက်ပြီး မနေ့ကကမ်းစပ်မှရလာသော အထုပ်ကိုသူကြီးလက်ကို အပ်လိုက်လေသည်။

သူကြီးကအိုးထဲမှ ပတ္တမြားနှင့်ရတနာပစ္စည်းများကိုစစ်ဆေးကြည့်ပြီး အဝတ်နှင့်ထုပ်ကာ ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ ဦးဇန်ကောင်းကဝင်ပြောလိုက်သည်။

"ဆရာကြီးက ပစ္စည်းတွေကိုဘာကြောင့်ထုတ်ပေးလိုက်ရတာလဲဗျာ. . ."

"ရန်မများချင်လို့ ပေးလိုက်တာပါဗျာ. ."

"ဒီလိုပေးလိုက်တော့ ကျုပ်တို့ကတိပေးထားခဲ့တဲ့အတိုင်း ဘုရားတည်ပေးဖို့ ဖြစ်ပါတော့မလား"

"စိတ်မပူပါနဲ့ ဖြစ်မှာပါ. . ."

"ဗျာ. . ဒီမှာဘာမှမကျန်ခဲ့တော့ပဲ. . ဘာနဲ့တည်ကြမှာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက စိတ်ပူပန်စွာပြောနေသော်လည်း ဆရာကြီးသူရဇ္ဇကတော့ ဘာမှစိုးရိမ်ပူပန်မှုမရှိသောဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက် သောက်နေရင်းမှ ပြန်ပြောလေသည်။

"ကျုပ်တို့ရှာဖွေရာတဲ့ပစ္စည်းတွေက ကျုပ်တို့သုံးစွဲဖို့ပေးလိုက်တာမဟုတ်သလို. . ဘယ်သူမှလည်း မတရားယူလို့မရပါဘူး၊ မကြာခင် ကျုပ်တို့လက်ထဲ ပြန်ရောက်လာမှာပါ. . ."

ထိုစကားကြားသောအခါ ဦးဗန်ကောင်းကဘာမှထပ်မပြောတော့ပေ၊

ကျွန်ုပ်တို့စိတ်ထဲမှာလည်း ထိုအခါမှပင် အနည်းငယ်ဘဝင်ကျသလို ဖြစ်သွားကြသည်။

နေ့လယ်ပိုင်းအချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော် ကမ်းစပ်ဘက်ဆင်းလာလေရာ မြသင်းကြူပါ လိုက်လာလေသည်။

"ရတနာပစ္စည်းတွေရဖို့ ခက်ခက်ခဲခဲကြိုးစားခဲ့ကြရပြီးမှ အခုလိုသူများက မတရားလာယူသွားတော့ အစ်ကိုစိတ်ထဲမှာ ဘယ်လိုခံစားရသလဲဟင်. . ."

"တကယ်တော့ အစ်ကိုတို့က ကြားထဲဝင်ပြီးဆောင်ရွက်ပေးကြရတာပါ. ., အခုလို မတရားလာလုပ်သွားတာတွေကို သက်ဆိုင်သူတွေက ဒီအတိုင်းကြည့်နေကြမှာ မဟုတ်ပါဘူး"

"ဒါတော့ ဒါပေါ့. . သူကြီးကလူတွေအပေါ်မှာ ဒီလိုပဲ မတရားလုပ်နေကြပဲ. . ဒါထက် အစ်ကိုတို့က ဒီရွာမှာဘုရားတည်ပြီးတဲ့အထိ နေကြမှာလားဟင်. ."





"ဒါပေါ့ မြသင်းကြူရဲ့, သူတို့ကို ကတိပေးထားပြီးမှတော့ ပြီးအောင်တည်ပေးသွားရမှာပေါ့. . ဘာလဲ. . မြသင်းကြူက အစ်ကိုတို့တစ်ဖွဲ့လုံး ဒီမှာအကြာကြီးလာတည်းနေလို့ အလုပ်တွေပျက်တာများလို့ စိတ်ညစ်နေပြီလား"

ဒေါက်တာမင်းထင်ကျော်က ပြုံး၍မေးလိုက်သည်။

"ဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူးအစ်ကိုရယ်. . အစ်ကိုတို့နေမယ်ဆိုရင် ဘယ်လောက်ပဲကြာကြာ ကျွန်မတို့အတွက် အနှောင့်အယှက်မရှိပါဘူး၊ ကျွန်မပန်းရောင်းမထွက်ပေမယ့် အစ်ကိုတို့က စားသောက်ဖို့ပေးထားတာ ပိုတောင်နေပါသေးတယ်. ."

ပွင့်ပွင့်လင်းလင်းပြောသော မြသင်းကြူစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာရယ်လိုက်လေသည်။

"အစ်ကိုက တမင်ပြောတာပါ. . . ဒါထက် မြသင်းကြူကိုပြောစရာရှိတယ်"

ထိုစကားကြောင့် မြသင်းကြူခမျာ ရင်ဖိုသွားပြီးမျက်လုံးအဝိုင်းသား ဖြစ်သွားလေသည်။

"ပြော. . . ပြောလေ အစ်ကို. ."

"တခြားတော့မဟုတ်ပါဘူး၊ မြသင်းကြူတို့မြေးအဘိုးနည်း ဒီရွာမှာနေရတာအားကိုးရာမဲ့ပြီး အဆင်မပြေကြတော့ အစ်ကိုတို့က တစ်လှည့်ပြန်ပြီး အကူအညီပေးဖို့ တိုင်ပင်ထားကြတယ်. . ."

"ဘယ်. . . ဘယ်လိုတိုင်ပင်ထားကြတာလဲဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ ဒီကပြန်ရင်. . မြသင်းကြူတို့မြေအဘိုးကို ပါ တစ်ပါတည်းခေါ်သွားကြဖို့ အစီအစဉ်ပါ. . ."

ထိုစကားကြားသောအခါ များစွာအံ့ဩသွားသည်။

အတန်ကြာမှ ဝမ်းသာသောအသံဖြင့်မေးသည်။

"တ. . တကယ်ပြောတာလား. . အစ်ကို"

"တကယ်ပြောတာပါ. . မြသင်းကြူတို့ကရော လိုက်ခဲ့ ကြမှာမဟုတ်လား"

"အမှန်အတိုင်းပြောရရင် ကျွန်မတို့မြေအဘိုးလည်း ဒီရွာဒီနေရာမှာ မနေချင်ပါဘူး၊ တခြားအားကိုးစရာမရှိလို့သာ နေရတာပါ၊ ဒါပေမယ့် ကျွန်မတို့အတွက် အစ်ကိုတို့ တာဝန်ပိုမှာ လည်းစိုးရိမ်မိပါတယ်"

"ဒီအတွက်တော့ဘာမှစိုးရိမ်ပူပန်မနေပါနဲ့ ဟိုရောက် ရင်အားလုံးအဆင်ပြေအောင်လို့ ဆရာကြီးတို့နဲ့ တိုင်ပင်ထားပြီး ပါပြီ"

"ဒီလိုဆိုရင်တော့ ကျေးဇူးတင်ပါတယ်အစ်ကိုရယ်၊ ဟို ရောက်တဲ့အခါ ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်ဖြစ် ကျွန်မနေနိုင်ပါ တယ်၊ ဒါ. . ဒါပေမယ့်. ."

"ဒါပေမယ့် ဘာဖြစ်သလဲဟင်"

"ကျွန်မတို့ရဲ့ဘဝနောက်ကြောင်းတွေကို တခြားသူတွေ သိသွားရင် အစ်ကိုတို့ ဂုဏ်သရေပျက်မှာပဲ စိုးလှပါတယ်. ."

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာရယ်လိုက် ပြီးမှပြန်ပြောလိုက်သည်။





"လောကမှာ ဟန်ဆောင်အရေခွံတွေ ခြုံထားတဲ့လူတွေ အများကြီးရှိပါတယ်၊ တခြားသူတွေကိုအထင်အမြင်သေး ကဲ့ရဲ့ ချင်တဲ့ လူတန်းစားတွေမှာ လူမသိအောင်ဖုံးကွယ်ထားရတဲ့အ ဖြစ်တွေ အများကြီးရှိပါတယ်၊ သူတို့ရဲ့အပြစ်တွေကို တချို့ကငွေ နဲ့ ဖုံးကွယ်ထားကြတယ်၊ တချို့ကျတော့ ဩဇာအာဏာနဲ့ကာ ကွယ်ထားကြလို့ တခြားသူတွေမသိနိုင်ကြတာပါ၊ အဲဒီလိုလူတွေ လောကမှာ အများကြီးရှိပါတယ်. . ."

ထိုသို့ပြောသောအခါ မြသင်းကြူတစ်ယောက်မျက်လုံး အဝိုင်းသားဖြင့် နားထောင်နေသည်။

"လောကမှာ အရေးကြီးဆုံးက ရိုးသားဖြူစင်ဖို့ပါပဲ. . အဲဒီလိုလူတွေဟာ လူဆင်းရဲပေမယ့်. . ဘဝမဆင်းရဲကြပါဘူး၊ ဘာမှအားငယ်စရာမလိုပါဘူး. . ."

"အစ်ကို့စကားကြားရတော့မှ ကျွန်မစိတ်ထဲမှာအားရှိ လာသလိုပဲ. . အစ်ကိုတို့ကို သိပ်ပြီးကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ ၄င်းတို့ရှာဖွေရ ထားသော ရတနာပစ္စည်းများကို မတရားယူသွားခြင်းခံရသော် လည်း ဘာမှမထူးခြားသလို အေးအေးဆေးဆေးရှိနေကြသော် လည်း သူကြီးဦးထွန်းခ၊ သံပချိုင်တို့မှာတော့ များစွာဝမ်းမြောက် ဝမ်းသာ ဖြစ်နေကြသည်။

ထိုပစ္စည်းများကိုယူသွားပြီးနောက် သူကြီးကလုံခြုံသော နေရာမှာ သိမ်းထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေမှာ တစ်ကြိမ်တစ်ခါမှ ထိုမျှလောက်တန်ဖိုးကြီးသောရတနာများကို မတွေ့ဖူးသောကြောင့် ဘယ်လိုလုပ်ရမှန်း မသိအောင် တုန်လှုပ်ချောက်ချားနေကြသည်။

ရွာသူကြီးဦးထွန်းခက သူနှင့်အတူ တပည့်သုံးယောက်ရှိသည်။

သံပချိုင်က သူနှင့်အတူတပည့်သုံးယောက်ပါသဖြင့် စုစုပေါင်းရှစ်ယောက်ရှိသည်။

သူတို့အားလုံးမှာ မကြာခင်ချမ်းသာတော့မည်ဖြစ်သဖြင့် စိတ်လှုပ်ရှားနေကြလေသည်။

"သူကြီး ရတနာပစ္စည်းတွေက အိုးတစ်လုံးစာတောင်ဆိုတော့ မနည်းလှဘူးနော်"

"ဟုတ်တယ် အဲဒီမှာပါတဲ့ တခြားရွှေငွေတွေကိုဖယ်ထားလိုက်ဦး ပတ္တမြားတစ်လုံးရောင်းရတာနဲ့တင် ကျုပ်တို့အားလုံးချမ်းသာနိုင်တယ်"

"မင်းတို့ကလည်း တိုးတိုးပြောပါကွ. . သူများတွေ ကြားသွားပါဦးမယ်. ."

"မကြားပါဘူးဗျာ. . ဒါထက် ဒီပစ္စည်းတွေကို အစိုးရမင်းများဆီ သွားအပ်မယ်ပြောပြီး ယူလာခဲ့တာ မဟုတ်လား. . တကယ်သွားအပ်မှာလား"

"မအပ်ပါဘူးကွာ. . . ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို သွားအပ်ရင် အလကားဖြစ်သွားမှာပေါ့. ."

"ဒီလိုမအပ်ရင် သူတို့သိသွားရင် ဒီအတိုင်းငြိမ်နေပါ့





မလား၊ တော်ကြာ တိုင်လားတောလားလုပ်နေမှ သူကြီးရာထူးပြုတ်နေဦးမယ်"

"ဒီလောက်မစိုးရိမ်ရဘူးကွာ. . ထွန်းခတို့ကမပိုင်ရင် ဘာမှမလုပ်ပါဘူး၊ သက်ဆိုင်ရာလူတွေ ရောက်လာတော့လည်း အဆင်ပြေအောင်ကြည့်ပြောပြီး သင့်တော်သလောက်ပေးလိုက်ရင်ပြီးသွားတာပါပဲ. ."

"ဒါဖြင့်လည်းပြီးရောဗျာ. . ဒါထက် ဒီရတနာတွေက ကျုပ်တို့နဲ့လည်းဆိုင်တာဆိုတော့ တစ်ဝက်ပေးမှာမဟုတ်လား၊ တစ်ဝက်မှမရရင်တော့ ကျုပ်တို့ကကျေနပ်မှာမဟုတ်ဘူး"

သံပချိုင့်က စကားကိုတိုတိုတုတ်တုတ် ပြောလိုက်ရာ ဦးထွန်းခမျက်နှာကြီးမှာ အကြည့်ရဆိုးလောက်အောင် ရှုံ့တွသွားလေသည်။

"မင်းကလည်းကွာ. . တစ်ယောက်အကြောင်းတစ်ယောက်သိနေတဲ့ လူအချင်းချင်းတွေ ဒီလိုပြောစရာလိုလို့လား၊ မင်းတို့အဖွဲ့ ဓားပြတိုက်တဲ့အမှုတွေမှာ ကြားထဲကငါဝင်ပြီး အကာအကွယ်ပေးခဲ့တာတွေ များလှပြီ၊ ငါဝင်ပေးတိုင်းလည်း လွတ်တာချည်းပဲ မဟုတ်လား"

ဦးထွန်းခက ဆေးပြင်းလိပ်တိုကို မီးညှိဖွာရင်းပြောလိုက်ရာ သံပချိုင်ကလည်း မျက်နှာမဲ့သွားလေသည်။

"ဒီလိုအကာအကွယ်ပေးတာ အလကား ဝင်လုပ်ပေးတာမှ မဟုတ်တာ. . ကျုပ်တို့ရလာတဲ့ပစ္စည်းတွေကို သင့်သလိုခွဲဝေပေးနေရတာလည်း ထည့်ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေရာ နံဘေးကတစ်ယောက်ကဝင်ပြော လိုက်သည်။

"ကဲ. . တော်ကြပါတော့ဗျာ၊ ခင်ဗျားတို့အချင်းချင်း စကားနိုင်လုနေကြတာ သူများတွေ မတော်တဆကြားသွားပြီး အမှုဟောင်းတွေ ပြန်ပေါ်လာသလို ကျုပ်တို့ပါ ထောင်နန်းစံနေ ရပါဦးမယ်. . ."

ထိုသို့ဝင်ပြောမှ ရပ်သွားကြသည်။

"ကျုပ်အထင်ပြောရရင် ဟိုလူတွေက လူညံ့တွေ လူအ တွေမဟုတ်ဘူး၊ တော်ကြာ သက်ဆိုင်ရာသွားပြောလို့ လိုက်လာ ရင် အားလုံးရှုပ်ကုန်လိမ့်မယ်. . "

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"အချိန်ရှိတုန်း ခွဲစရာရှိတာခွဲယူပြီး ညတွင်းချင်းခြေရာ ဖျောက်သွားတာ ပိုပြီးစိတ်မချရပေဘူးလား၊ သူကြီးလည်းယူသင့် ယူထိုက်တာယူပြီး တစ်နေရာရှောင်နေရင် ပိုကောင်းမယ်"

"ဟုတ်တယ်. . စိန်လှပြောတာမှန်တယ်၊ ဒီညပဲခွဲယူပြီး ကျုပ်တို့သွားတော့မယ်. . ."

ဟု ဝိုင်းပြောသဖြင့် ဦးထွန်းခလည်း မငြင်းသာတော့ပဲ ၄င်းသိမ်းထားသောရတနာအိုးကို ပြန်ထုတ်ယူလာလေသည်။ ပြီးမှ အများရှေ့မှာချပြီး အဝတ်စကိုဖြေချလိုက်လေသည်။

လူရှစ်ယောက်၏မျက်လုံးများကတော့ ရတနာအိုးကို သာ ဝိုင်းကြည့်နေကြလေသည်။

အဝတ်စကိုဖြေပြီး အဖုံးကိုဖွင့်လိုက်သောအခါ ဝင်း





လက်တောက်ပြောင်သောအရာများကို တွေ့ရလိမ့်မည်ဟုမျှော် လင့်ထားသော်လည်းမတွေ့ရပေ. . .။

"ဟင်. . ."

မီးရောင်ဖြင့်ကြည့်လိုက်သောအခါ အိုးထဲတွင်ရတနာ ပစ္စည်းများမရှိတော့ပဲ မီးသွေးခဲတုံးများသာတွေ့ကြရတော့ သည်။

"ဟင်. . ဒါကဘယ်လိုဖြစ်တာလဲ"

"အိုးထဲကရတနာတွေ ဘယ်ရောက်သွားပြီလဲ. . "

"သူကြီး. . ခင်ဗျားဉာဏ်များမယ်မကြံနဲ့နော်၊ ကျုပ်တို့ က ဒီအတိုင်းသည်းခံနေမှာ မဟုတ်ဘူး"

"ဟုတ်တယ်. . . ရတနာတွေကို တွေ့ရပြီးမှ မရရင် တော့ အသက်ချင်းလဲရဖို့လည်း ဝန်လေးမှာမဟုတ်ဘူး"

ဟု ဝိုင်းဝန်းပြောကြလေသည်။

သူတို့စိတ်ထဲမှာ သူကြီးဦးထွန်းခ ဉာဏ်များပြီးဝှက်ထား သည် ဟုထင်နေကြသည်။

"မင်းတို့က ငါ့ကိုအထင်လွဲနေကြတယ်၊ ဒီအိုးကိုမင်းတို့ ရှေ့မှာပဲ ယူလာပြီးဖွင့်တာပဲ. ."

သူကြီးကလည်း ဒေါသတကြီးပြန်ပြောရာ စကားသံ များ ထွက်လာလေတော့သည်။

အချိန်ကလည်း ညဉ့်နက်ပိုင်းရောက်လာပြီဖြစ်သဖြင့် တိတ်ဆိတ်နေရာ ၄င်းတို့တစ်နေရာတည်း ကွက်ပြီးဆူညံနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် သူတို့ရှိနေသောနေရာသို့ အမျိုးသမီးတစ်ယောက်ရောက်လာသည်။

အသက် (၃၀)ကျော်အရွယ်ခန့်ရှိပြီး နက်မှောင်ရှည်လျားသောဆံပင်တို့ကို တစ်ပတ်လျှိုထုံးကာ ကျောဘက်သို့ချထားလေသည်။

သူမကအတွင်းသို့ဝင်မလာပဲ အပြင်ဘက်နားမှာရပ်နေရင်းမှလှမ်းပြောသည်။

"ရတနာပစ္စည်းတွေက သူတို့သုံးဖို့ပေးလိုက်တာမှ မဟုတ်တာ၊ ဘုရားတည်ဖို့ပေးလိုက်တာဆိုတော့ ရှင်တို့ မတရားသုံးချင်လို့လည်း ဘယ်ရပ့ါမလဲ"

ထိုစကားကြောင့် အံ့ဩသွားကြသည်။

"မင်းဘယ်သူလဲ"

"ငါဘယ်သူလဲဆိုတာ သိဖို့မလိုပါဘူး၊ ရှင်တို့သိထားဖို့က ရတနာပစ္စည်းတွေလိုချင်ရင် ဒီအတိုင်းအလကားတော့ဘယ်ရပ့ါမလဲ. . အကျိုးရှိတာပြန်လုပ်ပေးရမှာပေ့ါ"

"ငါတို့က ဘာပြန်လုပ်ပေးရမှာလဲ"

"ဘုရားတည်ပေးရမှာပေ့ါ"

"ငါတို့က အဲဒီအလုပ်တွေမှ မလုပ်တတ်တာ. . ဘယ်လိုလုပ်မလဲ"

"ကျွမ်းကျင်တဲ့သူတွေခေါ်ပြီလုပ်ရင်ရပါတယ်"

"ဒီလိုလုပ်ပေးမယ်ဆိုရင် ရတနာပစ္စည်းတွေပြန်ပေးမှာလား"





"ပေးပါတယ်. . ."

"ဒီလိုဆိုရင်မင်းပြောတဲ့အတိုင်း ဘုရားတည်ပေးပ့ါမယ်. . ရတနာတွေဘယ်မှာလဲ"

"ရတနာတွေက ငါသိမ်းထားလိုက်ပြီ. . လိုချင်ရင်တော့ ကျွန်မနောက်က လိုက်ခဲ့ကြပေတော့"

ဟုခေါ်လေရာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေသည်။

သံပချိုင်မှာလည်း ဆရာအမည်ခံထားသော်လည်း ပညာနှင့်ပတ်သက်ပြီး ဘာမှ မယ်မယ်ရရတတ်သူ မဟုတ်ပေ၊ သို့ကြောင့် ယခုကဲ့သို့ စွန့်စွန့်စားစားလိုက်ရမည် ဆိုသောအခါ အနည်းငယ်တွန့်သွားလေသည်။

သို့သော်. . လောဘဇောကလည်း တက်နေသည်ကတစ်ကြောင်း၊ ၄င်းအဖွဲ့မှာ လူအင်အားကလည်း တောင့်သောကြောင့် လိုက်သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၇)

# ပရလောကသားတို့ လှည့်စားမှုများ

လရောင်ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့်မြင်နိုင်လေသည်။ သစ်ပင်ကြီးများ အုံ့မှိုင်းနေသောနေရာမှ လွဲပြီး အချို့နေရာများမှာ အလင်းရောင်များရနေသည်။

မိန်းမပျိုတစ်ယောက်နှင့် လူရှစ်ယောက်တို့မှာ ကမ်းခြေဘက်သို့ ဦးတည်သွားနေကြလေသည်။ ကမ်းစပ်သို့ ရောက်သောအခါ ပလ္လင်မှော်ဝဲရှိသောနေရာဘက်သို့ သွားပြန်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သောင်ပြန့်ပေါ်ရောက်တော့ လရောင်က ပိုရလာသည်။

အလင်းရောင်ကြောင့် ဇတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မြင်လာရသဖြင့် လူအားလုံးမှာ အတန်အသင့် စိတ်သက်သာရာရသွားကြလေသည်။ ပလ္လင်မှော်ဝဲနေရာ ရောက်သောအခါ ရေနည်းနေချိန်ဖြစ်သောကြောင့် တစ်စွန်းတစ်စပေါ်နေသော ဂူပေါက်ဝကို တွေ့ကြရသည်။

သို့ကြောင့် ဦးထွန်းခကို တစ်ဖွဲ့လုံးအံ့ဩသွားကြသည်။ သူတို့သည် ထိုအရပ်မှာမွေး ထိုအရပ်မှာကြီးလာသူများဖြစ်သဖြင့် ထိုဂူပေါက်ဝကြီးရှိနေသည်ကိုတော့ ကြားဖူးကြသော်လည်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူးကြပေ။

ယခုကဲ့သို့ ထူးထူးခြားခြား တွေ့မြင်ရသောအခါ အံ့ဩနေကြလေသည်။ အချို့က ဧရာဝတီမြစ်ရေ နည်းလွန်းသောကြောင့် ယခုကဲ့သို့ ဂူပေါက်ဝကြီး ပေါ်လာသည်ဟုထင်သည်။

ထိုနေရာရောက်တော့ အမျိုးသမီးကရပ်ပြီးပြောသည်။

"ဒီဂူထဲမှာ ရှင်တို့လိုချင်တဲ့ ရတနာတွေလည်းရှိတယ်၊ ရှင်တို့လိုက်ရှာနေတဲ့ ပတ္တမြားသပိတ်တော်လည်းရှိတယ်"

"ဟင်. . မင်းက ဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ"

"ဒါက အရေးမကြီးပါဘူး ရတနာပစ္စည်းတွေယူပြီး. . ဘုရားတည်ပေးမယ်ဆိုရင် ငါနဲ့လိုက်ခဲ့ကြပေတော့"

"ဘာနဲ့ဝင်ကြမှာလဲ"

"လှေနဲ့ဝင်ကြမယ် ဟိုဘက်နားမှာလှေရှိတယ်"





ဟုပြောပြီးခေါ်သွားရာ ထိုနေရာနှင့် မနီးမဝေးရောက်သောအခါ လှေတစ်စင်းတွေ့ကြရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အမျိုးသမီးနှင့်အတူ လှေပေါ်တက်ကြတော့သည်။

လှေပေါ်မှာလည်း လှော်တက်များက အဆင်သင့်ရှိနေသောကြောင့် ကြိုးဖြုတ်ပြီး ဂူပေါက်အတွင်းသို့လှော်ဝင်သွားကြလေသည်။ အတွင်းပိုင်းရောက်သောအခါ ဂူမှာ အတန်အသင့်ကျယ်ဝန်းပြီး လှေတစ်စင်း ချောင်ချောင်ချိချိ ဝင်သွားနိုင်လောက်သောအနေအထားတွေ့ရသည်။

ဂူအတွင်းမှာ မှောင်နေသည်ဆိုသော်လည်း အတန်အသင့်အလင်းရောင်ရနေသည်။ အတန်ကြာအောင် ဝင်သွားသောအခါ ကျောက်လှေကားတစ်ခုဆီသို့ ရောက်သွားပြီး လှေကို ထိုနေရာ၌ ရပ်ကာ အပေါ်တက်ကြလေသည်။

အပေါ်ရောက်တော့ အမျိုးသမီးက အခန်းတစ်ခုအတွင်းသို့ ခေါ်သွားသည်။ ထိုအခန်းတွင်းရောက်သွားတော့မှ ပိုပြီးအံ့ဩဖွယ်ကောင်းသောမြင်ကွင်းကို တွေ့ရလေသည်။ အခြားမဟုတ်ပေ။ သေတ္တာများဖြင့်ထည့်ထားသော ရွှေငွေရတနာများအပြင် ရွှေကလပ်ပေါ်မှာတင်ထားသော ပတ္တမြားများထည့်ထားသည့် သပိတ်တစ်လုံးကိုလည်း တွေ့ရသည်။

"အဲဒါ ရှင်တို့ရှာနေတဲ့ ပတ္တမြားသပိတ်ပဲ"

"လောဘသားများမှာ တစ်သက်တစ်ခါ မြင်ရခဲသော ပတ္တမြားများထည့်ထားသည့်သပိတ်ကို မျက်လုံးအပြူးသားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။

"ဒါပေမယ့် ဒီပတ္တမြားတွေကတော့ ရှင်တို့ယူသွားလို့မရဘူး၊ ဘုရားတည်ဖို့အတွက်တော့ ဟိုအပေါ်မှာ တင်ထားတဲ့ အိုးကိုပဲ ပြန်ယူသွားကြပေတော့"

သူမညွှန်ပြသောအိုးမှာအခြားမဟုတ်ပေ။

သူတို့ယူလာသော ရတနာများထည့်ထားသောအိုးနှင့် အတူတူတစ်ပုံစံတည်းဖြစ်သည်။ အတွင်းမှာလည်း ပတ္တမြားနှင့် ရွှေငွေရတနာများ ရှိနေသည်။

"ဒီရတနာအိုးကိုယူသွားပြီး ဘုရားလှည်းတည်ပေးပါ။ ပိုတဲ့ ရတနာတွေလည်း သုံးစွဲနိုင်ပါတယ်"

ဟု ပေးလေရာ ဝမ်းသာအားရယူကာ လှေထဲသို့ ပြန်ဆင်းလာကြသည်။ အပြန်မှာတော့ အမျိုးသမီးက ပြန်မလိုက်တော့ဘဲ ကမ်းပေါ်မှာပင် ရပ်ကျန်ခဲ့လေသည်။

"ကံကောင်းလို့ ငါတို့ပျောက်သွားတဲ့ရတနာအိုးပြန်ရတာပဲ"

"ဟန်ကျတာပေါ့ဗျာ၊ ဒါထက် ဂူထဲမှာ ရွှေငွေရတနာတွေအများကြီးပဲနော်"

"ရတနာတွေတင် ဘယ်ကမလဲ ပတ္တမြားတွေပါ သပိတ်တစ်လုံးစာအပြည့်ပဲ၊ အဲဒီပတ္တမြားတွေသာ ရလိုက်ရင်တော့ ဒီတစ်သက်မပြောနဲ့ ဆယ်သက်သုံးရင်တော မကုန်တော့ဘူး"

"ရတနာတွေနဲ့ ပတ္တမြားတွေ ဘယ်နေရာမှာရှိနေမှန်း သိရပြီပဲ နောက်မှတစ်ခေါက်ပြန်လာပြီး ရအောင်ကြိုးစားကြ





သေးတာပေါ့"

"ဒါထက် ရတနာအိုးတော့ ပြန်ရလာပြီ သူပြောတဲ့အတိုင်း ဘုရားတော့ တည်ပေးရမှာပေါ့နော်"

"တည်ပေးရမှာပေါ့ကွာ ဒါပေမယ့် ကြီးကြီးမားမားတော့ ဘယ်ဟုတ်ပါ့မလဲ သာမန်ကိုးတောင်ပြည့် မြေစိုက်စေတီတစ်ဆူလောက်ပဲ တည်ပေးမှာပါ၊ ပိုတာတွေတော့ ငါတို့ခွဲယူကြတာပေါ့"

"သူကြီးကတော့ ဟန်ကျတာပဲ၊ သူဌေးဘွဲ့ရော ဘုရားဒါယကာဘွဲ့ပါ တစ်ခါတည်းရမယ့်ပုံပဲ"

ဟုပြောဆိုကာ လှေကို လှော်ပြီး အပြင်သို့ပြန်ထွက်လာလေသည်။ ဂူအတွင်းလမ်းတစ်လျှောက်မှာတော့ မည်သည့်အန္တရာယ်မှ မတွေ့ရပေ။

သို့သော် သူတို့တစ်တွေ လှေလှော်ထွက်ခဲ့ကြသည်မှာ အချိန်အတော်ကြာသော်လည်း ယခုအချိန်အထိ ဂူပေါက်ဝဆီသို့ မရောက်ကြသေးပေ။ ဂူပေါက်ဝကိုလည်း ရှာမတွေ့ကြသေးပေ။

"ငါတို့လာတုန်းက ဒီလောက်မကြာဘူးထင်ပါတယ် အခုပြန်ထွက်တော့ ကြာလှချည်လား"

"ဟုတ်တယ် ဂူလမ်းကြောင်း ကလည်းပိုပြီး ရှည်နေသလိုပဲ၊ လှေပေါ်မှာပါသော လူ ရှစ်ယောက်တို့မှာ ဂူပေါက်ဝသို့ မရောက်နိုင်သဖြင့် တစ်ယောက်ပြီးတစ်ယောက် လဲပြီးမှောဲနေသော်လည်း ဂူပေါက်ဝကိုတော့ ရှာမတွေ့ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဂူအတွင်းမှာ ရေကတဖြည်းဖြည်းတိုးလာချေပြီ။ ထိုကဲ့သို့ ရေတိုးလာသောကြောင့် လှေကဂူပေါက်အမိုးနှင့် တဖြည်းဖြည်းနီးလာသည်။

"ဟာ . . မြန်မြန်လုပ်ကြပါဟ မြန်မြန်လှော်ကြပါ၊ ရေတိုးလာတော့ ဂူပေါက်ပိတ်တော့မယ်"

"လှော်တာပဲဗျ၊ ဂူပေါက်ဝမှ အခုအချိန်ထိ မတွေ့ရသေးတာ"

"ဒီလိုဆိုရင်လည်း ရှေ့ကိုမလှော်ပဲ နောက်ကိုသာပြန်လှော်ပေတော့"

ထိုသို့ပြောသဖြင့် လှေကိုနောက်ဘက်သို့ ပြန်လှော်သွားရာ . . နောက်ဆုံး ကျောက်လှေကားများရှိသောနေရာသို့ ပြန်ရောက်သွားကြသည်။ ထိုနေရာပြန်ရောက်သွားတော့ ကျောက်လှေကားထစ်များကိုသာ ပြန်တွေ့ရသော်လည်း ကျောက်ဂူတံခါးပေါက်ကတော့ ပိတ်ထားလေပြီ။

ရေကလည်း တဖြည်းဖြည်း မြင့်တက်လာနေပြီဖြစ်ရာ ကျော်လှေကားထစ်များပင် တစ်ထစ်ပြီးတစ်ထစ် မြုပ်လာချေပြီ။ သံပချိုင်နှင့်ဦးထွန်းခတို့က အပေါ်ပြေးတက်သွားပြီး အော်ဟစ်ပြောဆိုကြသည်။

"တံခါးဖွင့်ပါဦးဗျို့ . . တံခါးဖွင့်ပေးပါဦး"

"ဘယ်သူတွေ လာအော်နေတာလဲ"

အတွင်ဘက်မှ အသံတစ်သံပေါ်ထွက်လာသည်။

"ကျုပ်တို့ပါဗျ စောစောက ဒီအထဲဝင်ခဲ့တဲ့သူတွေပါ တံ





ခါးမြန်မြန်ဖွင့်ပေးပါဗျ၊ ဂူထဲမှာ ရေတွေတက်လာနေလို့ပါ"

"ဒီနေရာက လူတိုင်းလာလို့မရဘူးကွ လာပြီးရင်လည်း ဘယ်သူမှ ပြန်ထွက်ခွင့်မရှိဘူး"

"ဒါပေမယ့် တံခါးတော့ ဖွင့်ပေးပါဗျာ၊ မဟုတ်ရင် ကျုပ်တို့ ရေနစ်လို့သေရပါတော့မယ်"

ပြောရင်းဆိုရင်း ရေကတဖြည်းဖြည်းတိုးလာရာ လှေကားထစ်များ ပြုတ်လာသည်။ လှေကားထစ်များ မြုပ်လာသဖြင့် သူတို့ စီးလာသော လှေလည်း ရေအောက်မြုပ်သွားချေပြီ။

ဂူပေါက်ဝမှာရပ်နေသော သူတို့အားလုံးမှာလည်း ဒူးဆစ်အထိ ရေရောက်လာသည်။

"တံခါးဖွင့်ပေးပါဗျ သေရပါတော့မယ်"

"မင်းတို့ဒီအထဲရောက်ပြီးရင် ပြန်ထွက်လို့မရတော့ဘူး အမြဲနေမယ်ဆိုရင် တံခါးဖွင့်ပေးမယ်"

"မြန်မြန်ဖွင့်ပေးပါဗျ၊ နေဆိုရင်လည်းနေပါ့မယ် အသေတော့မခံပါရစေနဲ့"

ထိုအခါ ကျောက်တံခါးအတွင်းမှ . . .

"ဒီမှာအမြဲနေမှာလား"

ဟူသော အသံသြသြကြီးဖြင့် သုံးကြိမ်သုံးခါ မေးရာ သံပချိုင်နှင့်သူကြီးဦးထွန်းခတို့မှာ ရေက လည်ပင်းအထိ ရောက်နေပြီဖြစ်သောကြောင့် "နေပါ့မယ်" ဟု ကတိပေးလိုက်ကြသည်။

"နေဆိုရင်လည်း နေပါ့မယ်ဗျာ၊ လောလောဆယ်တော့ မသေပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကတိပေးတော့မှ ကျောက်တံခါးချပ်ကြီးနှစ်ချပ်က ဟသွားလေသည်။

ထူးဆန်းသောအချက်မှာ. . .

ရေက ကျောက်တံခါးချပ်ထက်အပေါ်သို့ မြင့်တက်နေသော်လည်း အတွင်းသို့ စီးဝင်မသွားပဲ အပြင်မှာသာရှိနေခြင်းဖြစ်သည်။ သူတို့တစ်တွေလည်း ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ကျောက်တံခါးချပ်အတွင်းသို့ အလျှင်အမြန်ဝင်သွားကြလေသည်။

သူတို့အတွင်းရောက်သွားသည်နှင့် ကျောက်တံခါးချပ်ကြီးများက ပြန်ပိတ်သွားလေသည်။ ထိုအဖြစ်အပျက်များဖြစ်ပြီး နောက် ဦးထွန်းခတို့မှာ ရွာသို့ပြန်မရောက်လာတော့ပေ။ ရွာမှာကျန်ခဲ့သော မိသားစုများ၊ ဆွေမျိုးသားချင်းများကတော့ သတင်းမေးမြန်းကာလိုက်လံရှာဖွေကြသည်။ ထိုအခါ အချို့ကပြောသည်။

"မနေ့ညကတော့ သူတို့တစ်ဖွဲ့လုံးကို အမျိုးသမီးတစ်ယောက် လာခေါ်သွားတာ တွေ့လိုက်မိတယ်"

"သူတို့ဘယ်ဘက်ကို သွားကြတာမြင်လိုက်သလဲ"

"ကမ်းခြေဘက်ဆင်းသွားတာ မြင်လိုက်တယ်"

ဟု သတင်းရသဖြင့် ကမ်းခြေဘက်သို့ဆင်းပြီး နေရာအနှံ့ လိုက်လံရှာဖွေကြသည်။

ထိုအခါ ပလ္လင်မှော်ဝဲအနီး သောင်ပြင်ပေါ်မှာတော့ ခြေရာများကိုတွေ့ရသည်။ ခြေရာများမှာ ရေစပ်ဘက်သို့ဆင်းသွား





သောခြေရာများကိုသာ တွေ့ရပြီး ပြန်တက်လာသော ခြေရာများကိုတော့ မတွေ့ကြရပေ။

ထိုအခါ အတွေ့အကြုံရှိသော အဘိုးအိုတစ်ဦးကပြောသည်။

"သူတို့ အသက်ရှင်ရက်မရှိတော့ဘူး၊ သိုက်ကခေါ်သွားပြီလို့ ယူဆရတယ်"

"ဘယ် ဘယ်လိုကြောင့်လဲဟင်"

"အဆင်းခြေရာသာရှိပြီး ပြန်တက်တဲ့ခြေရာမှမရှိတာ ဒီလမ်းရောက်ဖို့ပဲရှိတာပေါ့"

ဟုပြောလေသည်။

နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ သက်ဆိုင်သူများကို အိပ်မက်ပေးလေသည်။

"ငါတို့ကို လိုက်မရှာနဲ့တော့၊ ငါတို့အားလုံး ပလ္လင်မှော်သိုက်ထဲကို ရောက်နေကြပြီ၊ ငါတို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေပြုပြီး အမျှအတန်းဝေပေးပါ"

အိပ်မက်ထဲမှာတွေ့လိုက်ရသော ပုံပန်းသဏ္ဌာန်များကတော့ မူလပုံသဏ္ဌာန်မျိုးမရှိကြတော့ဘဲ. . တစ္ဆေသရဲများပုံသဏ္ဌာန်မျိုး ဖြစ်နေတော့သည်။

ထိုကဲ့သို့ အိပ်မက်လာပေးသောကြောင့် ကျန်ခဲ့သော မိသားစုများက ဘုန်းကြီးများပင့်ပြီး အလှူအတန်းများပြုလုပ်ကာ အမျှအတန်းများ ဝေပေးလိုက်ကြသည်။ တိုက်တိုက်ဆိုင်ဆိုင် ဘုန်းကြီးများကြွလာသောအထဲတွင် အရှုံးဖိုးခင်ဘုန်းမှ ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ဘဝရောက်နေသော သူလည်း ပါလာလေသည်။

သူကတော့ ကြောက်စရာကောင်းလှသော လောကခံ အကြောင်းကို ကောင်းစွာသိခဲ့ရပြီဖြစ်သောကြောင့် ရဟန်းဘဝ မှာပင် ရာသက်ပန်နေသွားရန် ဆုံးဖြတ်မိလေတော့သည်။





# အခန်း (၁၈)

# ပတ္တမြားသပိတ်တော်စေတီတော်

BURMESE CLASSIC .com

တစ်ညသ၌ ဆရာကြီး သူရဇ္ဇတစ်ယောက်တည်း သစ်ပင်အောက်၌ ပုတီးစိပ်နေစဉ် ရက္ခစိုးကြီးရောက်လာလေသည်။ သူ့လက်ထဲမှာတော့ ရွှေငွေရတနာများ ထည့်ထားသော အိုးတစ်လုံးနှင့်ပုရပိုက်အချို့ပါလာသည်။ ဆရာကြီး သူရဇ္ဇက ပုတီးစိပ်ခြင်းကို ရပ်လိုက်တော့ လက်ထဲမှ အိုးကိုလှမ်းပေးသည်။

"ရတနာအိုး ပြန်ရလာပြီလား"

"ဟုတ်ပါတယ် သူတို့လက်ထဲရောက်သွားတာက မီး



www.burmeseclassic.com

www.burmeseclassic.com



သွေးအိုးပါ ဒီအိုးကမှ ရတနာအိုးအစစ်ဖြစ်ပါတယ်၊ ဒါကတော့ ရှေးဟောင်း ပညာရပ်တွေကို မှတ်သားထားတဲ့ ပုရပိုက်တွေဖြစ်ပါတယ်၊ ဒီအထဲမှာ ပြဒါးကိုပေါက်မြောက်အောင် စီရင်တဲ့ လျှို့ဝှက်နည်းတွေလည်း ပါပါတယ်၊ ပြဒါးစီရင်နည်းကိုတော့ ကပ္ပိယကြီးကို ပေးပါ၊ ကျုပ်က သူ့ကိုပေးပါ့မယ်လို့ ကတိပေးထားပြီးသားဖြစ်လို့ပါ"

"ကောင်းပါပြီ ပေးလိုက်ပါ့မယ်၊ ရက္ခစိုးကြီးပေးတဲ့ ရွှေငွေရတနာတွေကိုလည်း ကျုပ်တို့ကိုယ်ကျိုးအတွက် မသုံးပါဘူး၊ အရင်ကရှိခဲ့ဖူးတဲ့ ညောင်ပင်ကြီးနေရာမှာ ပတ္တမြားစေတီတော်တည်ပေးပါ့မယ်၊ ဒါ့အပြင် အခြားကုသိုလ်ကောင်းမှုတွေလည်း ပြုပြီး အမျှအတန်းဝေပေးပါ့မယ်"

"အခုလို ဆောင်ရွက်ပေးကြတာ ဝမ်းသာလှပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်"

"ပိုလျှံတဲ့ ရွှေငွေရတနာတွေကိုလည်း သိမ်းဆည်းထားပြီး ရက္ခစိုးကြီးပြောတဲ့အတိုင်း တစ်ချိန်မှာ ပုဂံလျှင်ကြီးလှူပ်လို့ ဘုရားပုထိုး၊ စေတီတွေပြိုကျပျက်စီးတဲ့အခါမှာလည်း တတ်နိုင်သလောက် ပြုပြင်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

"သာဓု၊ သာဓု၊ သာဓု"

ဟု ပြောပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။ ထို့နောက်မှာတော့ ရက္ခစိုးကြီးပေးသွားခဲ့သော ပုရပိုက်များထဲမှာ ပြဒါးစီရင်နည်းပါသော ပုရပိုက်အား ဦးဇန်ကောင်းအားပေးလိုက်ရာ များစွာဝမ်းမြောက်ဝမ်းသာ ရှိလေသည်။



BURMESE CLASSIC .com



နောက်ပိုင်းရက်မှာတော့ ရှေးဟောင်းသုတေသနဌာနမှ ဦးမင်းဟန်ကို အကြောင်းကြားလိုက်ရာ သူလည်းရောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်ရာ ၎င်းကလည်း များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ အခြားကိစ္စများပြီးသောအခါ မူလညောင်ပင်ကြီးရှိခဲ့သော နေရာတစ်ဝိုက်ကို ရှင်းလင်းပြီး ဘုရားတည်ကြလေသည်။

စေတီတော်ပြီးသောအခါ 'ပတ္တမြားစေတီတော်'ဟု အမည်ပေးခဲ့ကြသည်။

ဘုရားထီးတင်ပွဲနှင့် အလှူအတန်းများ ပြုလုပ်သောအခါ ညောင်ဦးမှာ အငြိမ့်ပွဲသွင်းပြီး ကျင်းပလေသည်။ ထိုပွဲသို့ ရပ်ဝေးရပ်နီးရှိရွာများမှ ပရိတ်သတ်များသာမက မျက်နှာစိမ်းဧည့်သည်များပါ လာရောက်ကြသည်။

အငြိမ့်စင်ပေါ်မှာ မင်းသမီးကနေသောအခါ အမှောင်ရိပ်တစ်နေရာမှ တစ်ကိုယ်လုံးအစိမ်းရောင်များဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် ကြည့်ရှုနေလေသည်။

အချို့ကတော့ ယခင်က ကချေသည်ဖြစ်ခဲ့ပြီး ယခုသိုက်စောင့်ဘဝရောက်နေသော ဘရဏီဖြစ်မည်ဟု ခန့်မှန်းပြောဆိုကြလေသည်။

ဟုတ်သည် မဟုတ်သည်ကတော့ ဉာဏ်တစ်ထွာတစ် ဘ်နှင့် လိုက်မမီနိုင်ကြပေ။ နောက်ဆုံးညမှာတော့ အငြိမ့်ကနေ မင်းသမီးကို အမျိုးသမီးတစ်ယောက်က စင်ပေါ်တက်ပြီး ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဒင်္ဂါးသုံးပြား ဆုချသွားရာ ထိုအရပ်ဒေသတွင် အံ့ဩမဆုံးဖြစ်ကာ ပြောမဆုံးနိုင်အောင် ဖြစ်ခဲ့ကြရသည်။

ထိုအကြောင်းကိုလည်း ပြောမဆုံးနိုင်အောင်ရှိကြလေသည်။ ကျွန်ုပ်တို့လည်း ကိစ္စများပြီးစီးအောင် ဆောင်ရွက်ပြီးသောအခါမှ ရန်ကုန်သို့ပြန်ခဲ့ကြလေသည်။

အပြန်မှာတော့ ဒေါက်တာမင်းထင်ကျော်က မြသင်းကြူတို့ မြေးအဘိုးကိုပါ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ကြလေသည်။ သူတို့နှစ်ယောက်မှာ အဆင်ပြေနေကြဟန် တူသော်လည်း ယခုတွင် ဇာတ်သိမ်းပိုင်းရေးရန် မသင့်သေးသောကြောင့် ကျွန်ုပ်ရေးသားသော "ပတ္တမြား သပိတ်တော်"အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သည်။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

# တြိသဝ်

☺ အောင်မြင်စာပေ ☺

